
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၁၂၀၂၀၈၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၂၅၀၀၄၀၈



**ထုတ်ဝေသူ**

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ အမှတ်(၁၆)၊
သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်သာလေးလမ်း၊
ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။ ၅၄၁၇၄၅၊ ၅၅၂၁၀၃၊
ထုတ်ဝေခြင်း - ၂၀၀၉ ခုနှစ်၊ (ဇန်နဝါရီလ)၊
အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်

အချစ်ဆိုတာ ရင်ခုန်ခံစားတတ်မှ
အချစ်ဖြစ်တယ်ဆိုရင်
အဲဒီအချစ်အကြောင်းကို
နားမလည်ချင်တော့ဘူး
မသိချင်တော့ဘူး၊
ဒါပေမယ့် စိတ်ထဲမှာတော့
"အချစ်" ဆိုတာ ရှိနေချင်တယ်။




# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com






## အခန်း(၁)

ကြောက်တယ်. . .

ဟုတ်တယ်. . .

မိန်းကလေး မဖြစ်ပါရစေနဲ့. . .

မိန်းမတို့ အိမ်ခြေ ရွှေပေးလို့မရဆိုတာတော့ မလွတ်လပ်။

ဆံပင်ကို အုန်းဆီထည့်ရ၊ သေသေသပ်သပ် ဖီးရ၊ စည်းရ၊ ကျစ်ရ၊ မျက်နှာသစ်ပြီးတာနှင့် သနပ်ခါးလိမ်းရ၊ မိတ်ကပ်ဖို့ရ။

ဤသို့မလုပ်လျှင်. . .

ဆံပင်စုတ်ဖွားနှင့် မဖီးနိုင် မလိမ်းနိုင်အောင် လင်သေလို့ အပူများနေတဲ့ လင်တရူး၊ စုန်းရူး၊ မပဋာမြေလူးမလို့ ဆိုကြတယ်။

အရေးထဲ ဖီးလိမ်းပြီး ပန်းလေးပန်မှ နန်းဆန်တော့ပါလို့



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပြောက်ပေးတဲ့လူက ရှိသေး။

နောက်. . ရှိသေးတယ်၊ မျက်လုံးပါလို့ ကြည့်ချင်တိုင်း ကြည့်လို့မရ။ ကိုယ်က သဘောရိုးနဲ့ ကြည့်တာကို ကိုရွှေယောကျ်ား သားတို့က သူတို့ကို အထာပေးတယ်လို့ မှတ်ယူပြီး အထင်စမောကြ သေးတယ်။

သွားရပြန်တော့လည်းကြည့်၊ ဆင်မယဉ်သာဟန်ကလေးနဲ့ လျှောက်ခိုင်းကြသေးတယ်၊ လျှောက်ပြန်တော့လည်း မော်ဒယ်ရှိုး လားလို့ နှိုင်းကြသေးတယ်၊ ဘယ်ဟာမှ မလွတ်လပ်။

ဝတ်ရတော့လည်း လည်ဟိုက်နေလျှင် မြင်မှာစိုးလို့ မဟိုက် အောင် ဖုံးရ၊ နောက်ပြီး. . အင်း. . ဖိရသေးတယ်၊ အို. . ထမီကို လည်း ခြေချင်းဝတ် မြုပ်အောင် ဝတ်ရလို့ အနားစတွေ ခြေခတ် ဒဏ်ကြောင့် စုတ်နေပြီ။

နောက်ပြီး ထဘီခါးပတ်ထောင်ကို ခါးအထိ ဆွဲပတ်မှ လျှော့နေပြန်လည်း ပေါင်တစ်ခြမ်း ပေါ်တယ်ဆိုသေး၊ လေတိုက်လျှင် ထဘီအထပ်စ လှန်မှာစိုး၍ ဖုံးရဖိရ မလွတ်လပ်။

နောက်. . ရှိသေးတဲ့ ကျင့်ဝတ်သိက္ခာတွေ အများကြီး။

ဒါကြောင့် မိန်းကလေး ဖြစ်ရမှာကို ကြောက်တယ်။

သို့ပေမယ့် ဘဝပေး အခြေအနေအရ မိန်းကလေး ဖြစ်နေ တယ်၊ မတတ်နိုင်။ ဖြစ်ချင်တာက ယောက်ျားလေး၊ ဖြစ်နေတာက မိန်းကလေး။

သည်တော့. . .

"ဟေ့. . . မြတ်စိုး"

"ဘာလဲ"





"နင် မောင်မြတ်စိုးလား၊ မမြတ်စိုးလား"

ဆံပင်ကို ဖွာလန်ပြီး ယောက်ျားပုံစံ ညှပ်ထားကာ တီရှပ် ပွပွလေးကို ဝတ်ဆင်ထားသော မမြတ်နိုးက မျက်စောင်းထိုးကြည့် ရင်း မလုံမလဲနှင့်. . .

"ငါ့ဖာသာ ယောက်ျားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် နင့်အပူ ပါလား"

"ဒါဆို နင်က ယောက်ျားနဲ့မိန်းမ ပေါင်းထားတဲ့ ယောက်ျား လျာ 'ဘောပြား' ပေါ့"

"ဖြိုးဝေယံနော်. . . နင်ပြောလေကဲလေ၊ ကဲဟာ. . . ကဲဟာ"

မမြတ်စိုးက သူ့ကျောကုန်းကို လိုက်ထုသည်။ သူက ရှေ့ကပြေး၊ မြတ်စိုးက နောက်ကလိုက်နှင့် လိုက်တမ်းပြေးတမ်း နေရသည်ကိုပင် ပျော်ရွှင်ကြည်နူးနေမိသည်။

မမြတ်စိုးက ဖြိုးဝေယံနှင့် ခုမှ ခင်မင်ကြသူတွေ မဟုတ်၊ မူကြိုကနေ ဆယ်တန်းရောက်တဲ့အထိ လက်တွဲမဖြုတ်ခဲ့ကြတဲ့ ငယ်ကျွမ်းဆွေတွေ။

မမြတ်စိုးက ငယ်ငယ်ကတည်းက မိန်းကလေးလို မနေ၊ ယောက်ျားလေးတွေ ကစားသလို ဘောလုံးကန်သည်။ ခြင်းခတ် သည်၊ အစုံလုပ်သည်။ ကိုယ့်ကိုယ်ကို မိန်းကလေးမှန်း သိသည်။ သို့ပေမယ့် ယောက်ျားလေးလို နေရတာ လွတ်လပ်သည်။

တစ်ခါက ယောက်ျားလေးတွေ ဘောလုံးကန်နေသည့် ကြားထဲ ဝင်ပြီး. . .

"ဟဲ့. . . ငါပါ ဝင်ကန်မယ်"



www.burmeseclassic.com

www.burmeseclassic.com

"မပါနဲ့"

"ပါမယ်"

"ပါချင် အိမ်သာထဲသွား"

"ဘာပြောတယ်"

မြတ်စိုးက ခါးကြားတွင် ဖွက်ယူလာသော လောက်လေးခွကို ထုတ်လိုက်တော့ သူတို့ ဘာမှမတတ်နိုင်၊ ဝင်ပါခိုင်းလိုက်ရသည်။

ဝင်ပါတော့လည်း ပြဿနာ၊ ဖြိုးဝေယံကို ထိလျှင် မြတ်စိုးမခံ၊ ဖြိုးဝေယံကို တစ်ဖက်လူ ဘောလုံးလုရင်း ထိခိုက်မိတော့. . .

"ဟဲ့. . . ဆိုးပေ၊ နင်က ဘောလုံးကန်မှာလား၊ လူချမှာလား"

"မတော်တဆ ဝင်တာပဲဟာ၊ ပြီးတော့ နင့်ကို ထိတာမှမဟုတ်တာ၊ နင်နဲ့ ဘာဆိုင်လဲ"

ဘာမပြောညာမပြော မြတ်စိုးက ဆိုးပေဆိုသောကောင်ကို ပြေး၍ဖက်ကိုက်လိုက်သည်။ ဆိုးပေ အငိုက်မိသွားသောကြောင့် လက်မှာ အကွင်းလိုက်ကြီး ဖြစ်သွားသည်။

ဆိုးပေ ငိုမဲ့မဲ့ ဖြစ်သွားတော့ မြတ်စိုးက မသနားသည့်အပြင် ကြိမ်းဝါးလိုက်သေးသည်။

"နင် တိုင်ရဲတိုင်ကြည့်၊ တိုင်တာကြားရင် ငါ ထပ်ကိုက်ပစ်မယ်"

မြတ်စိုးက အဲဒီလောက် ဆိုးသည်။

မြတ်စိုးနှင့် ဖြိုးဝေက တစ်ဦးကို ဝင်လျှင် တစ်ဦးက မခံ၊ မတွေ့ကြလျှင်လည်း မနေနိုင်၊ တွေ့ကြလျှင်လည်း ဘယ်လိုကျီစယ်ရမယ်လို့ တစ်ဦးနှင့်တစ်ဦး အမှားအငိုက် စောင့်ကာ ကျီစားခဲ့ကြ





သည်။ စိတ်မဆိုးနိုင်ကြ၊ ပုံလုံတစ်လှည့် ငါးပြန်တစ်လှည့် အရှုံးအနိုင်မပေါ်။

"ဘုတ်. . . နင် ယောက်ျားလေး တကယ်ဖြစ်ချင်လား"

ဘုတ်ဟု မေမြတ်စိုးကို အိမ်က ချစ်စနိုး ခေါ်သည့်အတိုင်း ဖြိုးဝေယံက ခေါ်လိုက်သည်။

"ဖြိုးဝေနော်. . . နင် ဘာပေါက်တတ်ကရ ပြောဦးမလို့လဲ"

"တကယ်ပြောတာပါ. . . ဟိုတစ်လောက ဂျာနယ်တစ်ခုမှာ ဖတ်လိုက်ရတယ်၊ ယောက်ျားစစ်စစ်ကနေ မိန်းမအဖြစ် ပြောင်းလို့ရသလို မိန်းမစစ်စစ်ကနေလည်း ယောက်ျားလေး ပြောင်းလို့ရတယ်တဲ့"

ဖြိုးဝေယံက ခပ်တည်တည် ပြောနေသောကြောင့် မေမြတ်စိုး မယုံရအခက်။

"ဘယ်လိုလဲ ဘုတ်၊ ငါပြောတာ နင် ယုံမှာလား"

"ဟုတ်တာ ပြောရင်တော့ ယုံမယ်၊ မဟုတ်တာ ပြောရင်တော့ နင်မလွယ်ဘူးမှတ်"

ဖြိုးဝေယံက မေးစေ့လေး ပွတ်ရင်း. . .

"ရတယ်လေ. . . နင်မယုံရင်လည်း မပြောရုံပဲပေါ့"

"အံမယ်. . . လာပြီးအထာကိုင်မနေနဲ့ ပြော"

မေမြတ်စိုးက မျက်စောင်းလေး ထိုးရင်း ပြောလိုက်သည်။

"ကဲ. . . ဒါဆို ငါပြောမယ်၊ ယောက်ျားလေး ဖြစ်တဲ့ဆေး ငါဝယ်ပေးမယ်၊ နင်သွားဝယ်ရင် ဟားစရာတွေ ဖြစ်ပြီး လှောင်ကုန်လိမ့်မယ်၊ ဝယ်ပြီးရင် နင်သောက်ပေါ့. . . ဟုတ်လား"

"နင် တကယ်ပြောတာနော်"


www.burmeseclassic.com

www.burmeseclassic.com



"ဆယ်ကယ် . . . ဆယ်ကယ်"

ဖြိုးဝေယံ သူ့အတွေးနှင့်သူမို့ ပျော်နေသည်။ မေမြတ်စိုးကို ဝမ်းနှုတ်ဆေးတွေ ဝယ်ပြီးကျွေးလိုက်ရုံပင်။

"ဆေးဝယ်ဖို့ နင့်မှာ ပိုက်ဆံရှိလား ဖြိုးဝေ"

"ရှိတော့ ရှိတယ်ဟ၊ ဒါပေမယ့် အဲဒီဆေးက ဈေးကြီးတော့ လောက်ပါ့မလား မသိဘူး"

မေမြတ်စိုးက သူ ကျစ်ကျစ်ပါအောင် ဖွက်ထားသော ပိုက်ဆံလေးကို ထုတ်ပေးသည်။

"နင်လျှောက်မဖွနဲ့နော် ဖြိုးဝေ"

"ဘုတ်ရာ. . . နင် သူငယ်ချင်းစစ်စစ်ကြီးကိုတောင် မယုံတော့ဘူးလား"

မေမြတ်စိုးက ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

"တွေ့ကြသေးတာပေါ့ ဘုတ်ရာ"

ဟု ဖြိုးဝေယံ စိတ်ဝယ် ကြိမ်းဝါးလျက် ပြုံးလိုက်သည်။ ရက်စက်တာ မဟုတ်၊ ကျီစားတာ ဖြစ်သည်။ ဒါကလည်း အတုံ့အလှည့် ရှိ၍ ပြန်လည်ပေးဆပ်လိုက်ခြင်းပင်။ သူ့ကို မေမြတ်စိုး ချောက်ချတာကို မှတ်မိနေသေးသည်။

ထိုစဉ်က. . .

ရှစ်တန်းစာမေးပွဲဖြေပြီး စာသင်ခန်းထဲက အထွက်. . .

"ဟေ့. . . ဖြိုးဝေ"

ကြည့်လိုက်တော့ မေမြတ်စိုးရယ်။

"ဖြိုးဝေ နင် စာမေးပွဲ ဖြေနိုင်လား"

"အေး. . . ဘာဖြစ်လို့လဲ"





"ညက နင်ရောငါရော ဖြေနိုင်တယ်လို့ အိပ်မက်မက်တယ်၊ ပြီးတော့လေ အိပ်မက်ထဲမှာ နင်နဲ့ သူငယ်ချင်းတွေကိုလေ ငါက ဒံပေါက်တွေ ဝယ်ကျွေးတယ်တဲ့"

ဖြိုးဝေယံက ပြုံးလိုက်ပြီး. . .

"အဲဒီတော့ နင်က ဘာလုပ်ချင်လို့လဲ"

"ငါက အိပ်မက်အတိုင်း အကောင်အထည်ဖော်မလို့၊ နင် သဘောတူလား"

"ဟီး. . . ငါ့ဘက်က နစ်နာတာမှ မဟုတ်တာ၊ သဘောတူတယ်. . . သဘောတူတယ်"

"ဒါဆို ဒံပေါက်သွားစားကြမယ်ဟာ"

ဖြိုးဝေယံသူငယ်ချင်းတစ်စုနဲ့အတူ ဒံပေါက်ဆိုင်အရောက် သွားကြပြီး. . .

"ဟဲ့. . . နင် ဝအောင်စားနော်"

မေမြတ်စိုးက စားနေရင်း လှမ်းပြောသည်။

မေမြတ်စိုး သူငယ်ချင်းတွေကလည်း အားပေးလိုက်ကြတာ ဝေသာလီပြည်ကို ဘီလူးဝင်သလိုပင်၊ စားပြီးသောက်ပြီးသည်နှင့် တစ်ယောက်ပြီးတစ်ယောက် လစ်ထွက်သွားကြသည်။

နောက်ဆုံးကျန်ခဲ့တာက သူနှင့် ဘုတ်ပင်။

"ဘုတ်. . . နင့်သူငယ်ချင်းတွေက ဘာလဲ၊ စားပြီး နားမလည်တွေဆိုတာ ဒါမျိုးနဲ့ တူတယ်၊ ကြည့်. . . တစ်ယောက်မှ မရှိတော့ဘူး"

"နင်ကလည်းဟာ. . . ငါရှိနေတာပဲ၊ သူတို့ဖာသာ သွားရင် သွားစမ်းပါစေ"



www.burmeseclassic.com

www.burmeseclassic.com



မေမြတ်စိုးက ရုတ်တရက် ဗိုက်ကလေး နှိပ်ပြီး. . .

"ဟဲ့. . . ငါ ရေအိမ်ခဏသွားဦးမယ်ဟာ"

"သွား. . . သွား၊ စားထားတာတောင် ဘယ်လောက်မှ မကြာသေးဘူး၊ နောက်ထပ် သွားစားဦးမယ်"

"ဟဲ့. . . နင် မညစ်ပတ်နဲ့နော်"

"ကဲပါ. . . သွားမှာ သွားစမ်းပါ၊ တော်ကြာ စားထားတာတွေတောင် ပြန်အန်ကုန်ဦးမယ်"

"ဖြိုးဝေ. . . ဘယ်လောက်ကျလဲ စာရင်းတွက်ခိုင်းထားဦးနော်"

တော်တော်ကြာတော့ မေမြတ်စိုး ပြန်မလာသဖြင့် သူစိုးရိမ်စိတ်နှင့် အိမ်သာဘက် လိုက်သွားသည်။

စားပွဲထိုး ကောင်လေးက. . .

"အစ်ကို ဘာရှာနေတာလဲ"

"ရေအိမ်ထဲ ဝင်သွားတဲ့ ကောင်မလေးတစ်ယောက် မတွေ့မိဘူးလား"

စားပွဲထိုးက ခေါင်းကုတ်လိုက်ပြီး. . .

"အစ်ကိုနဲ့ ထိုင်နေတဲ့အစ်မကို ပြောတာလား"

"အေး. . . ဟုတ်တယ်"

"ဟာ. . . အစ်ကိုကလည်း၊ ရေအိမ်သွားတာမှ မဟုတ်တာ၊ အိမ်ပြန်ဦးမယ်ဆိုပြီး ကျွန်တော့်ကိုတောင် နှုတ်ဆက်သွားသေးတယ်"

သေချာပြီ၊ ဒန်ပေါက်ဆိုင်၏နောက်ဖေးပေါက်မှာ ဖြတ်လမ်းတွေ ရှိသည်။ ဖြိုးဝေယံ စားပွဲကို လာရင်း စားထားသောထားသော ဘောက်ချာကို ကြည့်ပြီး တက်တစ်ချက် ခေါက်လိုက်သည်။

"တောက်. . . နာတယ်ကွာ"

စားပွဲထိုးလေးက ပျာပျာသလဲ. . .

"ဟို. . . ဟိုလေ၊ ဒံပေါက်ကြက်သားက မနူးလို့လားဟင်"

"မနူးလို့ မဟုတ်ဘူးဟေ့၊ မနပ်လို့ ခံလိုက်ရတာ"

ဒေါသဖြစ်သွားသည်။ စာမေးပွဲပြီးလျှင် ဝယ်မည်ဆိုကာ မုန့်ဖိုးထဲမှ ဖဲ့စုထားသော စက်ဘီးဝယ်မည့်ငွေလေး ပါလာလို့သာ တော်သေးသည်။

မေမြတ်စိုး လုပ်ချက်ကတော့ ပြင်းလွန်းသည်။ ပိုက်ဆံသာ မပါလျှင် သူ ဘယ်လောက် အရှက်ကွဲမည်မသိ။

ခုတော့ ဖြိုးဝေယံ အကွက်ကြုံလေပြီ။ ယောက်ျားစိတ်ပေါက်ပြီး ယောက်ျားသိပ်ဖြစ်ချင်နေသော သူ့ကို လိမ်ရတာ လွယ်လွယ်လေးပင်၊ ဆေးဆိုင်မှာ ခါးပေ့၊ ဝမ်းသွားတာ ပြင်းပေ့ဆိုသော ဝမ်းနှုတ်ဆေးကို ရှာဖွေပြီး ပေးလိုက်ရုံပင်၊ ဒါကို မေမြတ်စိုးက. . .

"ဟဲ့. . . နင့်ဟာကြီးကလည်း အနံ့ကလည်းဆိုး၊ ခါးလည်း ခါးမယ့်ပုံပဲဟ"

"သောက်မှာသာ သောက်စမ်းပါ ဘုတ်ရာ၊ သောက်ပြီးတာနဲ့ ကျားဟိုမုန်းတွေ ဖွားကနဲ ဖွားကနဲ ပေါ်လာမယ်"

"ကဲပါ. . . နင် ဒီလောက်ညွှန်းတော့မှ မသောက်ရင် မိုက်ရာကျမှာပေါ့၊ ငါသောက်မယ်ဟာ"

ဖြိုးဝေယံက မျက်နှာကြီး ရှုံ့မဲ့ပြီး သောက်နေသော မေမြတ်စိုးပုံစံကို ကြည့်ပြီး ရယ်ချင်နေသည်။ စိတ်မှလည်း. . .







www.burmeseclassic.com

www.burmeseclassic.com



"ဘုတ်ရယ်. . . ဒီဆေးအာနိသင်ကြောင့် နင်ဟာ ဖွားကနဲ ဖွားကနဲ ဖြစ်လာစေရမှာပေါ့၊ ဟင်း. . . ဟင်း"

"ဘုတ်ရေ. . . နင် ယောကျ်ားလေး ဖြစ်သွားရင် နင် အဲ့ဘယ်လောက်ရှိတယ်ဆိုတာ သိရအောင် လက်မောင်းလုံ့တမ်း ကစားမယ်နော်၊ ဟင်း. . . ဟင်း"

နှုတ်မှလည်း အော်ပြောကာ အမြန်လှည့်ပြန်ခဲ့သည်။

ဿ ဿ ဿ ဿ

နောက်တစ်နေ့ စာသင်ခန်းထဲ ရောက်တော့ မေမြတ်စိုးကို ကြည့်လိုက်တော့ မတွေ့။

ဖြိုးဝေယံ ပြုံးလိုက်သည်။

ညနေကျောင်းလွှတ်တော့ သူတို့အိမ်ရှေ့က ဖြတ်သွားရင်း





"အန့်တီ. . . ဘုတ်ရှိလား"

"ရှိတယ် ဖြိုးဝေရေ၊ မင်းညီမ ဘာတွေ အစားမှားလဲ မသိပါဘူးကွယ်၊ ဒီနေ့တစ်နေ့လုံး အိမ်သာထဲကကို မထွက်တော့ဘူး"

အခန်းထောင့် ကုလားထိုင်လေးပေါ် ဝယ် မြော့မြော့လေး ခွေထိုင်နေသော မေမြတ်စိုးက ဖြိုးဝေယံကို မျက်ထောင့်နီကြီးနှင့် စိုက်ကြည့်သည်။

မေမြတ်စိုးအမေ အိပ်ခန်းထဲ ဝင်သွားမှ ဖြိုးဝေယံက စပ်ဖြဲဖြဲနှင့်. . .

"ဘယ်လိုလဲ ဘုတ်၊ ဖွားကနဲ ဖွားကနဲ မနေဘူးလား"

"နင်. . နင်. . ကျွတ်ကျွတ်၊ ဗိုက်နာလာပြန်ပြီ"

ဖြိုးဝေယံက ပခုံးလေး တွန့်ပြီး ရယ်လိုက်သည်။

"အဟတ်. . . ဒီတစ်ချက်တော့ တန်လိုက်တာ၊ ဒံပေါက်ဖိုးတွေ အကုန်ကို ကျေသွားတာပဲ"

မေမြတ်စိုးက မျက်နှာကြီး ရှုံ့တွရှုံ့တွ လုပ်ကာ အိမ်သာထဲ ပြေးသွားလေသည်။

"ဖြေးဖြေး. . . တော်ကြာ အိမ်သာထဲ ထွက်ကျကုန်ဦးမယ်၊ ဟား. . ဟား"

အလှည့်ကျ မန္တ စတမ်း နွှဲခဲ့ကြသည်။ ကျီစားသန်ခဲ့ကြသည်။ ငယ်သူငယ်ချင်းဆိုတော့ စိတ်ဆိုး၍မရ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

မေမြတ်စိုး (၁၀)တန်းရောက်တော့ အရွယ်ရောက်လာပြီး မိန်းမသဘာဝအရ နည်းနည်းရှက်တတ်လာသည်။ သို့ပေမယ့် ယောက်ျားလေးလို ဝတ်စားဆင်ယင်မှုက မပျက်၊ ယောက်ျားလေး အကျင့်က မပျောက်သေး၍ အမေကဆူ၊ အဖေက တားသည်။

မေမြတ်စိုးကို ပြောမရ ဆိုမရတော့ "ရှင်နဲ့တူလို့ နင်နဲ့တူလို့" ဖြင့် အပြန်အလှန် စွပ်စွဲကာ ဖေဖေနှင့်မေမေ ခဏခဏ စကားများပြီး ရန်ဖြစ်တာ အကြိမ်မနည်းတော့။

"ဘုတ် (၁၀)တန်းစာမေးပွဲ နီးပြီနော်၊ နင်အောင်ရင် တက္ကသိုလ် ဆက်တက်မှာလားဟင်"





မေမြတ်စိုးက ကန်ရေပြင်ထဲသို့ ခဲလုံးလေး ပစ်ပေါက်ပြီး

"ငါတော့ မတက်နိုင်ဘူး ထင်တယ် ဖြိုးဝေ၊ ဒုတိယနှစ်လောက်အထိတော့ တက်ချင်တက်မယ်၊ ပြီးရင် အဝေးသင် ပြောင်းယူမယ်ဟာ"

"ဘုတ်ကလည်းဟာ. . . နင်တို့အိမ်က စီးပွားရေး အဆင်ပြေတဲ့ဥစ္စာ"

"ဒါတော့ ဒါပေ့ါဟာ၊ နင်သိတဲ့အတိုင်း ငါ့အဖေက ဝန်ထမ်းလေ၊ အဲ့ဒီနှစ်လောက်ဆို ထပ်ပြောင်းရင် ငါလိုက်သွားရမှာဟ၊ အမေက နှလုံးရောဂါ ရှိတော့ ငါက အနီးကပ် ရှိနေမှ ရမယ်လေ"

"တော်ပြီဟာ. . . အဲဒီအကြောင်းတွေ မပြောတော့နဲ့"

နှစ်ဦးသား ခွဲရမည့်အရေး တွေးမိပြန်တော့လည်း ဖြတ်မရတဲ့ သံယောဇဉ်ကြိုးကြောင့် ရင်မှာ မချို။

သည့်အတွက်ကြောင့် စကားလွှဲပြောင်းဖို့ မေမြတ်စိုး ကြိုးစားလိုက်သည်။ ဒီကြိုးစားမှုသည် မေမြတ်စိုးအတွက် ပေးဆပ်လိုက်သည့် ကြီးမားသော ခံစားမှုကြီးဆိုသည်ကို မသိခဲ့။

"ဖြိုးဝေ"

"ဘာလဲ"

"နင့်ကို ငါပြောမလို့ဟ"

"ဘာလဲ. . . ယောက်ျားလေး ဖြစ်တဲ့ဆေး လိုချင်လို့လား ဘုတ်"

"သွား. . . ကောင်စုတ်၊ အဲဒါ နင်ပဲစား၊ တော်ပြီ. . . ငါမပြောတော့ဘူး၊ ဒီက သတင်းထူး ပေးမလို့ဟာ"


www.burmeseclassic.com

www.burmeseclassic.com



"အလကား စတာပါ ဘုတ်ရာ၊ ပြော. . . ပြော"

သူက ပြန်ချော့တော့လည်း မေမြတ်စိုးက ပျော့သွားပြီး. .

"ငါတို့ကျူရှင်မှာ စာမေးပွဲ နီးတော့မှ အနီးကပ် လာတက်တဲ့ ကောင်မလေး ရှိတယ်ဟ၊ တောင်ကြီးသူလေ၊ သူ့နာမည်က နန်းကျော့နွယ်တဲ့၊ သူက ငါ့ကို အရမ်းခင်တယ်ဟာ၊ အသားလေးကဖြူပြီး မှုန်နေတာပဲ၊ နင့်ကို ငါမိတ်ဆက်ပေးရမလား"

"ငါ့အတွက် ကြွေလောက်တဲ့ရုပ်ဆို မိတ်ဆက်ပေးလေ၊ တော်ရုံတန်ရုံလောက်ဆို နင်မောပါတယ် ဘုတ်ရာ"

မေမြတ်စိုးက နှုတ်ခမ်းလေး တွန့်ရုံပြုံးပြီး. . .

"ဖြိုးဝေ. . . ဖြိုးဝေ၊ နင် သိပ်အပြောမကြီးနဲ့၊ နန်းကျော့နွယ်ကို မြင်လိုက်ရင် နင် ကြွေရုံတင် မဟုတ်ဘူး၊ တစ်စစီ ပုံ့သွားမယ်"

မေမြတ်စိုးနှင့် နန်းကျော့နွယ် ခင်တာကလည်း တစ်ရက်နှစ်ရက်တည်းနှင့် ငယ်ပေါင်းကြီးဖော်တွေလို ဖြစ်သွားကြသည်။ မေမြတ်စိုးက တော်ရုံတန်ရုံ မိန်းကလေးတွေဆို မရော၊ စကားများ





လွန်းပြီး အတင်းဖျင်းပြောတတ်လျှင် ပိုလို့တောင် ဆိုးသေးသည်။

သူနှင့် နန်းကျော့နွယ် ခင်ပုံကလည်း ဆန်းသည်။

စာမေးပွဲဖြေဖို့က လပိုင်းလောက်ပဲ လိုတော့သည်။ အနီးကပ်ကျူရှင်တွေ လိုက်တက်နေရသော မေမြတ်စိုးအဖို့ ဒီနှစ်ကျလို့မရ၊ ဖြိုးဝေယံက စာတော်သည်။ မေမြတ်စိုး သူကျခဲ့လျှင် သူနှင့် ပို၍ဝေးသွားမှာစိုးလို့ပင်။ နန်းကျော့နွယ်မှာက အမေမရှိတော့၊ သူ့အဖေက တောင်ကြီးမှာ လက်ဖက်ခြောက်ပွဲရုံ ရှိသည်။ (၁၀)တန်းဖြေဖို့ ရန်ကုန်မှာ စာသင့်ဝိုင်း ထားထားသလို အနီးကပ်တွေလည်း လိုက်တတ်သည်။

"မမနာမည်က ဘုတ်ဆို၊ ကျွန်မ နန်းကျော့နွယ်ပါ"

"သိသားပဲ. . . ဘာဖြစ်လို့လဲ"

မေမြတ်စိုးက စကားပြတ်သည်။ သူ့ကို ယောက်ျားလျာလို သတ်မှတ်ကြသော်လည်း တကယ်တမ်း မိန်းကလေးတွေကို လိုက်ကြောင်နေသည့် ယောက်ျားလျာမျိုး မဟုတ်။

"ကျွန်မ စာမရရင် မမ ကူညီနော်"

တောင်ကြီးသူတွေ စကားဝဲတဲ့အထဲမှာ နန်းကျော့နွယ်မပါ၊ သူက မြန်မာလို ပီပီသသ ပြောတတ်သည်။

"တို့လည်း စာမရလို့ ကျူရှင်တက်နေတာပဲ၊ မသိရင် ဆရာ့ကို မေးပေါ့"

နန်းကျော့နွယ်က သူမ၏လှပညီညာသော ပုလဲသွယ်လို စီတန်းထားသည့် သွားများ ပေါ်အောင် ရယ်သည်။

"မမက သိပ်ပွင့်လင်းတာပဲ၊ ဒါမျိုးမှ ကျွန်မ ပေါင်းချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



မေမြတ်စိုး ဒီလောက်ဂျစ်တိုက်ပြီး ပြောတာတောင် နန်းကျော့နွယ်က အရမ်းလာခင်နေသည်။

"ပြန်ရင် မမအိမ်ကို လိုက်လည်ချင်တယ်. . . လည်ရမလား"

"ဟင်း. . . ဟင်း၊ တို့တောင် ထမင်းနဲ့ဟင်းကို အပြင်ကဝယ်စားရတာ၊ မင်းလိုက်ရင် စိတ်ညစ်နေပါ့မယ်ကွာ"

"ခေါ်မလား မခေါ်ဘူးလားပဲ ပြော"

တော်တော် ဖွတ်တရွတ်နိုင်သူလေးပင်၊ နောက်ဆုံးတော့ မေမြတ်စိုးကပဲ ခေါင်းညိတ်လိုက်ရသည်။

ကျူရှင်လွှတ်တော့ မေမြတ်စိုးကို အတင်းဆွဲကာ ချစ်တီးထမင်းဆိုင်ထဲ ခေါ်သွားပြီး. . .

"ကဲ. . . မမဘာတတ် ဘာနဲ့စားမလဲ"

"ဟာ. . . တို့ အပြင်မှာ မစားတတ်လို့ပါ"

"မရဘူး. . . မရဘူး၊ ဒီအထဲ ရောက်ပြီးမှ မစားရင် မမကို စိတ်ဆိုးမှာနော်"

မေမြတ်စိုး မတတ်နိုင်။

နောက်ဆုံး သူမ မှာပေးသည့်ကြက်ကြော်နှင့် စားလိုက်ရသည်။

ထူးတော့ ထူးဆန်းသား၊ မေမြတ်စိုးဘဝမှာ ဖြိုးဝေယံကလွဲပြီး ဘယ်သူ့မှ ခင်အောင် မပေါင်းသလို သိပ်လည်း စိတ်မဝင်စား။

ခုတော့ သူ့မှာ နောက်တစ်ယောက် တိုးလာခဲ့ပြီ၊ ကြီးမှ ပေါင်းသော်လည်း နှစ်ပေါင်းများစွာ ကွဲကွာနေသည့် ငယ်ပေါင်းပုံစံ





မျိုးနှင့် ခင်မင်ကြတော့ အားလုံးက အံ့သြကုန်ကြတာ အမှန်။

ပြီးတော့ နန်းကျော့နွယ်က ကျူရှင်မှာ အလှနတ်ဘုရားဒေဝီပင်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃)

ဖြိုးဝေယံ ဘယ်လိုမှ ထင်မထားမိသောအရာ။

နန်းကျော့နွယ်ကို မြင်တော့ မေမြတ်စိုး ပြောတာထက် သူ့အလှက စွဲမက်စရာပင်။ ဆံပင်က ကျောလယ်လောက်ထိ ရှည်သည်။ ခန္ဓာကိုယ်ကလည်း ခါး၊ တင်၊ ရင်၊ အချိုးအစား ပြေပြစ်လွန်းလှသဖြင့် ပန်းပုရုပ်လှုံး ထင်မှားလောက်အောင်ပင်။

ကောင်းခြင်းတွေကို ခွဲခြမ်းစိတ်ဖြာလျှင် စာဖွဲ့မှီနိုင်မယ် မထင်။

နန်းကျော့နွယ်ကို မြင်တော့ သူ့ရင်တွေကို ခုန်စေမိတာ အမှန်။ မေမြတ်စိုးက. . .

☺ အောင်မြင်စာပေ ☺



"ဒါ တို့နဲ့ ငယ်ငယ်ကတည်းက ပေါင်းလာတဲ့ သူငယ်ချင်း ဖြိုးဝေယံတဲ့၊ တို့ပေါင်းတာ သူတစ်ယောက်ပဲ ရှိတယ်"

"သူက နန်းကျော့နွယ်တဲ့၊ ဟိုတစ်ခါ နင့်ကို ငါ မိတ်ဆက်ပေးမယ်လို့ ပြောထားတဲ့သူလေ"

နှစ်ယောက်သား လက်ဆွဲနှုတ်ဆက်လိုက်ကြစဉ် ဖြိုးဝေယံက နန်းကျော့နွယ်လက်ကို ဆုပ်ကိုင်ကာ မျက်နှာကို သေချာကြည့်ပြီး တော်တော်နှင့် လက်ကို မလွှတ်၍. . .

"ငါတော့ မိတ်ပျက်တော့မယ်နော်. . . အဟင်းဟင်း"

မေမြတ်စိုး စကားကြောင့် နန်းကျော့နွယ် မျက်နှာဖြူဖြူလေးက ပန်းရောင် ဖြာဆင်းသွားသည်။

"ငါတို့ ခင်မင်တဲ့ အထိမ်းအမှတ်အဖြစ် တစ်ခုခု သွားစားရအောင်လား ဘုတ်ရာ"

"ဟင့်အင်း. . . ငါက အတန်းဝင်ရမှာမို့ နင်နဲ့နန်း သွားစားကြလေ"

နန်းကျော့နွယ်က နှုတ်ခမ်းလေး စူပြီး ခြေထောက်ဆောင့်လိုက်ရင်း. . .

"မမဘုတ်နော်. . . မမ မလိုက်ရင် လမ်းမှာ အော်ငိုလိုက်မှာ သိလား"

"ဟုတ်တယ်လေ. . . ဘုတ် နင်မလိုက်ရင် ငါမသွားတော့ဘူး"

ဖြိုးဝေယံက သူတင်းလျှင် လျှော့ပေးတတ်သော မေမြတ်စိုးအကြောင်းကို သိနေသည်။

"ငါစိတ်ညစ်တယ်ဟာ. . . အရင်တုန်းက ဟိုအောင်

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



အတွက် စိတ်ညစ်ပေးရတယ်၊ ခု ဒီခွေးမလေးအတွက်ပါ စိတ်ညစ်ရပြန်ရော"

မေမြတ်စိုးက နန်းကျော့နွယ် ခေါင်းလေးကို ညင်ညင်သာသာ ထုလိုက်သည်။

"ဒီလို လိမ္မာမှပေါ့ ဘုတ်ရယ်"

"အံမယ်. . . နင့်ကြောင့် မဟုတ်ဘူးနော်၊ ငါက နန်းကို သနားလို့ ခေါင်းညိတ်လိုက်ရတာ"

မဟာဗန္ဓုလ ပန်းခြံလမ်းရှိ Mr Brown မှာ သုံးယောက်သား ထိုင်လိုက်ကြပြီး. . .

"ကျော့. . . ဘာသောက်မလဲ"

ဖြိုးဝေယံ အခေါ်အဝေါ်တွေကအစ ပြောင်းပြီး ခေါ်လာကတည်းက သူကြွေသွားပြီဆိုတာ မေမြတ်စိုး ရိပ်မိလိုက်သည်။ ထို့အတွက် အမြင်ကတ်သွားပြီး. . .

"ငါကြိုက်တာ နင်သိပါတယ် ဖြိုးဝေရာ၊ အေး. . . ငါ့အတိုင်းပဲ မှာလိုက်ပေါ့"

နန်းကျော့နွယ် တစ်ဖက်အလှည့်မှာ မမေးဘဲ ဖြေလိုက်သည့် မေမြတ်စိုးကို ဖြိုးဝေယံက မျက်စောင်းခွေကာ ကြည့်ပြီး လက်သီးထောင်ပြသည်။ ဒါကို နန်းကျော့နွယ်က မြင်ဖြစ်အောင် မြင်သွားပြီး. . .

"ကိုဖြိုးဝေ. . . အဲဒါ ဘာလုပ်တာလဲဟင်"

ဖြိုးဝေက အရှက်ပြေ ရယ်ရင်း. . .

"အလကားပါ ကျော့ရယ်၊ ဘုတ်ကို လက်ဖွေ့ပွဲ သွားကြည့်မလားလို့ မေးကြည့်တာပါ"





နန်းကျော့နွယ်က မေမြတ်စိုးလက်ကို လှုပ်ရမ်းရင်း. . .

"မမဘုတ်က လက်ဝှေ့ပွဲ ကြည့်တယ် ဟုတ်လား"

မေမြတ်စိုးက ဘာမှမပြော၊ ရယ်ပဲနေလိုက်သည်။

ဖြိုးဝေယံမှာ နန်းကျော့နွယ်ကို မိတ်ဆက်ပြီးတော့လည်း ရင်းနှီးချင်သည်။ သို့သော် တော်တော်နှင့် နန်းကျော့နွယ်ကို ချဉ်းကပ်လို့ ရမှာမဟုတ်၊ ဒီအတွက် မေမြတ်စိုးကို ကပ်မှဖြစ်မည်။

"ဘုတ်. . . နေပြည်တော်ရုံက ဇာတ်ကား နင်ကြည့်ချင်တယ်ဆို"

"အရင်က ဟုတ်တယ်၊ ခု မကြည့်ချင်တော့ဘူး၊ စာမေးပွဲ နီးပြီ"

"မမဘုတ်. . . နန်း အဲဒီဇာတ်ကား ကြည့်ချင်တယ်၊ အားရင် လိုက်ပြပါလားဟင်"

"နင်တို့နဲ့ ထိုင်ရတာ စိတ်ညစ်တယ်ဟာ၊ ဘာတွေမှန်း မသိဘူး၊ အရမ်းပူတာပဲ၊ ငါ ပြန်တော့မယ်"

နားပူတာထက် ဘာရယ်မသိ၊ နှလုံးသားရင်မှာ ပူလောင်နေမိသည်။ နန်းကျော့နွယ်ကို သူ မိတ်ဆက်ပေးမိတာ မှားသွားပြီလားလို့ တွေးမိသွားသည်။

ဖြိုးဝေယံက အလိုက်သိစွာဖြင့်. . .

"နင်ကလည်းဟာ. . . တွေ့ရင် ပျော်ပျော်နေစမ်းပါ၊ ကဲ. . . နင်မကြိုက်ရင် မပြောတော့ဘူး"

ဒီလိုဆိုတော့လည်း ဖြိုးဝေက သူ့အပေါ် စာနာမှု နားလည်မှု ရှိပေသား။

ဖြိုးဝေယံ သူ့အပေါ် မှန်းမေ့သွားမှာ အရမ်းကြောက်



www.burmeseclassic.com

www.burmeseclassic.com

သည်။ နှစ်ဦးသားအပေါ် ရစ်ပတ်ချည်နှောင်ထားသောကြိုးက ဘယ်သူမှ ဘယ်လိုဖြတ်ဖြတ် မပြတ်နိုင်သော သံယောဇဉ်ကြိုး တစ်ချောင်းပင်။





## အခန်း(၄)

မေမြတ်စိုးနှင့်သူ. . .

ငယ်ငယ်တုန်းက အတိုင်းပင် ပူးပူးကပ်ကပ် နေသော အနေအထားမျိုးကို. . .

ငယ်စဉ်က မည်သို့မျှ မခံစားမိခဲ့။

ယခု မေမြတ်စိုး စိတ်ထဲ တစ်မျိုးဖြစ်လာသည်။ ရင်ခုန်မိလာသည်။ ဘာကြောင့်မှန်းမသိ။

ဖြိုးဝေယံကသူ့ကို မိန်းကလေးတစ်ယောက်ပုံစံဆို သိပ်ကောင်းမှာပဲ ဆိုခဲ့ဖူးသည်။ ဟုတ်ပြီ။

သူ ဖြိုးဝေအကြိုက်. . .

အိမ်မှာ လူမရှိတုန်း မိန်းကလေး အဝတ်အစားတွေ သူ


www.burmeseclassic.com

www.burmeseclassic.com

ဝတ်ကြည့်ရမည်။ ပြီးတော့ မိန်းကလေးလို အစွမ်းကုန် ပြင်ဆင်ရမည်။

မေမေ ချုပ်ပေး ဝယ်ပေးထားသော မိန်းကလေး အဝတ်အစားများနှင့်ဆိုလျှင် အတော်ပင်။

လူအလစ်မှာ သူ ဝတ်ကြည့်သည်။ ပြီးတော့ ဖီးလိမ်းခြယ်သကြည့်သည်။ မှန်ထဲက သူ့ပုံရိပ်တောင် သူ မမှတ်မိတော့၊ မိန်းကလေးတစ်ယောက်အသွင် ပေါက်နေသည်။

စိတ်ထဲမှာတော့ ဒီပုံစံနှင့်ဆိုလျှင် ဖြိုးဝေယံ သူ့ကို အံ့သြသွားမှာ သေချာသည်။

အို. . . သူတစ်သက်လုံး မဝတ်ဆင်ခဲ့သည့် ဒီအဝတ်အစားကို ပြောင်းဝတ်ရမှာ ရှက်စရာပင်။

တက္ကသိုလ် ရောက်ရင်တော့ ဖြိုးဝေယံ ပြောသလို သူဝတ်မည်။

"ဘုတ်ရေ. . . ဘုတ်"

အိမ်ရှေ့မှ ဖြိုးဝေယံ အသံကြောင့် သူ လန့်သွားသည်။ ကမန်းကတန်း အဝတ်အစားများ ပြန်လဲကာ မျက်နှာတွင် လိမ်းခြယ်ထားသောအရာများကို ရေနှင့် ဖျက်လိုက်သည်။

"ကြာလိုက်တာ ဘုတ်ရာ၊ အိမ်ထဲမှာ ဘာလုပ်နေတာလဲ"

ဖြိုးဝေယံက အိမ်ထဲ ဝင်ရင်း မျက်စိနှင့် အကဲခတ်လိုက်သည်။

"နင် ဘယ်က လာတာလဲ ဖြိုးဝေ"

"ဟဲ့. . . ငါ့ဘာသာ ဘယ်က လာလာပေါ့၊ အရင်လည်း ဒီလိုဝင်နေကျကို"





"ဟီး. . . သိပါဘူး၊ ဘာများ ကိစ္စရှိလို့လဲလို့"

ဖြိုးဝေယံက မေမြတ်စိုး ခန္ဓာကိုယ်ကို ခြေဆုံးခေါင်းဆုံး ကြည့်ရင်း. . .

"ဘုတ်. . . နင် အလှပြင်တာလား"

"ဘာ. . . ဘာဖြစ်လို့လဲဟင်"

"နင့်နှုတ်ခမ်းက နှုတ်ခမ်းနီတွေ ဘာလို့ ဆိုးထားရတာလဲ"

"ဟို. . . ဟိုလေ၊ ငါ့နှုတ်ခမ်းတွေ ကွဲနေလို့ပါဟာ"

ဖြိုးဝေယံက ရယ်လိုက်ပြီးမှ. . .

"မသိပါဘူးဟာ. . . ငါက နင်များ မိန်းမအိုက်တင် ကျင့်နေလားလို့"

မေမြတ်စိုး ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။ စိတ်မှာတော့ ဘယ်လိုလူစားပါလိမ့်၊ သူဖြစ်စေချင်တာကို ဒီက ဖြစ်အောင် လုပ်နေရသည်။ ကြည့်. . . ပြောလိုက်တဲ့စကားက ကျေနပ်စရာ မရှိ။

ထို့အပြင်. . .

"နန်းကြော့နွယ်အကြောင်း ငါသိချင်တယ် ဘုတ်"

"သိပြီးပြီလေ. . . တောင်ကြီးသူဆိုတာ ငါပြောဖူးသားပဲ"

"ငါပြောချင်တာ အဲဒါ မဟုတ်ဘူးဟ. . . သူ့ကိုယ်ရေးရာဇဝင်"

မေမြတ်စိုးက ရယ်လိုက်ပြီးမှ. . .

"နင်သိချင်ရင် ငါသန်းခေါင်စာရင်းဌာနမှာ အလုပ်ဝင်ရင် ပြောမယ်လေ"

"မနောက်ပါနဲ့ ဘုတ်ရာ"

"မနောက်ပါဘူး ဦးလေးရာ"



www.burmeseclassic.com

www.burmeseclassic.com


မေမြတ်စိုးက စပ်ဖြဲဖြဲလုပ်လေ ဖြိုးဝေယံ ဒေါသထွက်လေ ဖြစ်သွားသည်။

"ငါစိတ်ဆိုးရင် နင်သိတယ်နော် ဘုတ်"

ဖြိုးဝေယံ တစ်ခါတုန်းက စိတ်ဆိုးပြီး မေမြတ်စိုးနှင့် မခေါ်ဘဲ နေတာ နှစ်လတောင် ရှိသွားတော့ နောက်ဆုံး မေမြတ်စိုးကပဲ အလျှော့ပေးလိုက်ရသည်။

ဒါကို သိနေသည့် ဖြိုးဝေက အခွင့်အရေးအဖြစ် အမြဲ အသုံးချသည်။

မေမြတ်စိုးကလည်း မခေါ်ရမှာစိုးတော့ အမြဲလိုက်လျှော့ရသည်။ ဤသည်ကား မေမြတ်စိုး၏အားနည်းချက်ပင်။

"ဖြိုးဝေ. . . နင်က မိန်းကလေးဖြစ်၊ ငါက ယောကျ်ားလေးဖြစ်ရင် သိပ်ကောင်းမှာပဲ"

"ဘာဖြစ်လို့"

"ဟုတ်တယ်လေ. . . နင်က မိန်းမဆန်တယ်၊ ငါက ယောကျ်ားဆန်တယ်၊ လောကကြီးက ပြောင်းပြန်ကို ပြောင်းပြန်လုပ်ထားတော့ မခက်လား"

ဖြိုးဝေယံ နည်းနည်း ဒေါပွသွားသည်။

"ဘုတ်. . . ငါသွားတော့မယ်ဟာ၊ နင်က အကန့်တွေပဲ လာပြောနေတယ်"

ဖြိုးဝေယံ စိတ်ဆိုးသွားမှန်းသိ၍ မေမြတ်စိုးက လက်ဖမ်းဆွဲထားလိုက်သည်။

"နန်းကျော့နွယ်အကြောင်း နင်တကယ်သိချင်လား"

ဖြိုးဝေယံ သွားမည့်ခြေလှမ်းများ ရပ်တန့်သွားသည်။

☺ အောင်မြင်စာပေ ☺

"နန်းက အိမ်မှာ တစ်ဦးတည်းသောသမီး၊ သူ့အဖေက တောင်ကြီးမှာ လက်ဖက်ခြောက်ပွဲရုံ ရှိတယ်၊ နာမည်က ဦးစိုင်းအောင်ဝင်းတဲ့၊ တောင်ကြီးမှာကော ရန်ကုန်မှာကော နန်းကို ကြိုက်တဲ့သူတွေ ဝိုင်းဝိုင်းလည်နေတာပဲ၊ ဒါပေမယ့် ခုချိန်ထိ သူ့မှာ ရည်းစားမရှိဘူး၊ သူက သူ ရင်ခုန်ခံစားလို့ရမှ အချစ်ကို ချစ်မှာပဲ၊ တဲ့. . . နင် ဘာသိချင်သေးလဲ"

ဖြိုးဝေယံမှာ ပြုံးလိုက်ပြီး. . .

ဘုတ် ပြောသလိုဆိုလျှင်. . .

"ကျော့က ရင်ခုန်ခံစားမှ ချစ်မည်တဲ့လား"

☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

ငယ်ငယ်တုန်းကဆို မေမြတ်စိုးနှင့် ဖြိုးဝေယံ ဘောလုံးကစားလျှင် မေမြတ်စိုးက ဂိုးဖမ်းသည်။ ဖြိုးဝေယံက ပယ်နယ်တီကန်တိုင်း မေမြတ်စိုးက မိအောင် ဖမ်းနိုင်သည်။

(၁၀)တန်းရောက်တော့ မေမြတ်စိုး အမေက အတင်းတားမြစ်ထားသောကြောင့် မကန်ရဲတော့၊ သို့ပေမယ့် ကျောင်းပိတ်ရက်တိုင်းတော့ မေမြတ်စိုးနှင့် ဖြိုးဝေယံ တောက်ခုန်တောက်ကြသည်။

ဖြိုးဝေယံအပေါ် သူ သံယောဇဉ်ရှိတာ တစ်ခုရှိသည်။ သူ့အပေါ် ဘယ်တော့မှ အနိုင်မယူ၊ သူရှုံးနေမှန်း သိလျက်နှင့် အနိုင်ရအောင် ပေးသည်။

ခုလည်း နှစ်ဦးသား ကြက်တောင်ရိုက်နေတာ မေမြတ်စိုး





ဘက်က ခြေကုန်လက်ပမ်းကျနေတာကို ဖြိုးဝေယံက လျှော့ပေးသည်။ ဤသည်ကို မေမြတ်စိုးက လုံးဝလက်မခံ။

"ရော့. . . လာပြီ ငါ့ရိုက်ချက်"

မေမြတ်စိုးက အပေါ်ခုန်ပြီး လေထဲမှ ပျံဝဲလာသော ကြက်တောင်ကို ရိုက်လိုက်သည်။ သို့သော် ကြက်တောင်နှင့် လွဲပြီး အောက်ပြန်ကျတော့ ဖင်ထိုင်လျက်သား ကျသွားသည်။

"အမေ့"

ဖြိုးဝေယံက ပြေးလာပြီး. . .

"ဘုတ်. . . နင်ဘာဖြစ်သွားလဲဟင်"

"ခြေ. . . ခြေထောက်မျက်သွားလား မသိဘူးဟာ"

"နေဦး. . . ငါ့မှာ ဒဏ်ကျေ စပရေးဘူး ပါတယ်. . . မြစမ်း"

ရုတ်တရက် ဖြိုးဝေယံက မေမြတ်စိုး အားကစား ဘောင်းဘီရှည်ကို အောက်မှ ဆွဲလှန်လိုက်သည်။

"အို"

ရုတ်တရက်ဆိုတော့ ရှက်သွားမိသည်။ သူက မေမြတ်စိုး ခြေသလုံးသားများကို ဆေးဖြန်းကာ ဆုပ်နယ်ပေးသည်။

မေမြတ်စိုး ရင်ထဲမှာ တစ်မျိုးကြီး ခံစားလိုက်ရသည်။ ဖြိုးဝေယံ ရင်ထဲမှာတော့ ဘာတွေ ဖြစ်မယ်မှန်း မသိ၊ သူ့ရင်ထဲမှာတော့ ဗလောင်ဆူနေသည်။ နာကျင်သော ဒဏ်ရာတွေက ဘယ်ကို ရောက်သွားမှန်း မသိတော့။

"သက်သာလား ဘုတ်"

"အေး. . . ရပြီ ဖြိုးဝေ၊ ရပြီ"


www.burmeseclassic.com

www.burmeseclassic.com

မေမြတ်စိုး မျက်နှာတစ်ခုလုံး ရှက်တဲ့စိတ်နှင့် နီရဲနေတာကို ဖြိုးဝေယံ မမြင်တာကိုပဲ ကျေးဇူးတင်ရမည်။

သူ့ဖာသာသူ ဘယ်လောက် ယောက်ျားလေးစိတ်သွင်းသွင်း မိန်းကလေးက မိန်းကလေးပဲဆိုတာကိုတော့ သူ လက်ခံယုံကြည်နေမိသည်။

မနက်က အဖြစ်အပျက်ကို တွေးပြီး မေမြတ်စိုး တော်တော်နှင့် အိပ်မပျော်၊ ကုတင်ပေါ်မှာ ဘယ်ညာလူးလိမ့်ရင်း. . .

"နင့်ကို ငါချစ်တယ် ဘုတ်ရာ"

အတွေးထဲမှာ ဖြိုးဝေယံက သူ့ကို ဒီလိုစကားမျိုး လာပြောလျှင် ဘာပြန်ပြောရမှာလဲ။

သူ ရင်တွေ ခုန်လာသည်။

ဖြိုးဝေယံဘက်ကတော့ သူ့အပေါ် ရင်ခုန်နိုင်ပါ့မလား။ အချစ်ဆိုတာ ရင်ခုန်သံချင်း တူမှ ပေါင်းစည်းလို့ ရသည်ဟု ဆိုကြသည်။ မေမြတ်စိုး ငုတ်တုတ်ထထိုင်ပြီး မှန်တင်ခုံရှေ့ ရပ်လိုက်သည်။ ယောက်ျားလေးတစ်ယောက် ဖွဲ့မက်စရာကော ရှိပါ့မလား။

မြင်းကမလှုပ် ခုံကလှုပ် ဆိုသလို ဟိုက ဘာမှမဖြစ်သေးဘဲ သူ့ဘက်က စလျှင်လည်း ကြိုက်မရှက် ငိုက်မရှက် မိန်းမသားဂုဏ်သိက္ခာ နာဂစ်မုန်တိုင်းထဲ လွင့်မျောပါသွားပေမည်။

အင်း. . . စာမေးပွဲကြီးက ရက်ပိုင်းပဲ လိုတော့သည်။

မေမြတ်စိုး ကျက်ရမည့်စာအုပ်ထဲက စာထဲတွင် နစ်မြုပ်လိုက်သည်။





စာမေးပွဲခန်းက ထွက်လာတော့ ဖြိုးဝေယံက မေမြတ်စိုးကို လက်မထောင်ကာ ဖြေနိုင်ကြောင်း အချက်ပြသည်။

မေမြတ်စိုးကလည်း ပြန်ထောင်ပြလိုက်သည်။

"နင် ဖြေနိုင်တယ် မဟုတ်လား ဘုတ်"

"ဖြေနိုင်တယ်လေ. . . ဘာဖြစ်လို့လဲ"

"မဟုတ်ပါဘူးဟာ. . . ငါစိုးရိမ်လို့ပါ"

ဒီလိုဆိုတော့လည်း သူ့ကို အလေးထားပါလားဟု၍ မေမြတ်စိုး ပီတိဖြစ်သွားတာတော့ အမှန်။

"ငါတို့နဲ့ လိုက်မလား ဖြိုးဝေ"

"ဘယ်ကိုလဲ"

"တစ်ခုခု သွားစားမယ်၊ ပြီးရင် ရုပ်ရှင်ကြည့်ကြမလို့"

"တော်ပါပြီဟာ. . . ဟိုတစ်ခါတုန်းကလည်း ငါ့ကို အဲဒီလို ညာတာပါတေးနဲ့ ဒံပေါက်ဆိုင်မှာ ထားခဲ့တာ"

မေမြတ်စိုး တွေးမိကာ ရယ်လိုက်ပြီးမှ. . .

"ဒီတစ်ခါ မလုပ်ပါဘူးဟာ၊ ငါ့ကို ယုံစမ်းပါ"


www.burmeseclassic.com

www.burmeseclassic.com



"ဘာနဲ့ သက်သေပြမလဲ"

"နန်းကျော့နွယ်လည်း ပါမယ်လေ၊ ငါ တကယ်လို့ ထွက်သွားရင် သူ့ကို အပေါင်ထားခဲ့မှာပေါ့"

ဖြိုးဝေယံက အကြိုက်တွေ့သွားပြီး ပြုံးဖြဲဖြဲနှင့်. . .

"ခု သူက ဘယ်မှာလဲ"

"ငါတို့အားလုံး ဆူးလေဘုရားပေါ်မှာ ချိန်းထားကြတယ်"

"ဒါဆို သွားမယ်"

ကြွေပျက်နေသော ဖြိုးဝေယံကို ကြည့်ပြီး မေမြတ်စိုးရင်မှာ သက်ပြင်းချမိလိုက်သည်။ ပြီးနောက် နှစ်ယောက်သား ဆူးလေဘုရားသို့ သွားရန် ကားမှတ်တိုင်မှာ စောင့်နေကြသည်။

"ကားတွေက ကြာလိုက်တာ၊ ကားငှားသွားရင် ကောင်းမယ်ထင်တယ်"

နန်းကျော့နွယ်ကို တွေ့လိုဇောတိုက်နေသော ဖြိုးဝေယံကို ကြည့်မရသဖြင့်. . .

"နင်ကလည်း ကျောင်းပြန်ပြီဟာ၊ အလကား ပိုက်ဆံကုန်တယ်၊ ဘာလို့ ဒီလောက် လောနေရတာလဲ"

မေမြတ်စိုးစကားကြောင့် ဖြိုးဝေယံ ငြိမ်သွားသည်။ စာစစ်ဌာန တူတာဆို၍ သူနှင့် မေမြတ်စိုးသာ ရှိသည်။ နန်းကျော့နွယ်က မြို့ထဲရှိ စာစစ်ဌာနမှာ ဖြေရတာဆိုတော့ မတူ။

ဆူးလေဘုရား ရောက်တော့ နှစ်ယောက်သား ဟိုကြည့်ဒီကြည့်နှင့် လျှောက်နေကြစဉ်. . .

"မမဘုတ်. . . နန်း ဒီမှာ"

အင်္ကျီပိုးသားရောင် အဖြူဖျော့ဖျော့နှင့် လှချင်တိုင်း လှနေ





ရက်သော နန်းကျော့နွယ်ကို တွေ့လိုက်ရသည်။

"နင်ဖြေနိုင်တယ်မို့လား"

"ဖြေနိုင်တယ် မမဘုတ်"

ဖြိုးဝေက ပြုံး၍ကြည့်နေသည်။

"ကိုဖြိုး ဖြေနိုင်လား"

"ဖြေနိုင်တယ် ကျော့"

မေမြတ်စိုးက ဖြိုးဝေယံ လက်ကို ဆွဲပြီး. . .

"လာ. . . ကျော့တွေပေါ့တွေ လုပ်မနေနဲ့၊ ရုပ်ရှင်အချိန်မမှီဘဲ နေဦးမယ်၊ ရုံလွှတ်မှ တစ်နေရာရာ သွားစားကြတာပေါ့"

ဖြိုးဝေယံ နန်းကျော့နွယ်၏အပြုံးက သူရင်ခုန်နေသည်။

သူမကတော့ ဘာမှသိမှာမဟုတ်၊ ရုပ်ရှင်ရုံထဲ ရောက်တော့ မဲမှောင်နေသည်။

"ဟော့. . . ဒီမှာ ခုံနံပါတ် တွေ့ပြီ"

အားလုံး စီပြီးထိုင်လိုက်ကြတာ ကံကောင်းချင်တော့ နန်းကျော့နွယ်နှင့် ကပ်လျက် ဖြိုးဝေယံ ထိုင်ရသည်။

ရုပ်ရှင်ရုံက အဲယားကွန်းက အေးစိမ့်မှု တစ်ချက်တစ်ချက် သူနှင့် ပခုံးချင်း ယှဉ်ပြီး အသားချင်း ထိနေရသည်မို့ သူ့ရင်တွေ တဒိတ်ဒိတ် ခုန်နေသည်။

"ကိုဖြိုး. . . နေကြာစေ့ စားဦးလေ"

နန်းကျော့နွယ် ထိုးပေးလာသော နေကြာစေ့ကို လှမ်းယူရင်း နေကြာစေ့ထုပ်ကို မမြင်ဘဲ သူမလက်ကလေးကိုသာ သွားဆွဲကိုင်မိသည်။ ပထမတော့ သူမက လက်ကလေးကို ရုန်းလိုက်ပြီးမှ ဘေးကလူတွေ သိမှာစိုး၍လားမသိ၊ ငြိမ်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦးကို အကဲခတ်နေသော မေမြတ်စိုးက. . .

"ဟိုနှစ်ယောက် ကောင်းကောင်းကြည့်နော်၊ လှုပ်လှုပ်ရွရွ သိပ်မလုပ်နဲ့. . . အာရုံပျက်တယ်"

ချက်ချင်းပင် နန်းကျော့နွယ်က လက်ကို ရုတ်လိုက်သည်။

ဖြိုးဝေယံလည်း မလှုပ်ရဲတော့ပေ။

ရုပ်ရှင်ပြီးတော့ စားသောက်ဆိုင်ဆီသို့ သွားရောက်လိုက်ကြသည်။

မေမြတ်စိုးက အစားနှင့် ပတ်သက်လာလျှင် ဟန်မဆောင်တတ်သလို ဖြိုးဝေယံကလည်း ထိုနည်းတူပင်။

"ဟဲ့. . . တောင်ကြီးသူ အဝကြိတ်နော်၊ နင့်ကြည့်ရတာ ဆိတ်ပါးစပ် နှမ်းပက်သလိုမျိုး ဖြစ်နေလားလို့"

နန်းကျော့နွယ်က ပြုံးလိုက်ရင်း. . .

"မမဘုတ် မသိပါဘူး၊ အစာစားရင် ကျန်းမာရေးနဲ့ ညီအောင် စားရတာရှိတယ် မမဘုတ်ရဲ့"

"ကောင်းပါရဲ့ရှင်. . . တပည့်တော်မကို ရှင်းပြပါဦး"

"နန်းလည်း မသိဘူး၊ ဖေဖေရဲ့အဖေဆိုရင် အသက်တစ်ရာနီးပါး နေသွားရတယ်၊ သူက နံနက်အိပ်ယာထလျှင် ရေကို ဝအောင်သောက်တယ်၊ ပြီးရင် မျက်နှာသစ်ပေါ့၊ ထမင်းစားပွဲမှာ မြင်ရတဲ့ ဟင်းနဲ့ထမင်းတွေကို အာရုံပြုပြီး ဒါတွေဟာ ခန္ဓာကိုယ်ထဲကို မကြာခင် ရောက်တော့မယ့်အရာတွေ၊ ပြီးရင် အားလုံး ပျောက်ပျက်သွားမှာပဲ၊ အရသာ ရှိရှိမရှိရှိ အစာအိမ် လုံလောက်တဲ့ အနေအထားထိပဲ စားမယ်ဆို စားတာ မမဘုတ်ရဲ့"

ဖြိုးဝေယံက ချီးကျူးစကား ဆိုလိုက်သည်။





"ဂွဒ်အိုင်ဒီယာပဲ. . . ဒါမျိုး လူတိုင်းကျင့်နိုင်ရင် ကောင်းမယ် သိလား"

မေမြတ်စိုးကတော့ ပလုတ်ပလောင်း စားနေရင်းမှ. . .

"တို့ကတော့ အစာအိမ်ကို မှတ်ပြီးမစားနိုင်ပေါင်၊ ကြိုက်ရင် စားမယ်၊ မကြိုက်ရင် မစားဘူး"

ဖြိုးဝေယံက သူ့ပန်းကန်ထဲရှိ အသည်းအမြစ်ကို မေမြတ်စိုးနှင့် နန်းကျော့နွယ် ပန်းကန်ထဲသို့ ခွဲထည့်ပေးလိုက်သည်။

"ဘုတ်ကတော့ အသည်းအမြစ် ကြိုက်တာ ငါသိတယ်၊ ကျော့ ကြိုက်မကြိုက်တော့ မသိဘူးနော်၊ စားမှာသာစား. . . အားမနာနဲ့"

အရင်တုန်းက အသည်းအမြစ် ကြိုက်တတ်သော မေမြတ်စိုးအား အမြဲတမ်း ထည့်ပေးတတ်သော ဖြိုးဝေယံ၊ ခု နှစ်ယောက်ကို ခွဲထည့်ပေးတော့ မေမြတ်စိုးရင်ထဲ မကောင်း။

"နန်း စားပါဟာ၊ ငါ့ပန်းကန်ထဲမှာ ဟင်းတွေ များနေလို့ပါ"

"မမဘုတ်ကလည်း လုပ်ပြီ"

ကြက်အသည်းအမြစ်ဖတ်ကို နန်းကျော့နွယ်ထဲ ထည့်ပေးလိုက်သော မေမြတ်စိုး မျက်လုံးတွေက မသိမသာ ရီဝေနေသည်ကိုတော့ ဖြိုးဝေယံ သတိထားမိလိုက်သည်။


သို့ပေမယ့် မေမြတ်စိုးကို သူ့ရင်ထဲက သံယောဇဉ်ကြိုးတစ်စ နှောင်ဖွဲ့ရစ်ပတ်ထားသည်က ငယ်သူငယ်ချင်းလိုပင်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၆)

ဖြိုးဝေယံ၊ မေမြတ်စိုးနှင့် နန်းကျော့နွယ်တို့ သုံးယောက်စလုံး (၁၀)တန်းကို နှစ်ချေင်းပေါက် အောင်ကြသည်။ အမှတ်တွေထွက်လာတော့ ဖြိုးဝေယံနှင့် မေမြတ်စိုးက 'အီး' မေဂျာ ယူလိုက်ကြသည်။ နန်းကျော့နွယ်က မြန်မာစာပဲ ယူသည်။

တက္ကသိုလ်နေရာချင်းတော့ ကွာသွားကြသည်။ ဖြိုးဝေယံနှင့် မေမြတ်စိုးက တာဝမှာ တက်ရသည်။ နန်းကျော့နွယ်က ဒဂုံတက္ကသိုလ်မှာ၊ (၁၀)တန်းအောင်သဖြင့် နန်းကျော့နွယ်အဖေက ကားဝယ်ပေးသည်။ နဂိုကတည်းက ကားမောင်းကျွမ်းကျင်ခဲ့သောသူမအဖို့ ဒဂုံတက္ကသိုလ်နှင့် တာဝကို အိမ်ဦးနှင့်ကြမ်းပြင်လိုပင်။

ပျင်းပျင်းရှိလျှင် ရောက်တတ်လာသော နန်းကျော့နွယ်က





ကျောင်းမှာ ဖြစ်ပျက်သမျှ အလုံးစုံကို မေမြတ်စိုးအား ဖောက်သည်ချတတ်လေသည်။ ဒါတွေအားလုံးကို ကြားပြီး ဒွိဟနေတာက ဖြိုးဝေယံပင်၊ သူနှင့် ဘာမှမဆိုင်သော်လည်း ဆိုင်သလို ခံစားရသည်။

"မမဘုတ် သိလား၊ နန်းကိုလေ. . . ဆေးက ကိုကျော်စွာဆိုတဲ့သူက ချစ်ခွင့်ပန်တယ်၊ ဆိုးတော့ မဆိုးပါဘူး၊ သူဌေးသားတော့ သူဌေးသားပဲ၊ ဒါပေမယ့် သိပ်ရင်ခုန် မခံစားရပါဘူး မမရာ"

ရင်ခုန်မခံစားရဘူးဆိုတော့ တော်သေးသည်။

သို့သော်. . .

ဖြိုးဝေယံရင်ထဲ နာဂစ်လေမုန်တိုင်း ဝင်ရောက်သည့်နှယ် တုန်ဟီးသွားသည်။ လက်နှေးနေလို့မဖြစ်၊ ဒီပုံစံအတိုင်းဆိုလျှင် နောက်ကောက်ကျသွားနိုင်သည်။

အင်း. . . သူမကလည်း မြင်သူငေးလောက်အောင် အလှသရဖူ ဆောင်းနေသူ။ နောက်ပြီး ကိုယ်ပိုင်ကားကို ကိုယ်တိုင်မောင်းကာ ကျောင်းတက်နေသူဆိုတော့ ပန်းကလေးကလည်း မာန်တဝင့်ဝင့်၊ ပျားပိတုန်းတွေကလည်း ဟန်တဝင့်ဝင့်နဲ့ ဝိုင်းဝိုင်းလည်နေမှာ အမှန်၊ ခုခေတ်က ဖူးစာမရှိ၊ ဦးရာဖြစ်သည်။

"ဟွန်း"

ဖြိုးဝေယံ သက်ပြင်းချလိုက်ပြီး မေမြတ်စိုးကို အသိမပေးဘဲ အကောင်အထည်ဖော်ဖို့ ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

အတန်းတက်နေသည့်အချိန် နန်းကျော့နွယ်အနားကို သူငယ်ချင်းဖြစ်သူက တိုးတိုးလေး လာပြောသည်။

"အီးမေဂျာက နင့်သူငယ်ချင်း ကင်တင်းမှာ ရောက်နေတယ်"

နန်းကျော့နွယ် ပျော်သွားသည်။ တစ်ခါမှ လာမလည်ဖူးသော မမဘုတ် လာလည်ပြီဆိုတာ သူသိနေသည်။ အတန်းဖျက်ပြီး လက်ဖက်ရည်ဆိုင်သို့ သူထွက်လာခဲ့သည်။ အဝေးကနေ သူ ကြို လှမ်းမြင်နေရတာက ဖြိုးဝေယံ၊ ဒါဆို မမဘုတ် မပါဘူးပေါ့၊

ဖြိုးဝေယံနှင့် ပတ်သက်ပြီး နန်းကျော့နွယ် ရင်ခုန်ခဲ့ဖူးတာ တော့ သေချာသည်။

ဖြိုးဝေယံ မျက်လုံးတွေရဲ့ ဒဏ်ကို ကြာကြာမခံနိုင်။ ယောကျ်ားပီသပြီး အမြဲတမ်း ပြုံးပြုံးရွှင်နေတတ်သော သူ့ကို မြင်လျှင် နန်းကျော့နွယ်လည်း ပျော်နေတတ်သည်။

မှတ်မှတ်ရရ ရုပ်ရှင်ရုံထဲမှာ သူ့လက်ကို ဆုပ်ကိုင်ထားစဉ်





အမှောင်ထဲက စိုက်ကြည့်နေသော ဖြိုးဝေယံအပြုံးကို ဘယ်တော့မှ မမေ့။

မိမိသူငယ်ချင်းများကို ဖွင့်ဟကြေညာခဲ့ဖူးသလို ရင်ခုန်ခံစားရမှု အချစ်ဆိုလျှင် ဖြိုးဝေယံကို နန်းကျော့နွယ် နည်းနည်းတော့ ရင်ခုန်မိနေပါလားဟု ကိုယ့်ကိုယ်ကို အသေအချာ ဆန်းစစ်မိလေပြီ။

"ကိုဖြိုးတစ်ယောက်ထဲလား၊ မမဘုတ် မပါဘူးလား"

"ဟင့်အင်း. . . ကျော့ဆီကို သက်သက်လာတာ"

"အဟက်. . . တကူးတက လာတော့ ကျော့က အိမ်ရှင်ပဲ၊ ပြော. . . ကိုဖြိုး ဘာစားမလဲ"

နန်းကျော့နွယ်အမေးကို ဖြိုးဝေယံက မဖြေ၊ သူမေးချင်ရာကိုသာ. . .

"ကျော့ အတန်းပြီးသွားပြီလား"

"ပြီးတော့ မပြီးသေးဘူး၊ ဒါပေမယ့် ရပါတယ်၊ ကိုဖြိုး ဘယ်သွားချင်လို့လဲ"

လိုက်လျောမှုတွေက နန်းကျော့နွယ်ရင်ထဲ အလိုအလျောက် စီထွက်လာသည်။

"အချိန်ရမယ်ဆိုရင် ကိုယ့်ကို စကားပြောခွင့် ပြုစေချင်တယ်"

နန်းကျော့နွယ်စိတ်ထဲ ကြိတ်ရယ်ကာ ရင်ခုန်သံစဉ်များကို ချွန်းအုပ်ရင်း. . .

"စကားပြောတာများ ကိုဖြိုးရယ်၊ ဒီမှာပြောလေ. . . နေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ကိုယ်တို့ ဒဂုံတက္ကသိုလ်ဘူတာဘက် လမ်းလျှောက်ရင်း ပြောကြရအောင်"

"သွားလေ"

ကွန်ကရစ် လမ်းမကြီးအတိုင်း သူတို့နှစ်ဦး လမ်းလျှောက်လာကြသည်။

"ကိုယ်ဘာပြောမယ်ဆိုတာ ကျော့သိသလား"

ဒီတစ်ချီတွင်တော့ နန်းကျော့နွယ်က အသံထွက်အောင် ရယ်လိုက်ပြီး ဟန်ဆောင်မှု ကင်းမဲ့စွာပင်. . .

"သိပ်သိတာပေါ့. . . ရည်းစားစကား မဟုတ်လား"

"ဟင်း. . . ဟင်း. . . ကျော့က သိသားပဲ၊ ကေန္တ ဗိုက်ထဲမှာ မိုးနတ်မင်းကြီးများ ရှိထားလား မသိဘူး"

"ကိုဖြိုး ကျော့ကို ရည်းစားစကား ပြောမယ်ဆိုတာ မမဘုတ်ကို ဖွင့်ပြောပြီးပြီလား"

ရင်ထဲ၌ အရှင်းသန့်ဆုံးကို လိုချင်၍ စွန့်စားကာ မေးခွန်းထုတ်လိုက်သည်။

"မပြောရသေးဘူး. . . သူမသိအောင် ခုတောင် လစ်ထွက်လာရတာ"

"ဟင်း. . . အဲဒါတော့ ဘယ်ကောင်းမလဲ ကိုဖြိုးရယ်၊ ကိုဖြိုးနဲ့သူက တစ်အူတုံဆင်းနီးပါး ချစ်ကြတဲ့ သူငယ်ချင်းတွေပဲ"

နန်းကျော့နွယ်ရင်ထဲ စနိုးစနောင့် ဖြစ်သွားရသည်။ သို့သော် ဖြိုးဝေယံက ခပ်တည်တည်နှင့်. . .

"နေပါဦး. . . ကျော့က ဒါတွေ ပြောနေရအောင် ကိုယ်တောင်းမယ့်အဖြေကိုတော့ ပေးနေသေးလို့လား"





"အော်. . . ဟုတ်တယ်၊ ရယ်ရတယ်နော်"

နန်းကျော့နွယ်က ပွင့်ပွင့်လင်းလင်း ပြောခဲ့ပေမယ့် မျက်တောင်တဆုံး မကြည့်၊ မျက်စိတဆုံး ကြည့်ကာ ရှေ့ရေးကို တွေးနေမိသည်။ မမဘုတ်နှင့်ကိုဖြိုး ရင်းနှီးမှု အတိုင်းအတာကို ဥပေက္ခာပြုထားလို့မှ မရတာ။

"နေပါဦး ကိုဖြိုးရဲ့၊ ကျော့ဆီက အဖြေတောင်းတယ်၊ ကျော့က အဖြေပေးလိုက်တာနဲ့ အချစ်ဆိုတာ ပြီးပြည့်စုံသွားပြီလား"

တော်တော် စကားတတ်သည့် တောင်ကြီးသူဟု ဖြိုးဝေယံက ကောက်ချက်ချရင်း. . .

"အလုံးစုံ မပြည့်စုံအောင် တစ်ဝက်တစ်ပျက်လေးတော့ စိတ်ချသွားရပြီပေါ့"

"ဟာ. . . ကိုဖြိုးစကားက ဘာကြီးလဲ"

"ဟုတ်တယ်လေ. . . ကိုယ် ကျော့ကို စိတ်မချတော့ဘူး၊ သူများနောက် ပါသွားရင် ကိုယ် ရင်ကျိုးရချည်ရဲ့၊ ကျော့က အရမ်းလှနေတော့ ပိုဆိုးတာပေါ့"

"အဟတ်. . ဟင့်. . ဟင်း"

နန်းကျော့နွယ်က အားရပါးရ ရယ်လိုက်ပြန်သည်။

"ကိုဖြိုး ဒိုင်ယာလော့ခ်တွေကလဲ သိပ်ဆွေးတာပဲ၊ ကမ္ဘာကြီးဟာ ရွာကြီးဖြစ်တော့မယ့်အချိန်မှာ ဒီဒိုင်ယာလော့ခ်တွေ အမှိုက်ပုံးထဲ ရောက်သွားပြီ"

ဒဂုံတက္ကသိုလ် ဘူတာနားသို့ ရောက်လာကြသည်။ ရထားမလာသေး၍ လူရှင်းသလောက် ရှိနေသည်။

ဖြိုးဝေယံက ထီးကို ဖွင့်လိုက်သဖြင့်. . .



www.burmeseclassic.com

www.burmeseclassic.com


"ဟာ. . . ကိုဖြိုးကလည်း၊ နေလည်း ပူတာမဟုတ်ဘဲ၊ ထီးကြီး ပြန်ပိတ်လိုက်ပါ"

"ကျော့ပဲ မဆွေးတဲ့ ဒိုင်ယာလော့ခ် ပြောဆို"

ဖြိုးဝေယံက နန်းကျော့နွယ် ဘေးနား ကပ်ပြီး ထီးမိုးလိုက်သည်။ ပြီးမှ ထီးကို ခပ်ငိုက်ငိုက် စိုက်ရင်း နန်းကျော့နွယ် ပါးပြင်လေးကို အမိအရ "ရွှတ်"ကနဲ နမ်းလိုက်သည်။

နန်းကျော့နွယ်က တွန်းဖယ်လိုက်ရင်း. . .

"အို. . . ကိုဖြိုး၊ ဒါ ဘာလုပ်တာလဲ"

"ကျော့ပြောတဲ့ မဆွေးတဲ့ ဒိုင်ယာလော့ခ်လေ၊ အသံမပါဘဲ ပြောလိုက်တာ. . . ကြားရဲ့လား"

နန်းကျော့နွယ်က မျက်နှာကြီးတစ်ခုလုံး နီရဲသွားပြီး ဖြိုးဝေယံ ရင်ဘတ်ကို အဆက်မပြတ် ထုသည်။

"အဖြေမပေးရသေးဘဲ Result အောက်တာ အနိုင်ကျင့်တာပဲ၊ ကျော့မေးတာ မဖြေသေးဘဲ ဝေ့လည်ကြောင်ပတ် မလုပ်နဲ့ဦး"

"ဘာမေးလို့လဲ"

"မမဘုတ်ကို ဘာလို့ အသိမပေးတာလဲလို့"

ဖြိုးဝေယံ ရုတ်တရက် မျက်နှာပျက်သွားသည်။ သို့သော် ရုတ်ချည်းဆိုသလို မျက်နှာပြင်ကာ. . .

"လိုလို့လားကွာ. . . ကိုယ့်နှလုံးသားဆန္ဒကို ကိုယ်တစ်ယောက်တည်း ဆုံးဖြတ်ခွင့် ရှိတာပဲ၊ မိဘလည်း မလို၊ အချစ်ဆုံးသူငယ်ချင်းလည်း မလိုဘူး၊ ကိုယ့်နှလုံးသားက ကိုယ့်ဘဝတစ်ခုလုံးကျော့ထံပဲ ပုံအပ်လိုက်ပါတော့၊ (Pressure)ဖိအားပေးလို့ ကိုယ်



ကျော့ကို ဖွင့်ပြောတယ်၊ ကိုင်း. . . ကျော့ကကော အချစ်ကို နှလုံးသားနဲ့ တိုင်ပင်မဆုံးဖြတ်ပဲ ဘယ်အဖော်သဟာတွေနဲ့ ညှိနှိုင်းဦးမှာလဲ. . . ပြော"

ဖြိုးဝေယံ၏အမျှင်မပြတ် အပြောနဲ့အမေးက နန်းကျော့နွယ် နှလုံးသားတည့်တည့် ထိုးစိုက်ဝင်သွားလေပြီ။

နန်းကျော့နွယ် ပင့်သက်ကို ရှိုက်ကာ ဖြိုးဝေယံ မျက်ဝန်းထဲ စိုက်ကြည့်လိုက်သည်။

တွေ့လိုက်ပြီမို့ ဖြိုးဝေယံ ဒုတိယမ္ပိ အရဲစွန့်ကာ ထီးအကာအကွယ်ယူပြီး အနမ်းသုခိုးလေးတစ်ပွင့် ခွေလိုက်ပြန်လေတော့. .

"သွား. . . ကိုကိုလူလည်ကြီး မကောင်းဘူး၊ ဒီကပါးကို ဘယ်သူမှ နမ်းဖူးတာ မဟုတ်ဘူး"

ဖြိုးဝေယံတ လျင်မြန်စွာ နန်းကျော့နွယ် လက်ကလေးကို ဆုပ်ကိုင်လိုက်ရင်း. . .

"ဘယ်လိုခေါ်တယ်. . . ကိုကိုဟုတ်လား"

နန်းကျော့နွယ် ကိုယ်လုံးကလေးကို ဖြိုးဝေယံ ပွေ့ဖက်လိုက်သည်။

"ဟို. . . ဟိုမှာကြည့်နေကြတယ်"

ဖြိုးဝေယံ ဘေးဘီကို လှည့်ကြည့်သည်။ ဘာမှ မတွေ့၊ နန်းကျော့နွယ်က သူ့အပါးမှ ထွက်ပြေးရင်း. . .

"ဟား. . . ဟား. . . ကိုကိုလူလည်ကြီး ခံလိုက်ရပြီ၊ လယ်ကွင်းကြီးက ကြည့်နေတာ"

နောက်ကနေ ဖြိုးဝေယံ ပြေးလိုက်သွားသည်။ နှစ်ဦးသား ပြေးလွှားနေရင်းမှ မောပြီးရပ်လိုက်ကြသည်။ ချွေးကလေးစို့နေ



www.burmeseclassic.com

www.burmeseclassic.com

သော နန်းကျော့နွယ် မျက်နှာလေးက ပကတိအလှ ပေါ်လွင်ပြီးသားမို့ ချစ်စရာကောင်းလှသည်။

"ကိုကို့ကို ကျော့ တကယ်ချစ်လားဟင်"

"သိဘူး"

နန်းကျော့နွယ်က မျက်နှာတစ်ဘက် လွှဲကာ မချိုမချဉ် ချစ်စရာ မျက်နှာလေးနှင့်. . .

"အတည်ပြောပါ ကျော့ရယ်၊ ထောင်တန်တဲ့စကား ရယ်တာနဲ့ ပေါ့ ဆိုသလို မကောင်းဘူး"

"ကိုကိုကလည်း. . . ကျော့ပါးလည်း နမ်းပြီးပြီဟာကို ချစ်ပါတယ်လို့ ဆိုရအုံးမှာလား"

ဖြိုးဝေယံက နန်းကျော့နွယ် မေးစေ့လေးကို ကိုင်ရင်း. . .

"ဒါဆို ကိုကိုနဲ့ကျော့ ခုချိန်ကစပြီး ရည်းစားဖြစ်သွားပြီပေါ့"

"ထင်တာပဲ"

"ဟာ. . . ကျော့ကလည်းကွာ"

"ဟုတ်တယ်လေ. . . ကျော့မှ မသိတာ"

"မသိရင် မှတ်ထား၊ အပျိုလူပျို တစ်ဦးနဲ့တစ်ဦး ချစ်ကြိုက်သွားကြရင် ရည်းစားဖြစ်ပြီမှတ်"

"ရည်းစားဖြစ်တော့"

"အင်း. . . ရည်းစားဖြစ်တော့"

မသိသလိုနှင့် ချစ်ရည်လူးသောမျက်ဝန်းဖြင့် ကျီစယ်နေသော ကျော့ကို ဖြိုးဝေယံက မချင့်မရဲ ဖြစ်ပြီး ကျော့ပါးပြင်ကို အနမ်းပေးလိုက်တော့. . .

"အို. . . ကိုကိုကလည်း ကျော့ဆိုလိုတာက ကျော့တို့





နှောင်ရေးကို ဘာတွေ စဉ်းစားထားလဲလို့ပါ၊ တကတဲ. . . ရည်းစားရှိသေးတယ်၊ နမ်းလိုက်တာများ မပြောလိုက်ချင်ဘူး"

"ဒါက ချစ်သင်္ကေတလေ"

ကျော့မှာ ဟန်မူပိုကာ ပြောနေရပေမယ့် ချစ်သူ၏အနမ်းကို ကြည်နူးနှစ်သက်ပြီး တုန့်နိုင်းမရ ချမ်းမြေ့သာယာလွန်းလှသဖြင့် ပင်လယ်ရေ သောက်ရသည့်နှယ် သောက်လေသောက်လေ အငတ်မပြေ ဖြစ်နေမိသည်။

ထိုနည်းတူပင် ဖြိုးဝေယံမှာလည်း ချစ်ရတဲ့ကျော့ကို ထွေးပိုက်ကာ အချစ်တွေကို အနမ်းတွေအဖြစ် ကြင်နာလိုပေမယ့် တူနှစ်ကိုယ် မဟုတ်သောဝန်းကျင်ကြောင့် ချစ်ဆန္ဒကို မျိုသိပ်ရင်း ကျော့ပခုံးလေးကို ပွေ့ဖက်ကာ. . .

"ကိုယ်လည်း ကျော့ကို ဖွင့်ပြောမယ်ဆိုကတည်းက အဲ့ဒါတွေ ပြောမလို့ပါ၊ အချစ်ဆိုတာ ရင်ခုန်ခံစားရတာ မှန်ပေမယ့် ဘဝကို အနားကွပ်ဖို့ လိုတယ်လေ"

နန်းကျော့နွယ်က ဖြိုးဝေယံကို စိုက်ကြည့်ရင်း. . .

"ကိုကတော့လေ. . . ကျော့ထင်ထားတာထက်တောင် ပိုတော်နေတယ်"

"သိပ်မမြှောက်နဲ့. . . မိုးပေါ် ရောက်သွားအုံးမယ်"

ဖြိုးဝေယံ မေမြတ်စိုးကို သတိရလိုက်သည်။ သူ့အပေါ် သူငယ်ချင်းအချစ်ထက် ပိုနေသောသူမကို သူက ပိုလို့မရ၊ ဘာကြောင့်မှန်းမသိ၊ ယခုအချိန်မှာ သူနှင့် ကျော့ကိစ္စကို သူမ သိသွားရင် ခံစားရမှာ အမှန်။

"ကိုယ်နဲ့ကျော့ အနေအထိုင် ပိရိဖို့တော့ လိုတယ်နော်"



www.burmeseclassic.com

 www.burmeseclassic.com

"ဟုတ်ကဲ့ပါရှင်. . . ဒီက မိန်းကလေးပါနော်၊ ဆူးပေါ်ဖက်ကျလည်း ဆူးပဲ ကျိုးတာပါ"

"ကျော့ကတော့ လုပ်ပြီ"

"အဟိ"

"ကိုယ် စေတနာနဲ့ ပြောတာပါ ကျော့ရယ်၊ ကိုယ့်ဘဝခရီးဖော်အဖြစ် ကျော့ကလွဲပြီး ဘယ်သူမှ မဖြစ်စေချင်ဘူး၊ ကျောင်းပြီးလို့ ဘွဲ့ရတာနဲ့ ကျော့နဲ့ လက်ထပ်မယ်၊ ပြီးရင် ကိုယ်သဘော်တက်မယ်လေ"

"ကိုကသာ ပြောနေတာ၊ ကျော့ကလည်း ကို့ကို ဘယ်လိုစိတ်ချရမှာလဲ၊ မြန်မာဆိုရိုးစကား စကားပုံတောင် ရှိသေးတယ်၊ ဘာတဲ့. . . တစ်ချိုကွယ် တစ်မယ်မေ့ ဆိုတာလေ"

"အဲဒီလို မမေ့အောင် ဘယ်လိုလုပ်ရမလဲ ကျော့သိလား"

"ဟင့်အင်း. . . သိဘူး"

"လာ. . . ကိုယ် တိုးတိုးလေး ပြောပြမယ်"

ဝန်းကျင်အလစ်မှာ နန်းကျော့နွယ်ကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်ပြီး အနမ်းများ ပေးလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၇)

ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့ဆိုသလို အပြစ်ရှိသူမို့ အပြစ်မဲ့သည့် မေမြတ်စိုးမျက်နှာကို သူ စေ့စေ့မကြည့်ရဲပေ။ ထို့အပြင် မေမြတ်စိုး၏နှလုံးသားအလိုကို သူ သိနေပေမယ့် မဖြည့်ဆည်းနိုင်သည့်အတွက် စိတ်မှာ မကောင်းဖြစ်မိသည်။

တစ်ခုတော့ ရှိသည်။ မေမြတ်စိုး မိန်းကလေး ပီသခဲ့လျှင် ယောကျ်ားပျိုတွေက သဘောကျကာ မေတ္တာတောင်းခံလာကြမည်။

ဤသို့ဆိုလျှင် မေမြတ်စိုး နှလုံးသားက အခြားသူအပေါ် တိမ်းညွတ်သွားပေလိမ့်မည်။ သို့မှသာ သူလည်း ဖြေသာမည်။ ထို့ကြောင့် မေမြတ်စိုးကို မိန်းကလေး ပီသအောင် သူ ကြိုးစားရပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုတလော နင့်ကြည့်ရတာ တမှိုင်မှိုင် တတွေတွေနဲ့ဟာ၊ ဘာဖြစ်နေတာလဲ"

မေမြတ်စိုး စကားကို ဖြိုးဝေက ပခုံးတွန့်ပြရင်း. . .

"ငါ့ရင်ထဲမှာ ခံစားနေရတာတွေ ရှိတယ်ဟာ၊ အဲဒါ ဖွင့်ပြောဖို့က အရမ်းခက်နေတယ်"

"ဘယ်သူ့ကိုလဲ"

"ဘုတ်ကို"

"ဘာပြောမှာလဲ"

"မပြောတော့ပါဘူး ဘုတ်ရာ"

"မရဘူး. . . မရဘူး၊ နင် ပြောရမှာပဲ"

"ကဲ. . . ဒါဆို ငါပြောချင်တာပြောဖို့ နင် မိန်းကလေးလို ဝတ်ဟာ၊ ငါက မိန်းမဆန်မှ သဘောကျတာဟ"

"နင်ကလည်းဟာ. . . ဘာတွေ လျှောက်ပြောမှန်း မသိဘူး"

မျက်နှာမထားတတ်အောင် ရှက်သွေးဖြာသွားသော မေမြတ်စိုးကို ကြည့်ပြီး ဖြိုးဝေယံရင်ထဲ မချိဖြစ်သွားသည်။

"တကယ်ပြောတာ ဘုတ်၊ နင်သာ မိန်းကလေး အဝတ်အစားနဲ့ဆို ငါတို့မေဂျာကတောင် မကဘူး၊ ကျန်တဲ့မေဂျာကပါ နင့်ရှေ့ ဒူးထောက်ပြီး ကြွေကုန်ကြမှာ"

မျှော်လင့်တောင့်တသော ချစ်ဖွင့်လှာကို မကြားလိုက်ရ၍ မေမြတ်စိုးရင်မှာ သက်ပြင်းချရင်း. . .

"ငါ ဒါတွေ စိတ်မဝင်စားပါဘူးဟာ"

ဖြိုးဝေယံက ရယ်လိုက်ကာ. . .





"ဒါဆို နင်စိတ်ဝင်စားတာ ဘာလဲ"

မေမြတ်စိုး စိတ်ထဲကတော့ ငါစိတ်ဝင်စားတာ နင်ဟု ပြောလိုက်ချင်သော်လည်း မိန်းမသားမို့ စကားသံက အပြင်သို့ မထွက်။

"မသိပါဘူးဟာ. . . ခေါင်းရှုပ်တယ် မမေးတော့နဲ့"

နှစ်ယောက်သား ကားမှတ်တိုင်သို့ လမ်းလျှောက်လာရင်း

"ဖြိုးဝေ. . . ခုတလော နင်နဲ့နန်းကို ကြည့်ရတာ ငါ့စိတ်ထဲ တစ်မျိုးကြီးပဲ"

သိသာနေလားဟု ဖြိုးဝေယံရင်ထဲ တုန်လှုပ်သွားသည်။ သို့သော် ဘာမှမဖြစ်သလိုဟန်ဖြင့်. . .

"နင်ကလည်းဟာ. . . ဒါများ ထူးထူးဆန်းဆန်းလုပ်လို့၊ အရင်လည်း ဒီအတိုင်းပဲ နေတဲ့ဥစ္စာ၊ ဘာဖြစ်လို့လဲ ဘုတ်"

"ဘာမှမဖြစ်ပါဘူးဟာ"

မေမြတ်စိုး ရင်ထဲ ခုကျမှ အလုံးကြီး ကျသွားတာ ပိုသေချာမည်။ တကယ်လို့များ နန်းနှင့်ဖြိုးဝေ ရည်းစားဖြစ်သွားကြမည်ဆိုလျှင် သူ့ရင်ထဲက ဝေဒနာကို ကြိတ်မှိတ်ခံစားရုံပင်။

ဖြိုးဝေ ပြောသလိုသာဆိုလျှင် မိန်းကလေးဆန်ဖို့ သူ အမြန်ကြိုးစားရမည်။

ဘာကြောင့်မှန်းမသိ၊ သူ့စိတ်တွေ စုန်ဆန်ပြေးလွှားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ထဘီကို လှအောင် ဘယ်လိုဝတ်ရမလဲဟင်"

မေမြတ်စိုး မိခင်ဖြစ်သူ ဒေါ်မေသက်ပိုင်မှ မျက်လုံးပြူး သွားသည်။ ပြီးနောက် အိမ်ရှေ့မှာ ဂျာနယ်ဖတ်နေသော ခင်ပွန်း ဖြစ်သူအား. . .

"ဖေကြီးရေ. . . ရှင့်သမီးက ကျွန်မဆီမှာ ထဘီဝတ်နည်း လာသင်နေပြီတော့"

မေမြတ်စိုး ရှက်ကိုးရှက်တန်း ဖြစ်သွားသည်။

"မေမေကလည်း. . . ထဘီဝတ်သင်တာများ တစ်ရပ် ကွက်လုံး ကြားအောင် အော်ပြောရတယ်လို့"

"သိပါဘူးတော်. . . တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါပဲ ထူးထူးဆန်းဆန်းစကား ကြားရလို့၊ ဧကန္တ ငါ့သမီးလေး ရည်းစား များ တွေ့နေပြီလားလို့ပါ"

"အမေကလဲ"

မေမြတ်စိုး မလုံမလဲ ရှက်စနိုးနှင့် အိပ်ခန်းထဲ ဝင်သွား သည်။ မှန်တင်ခုံရှေ့မှာ သူဝတ်ဖို့ ရွေးချယ်ထားသည့် အဝတ်အစား





နှင့် ဖိနပ်များကို ကြည့်ပြီး. . .

"ဟူး. . . ခုချိန်ကျမှ ဒါကြီးတွေ ဝတ်ရမှာ ယားကျိကျိကြီး"

အဝတ်အစား အားလုံး လဲပြီး ဒေါက်မြင့်ဖိနပ်ကို စီးလိုက် သည်။ ဆလင်းဘက်လေးကို ဟန်ပါပါ ကိုင်ရင်း မှန်ထဲက သူ့ပုံရိပ် ကို သူကြည့်ကာ. . .

"ဘယ်လိုလဲ ဖြူးဝေ၊ ငါ မလှဘူးလား.နင် ငါ့ကို ပြောမယ် ဆိုတာ ပြောလေ"

"အို. . . နင်က ငါ့ကို ချစ်တယ်ပြောရအောင် ငါက ပြန် ချစ်ရမှာလား၊ မိန်းကလေးရှင့်. . . မိန်းကလေး၊ စဉ်းစားဖို့တော့ အချိန်ပေးဦးမှပေါ့"

မေမြတ်စိုးတစ်ယောက် မှန်ထဲက သူ့ပုံရိပ်ကို စကားပြော ရင်း ကျေနပ်နေစဉ်. . .

"သမီးရေ. . . သမီးရဲ့သူငယ်ချင်း နန်းကျော့နွယ် ရောက် နေတယ်"

မေမြတ်စိုး ရုတ်တရက် တံခါးဖွင့်ပြီး ထွက်အလာ. . .

"အံမယ်လေး"

"ဖေဖေ ဘာဖြစ်တာလဲ"

မေမြတ်စိုး အဖေကော အမေကောပါ သမီးဖြစ်သူကို ကြည့်ပြီး ပြုံးစိစိ ဖြစ်ကုန်ကြသည်။

"တော်သေးတာပေ့ါကွယ်. . . အိမ်မှာမို့လို့၊ အပြင်မှာဆို ဖေဖေ့သမီးကို ရှောက်သီးဆေးပြား ရောင်းတဲ့ မာမီကြီးနဲ့ မှားပြီး ခေါ်မိမှာ"

"ဖေဖေနော်. . . သမီး အော်ငိုလိုက်မှာ"



www.burmeseclassic.com

www.burmeseclassic.com



ညည့်ခန်းတွင် ထိုင်နေသော နန်းကျော့နွယ်အား မိခင်က ကြည့်ပြီး မေမြတ်စိုးကို. . .

"ညည်းကလည်း. . . ကိုယ့်သူငယ်ချင်းကို အတုယူပေါ့၊ ဟိုမှာကြည့်စမ်း၊ ဝတ်စားဆင်ယင်ထားတာ ဘယ်လောက် ပိပိရိရိ ရှိလဲ"

နဂိုကတည်းက မျက်ရည်ကျချင်နေတာ၊ မေမြတ်စိုး မျက်လုံးအိမ်ထဲမှ မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာသည်။

"အန်တီကလည်း. . . မမဘုတ်က သမီးထက် လှပါတယ်၊ ဝတ်နေမကျလို့ပါ"

"အေး. . . ညည်းအစ်မ ညည်းဖာသာ ဆင်ပေးလိုက်တော့"

နန်းကျော့နွယ်က မေမြတ်စိုး ပခုံးကို ဖက်လိုက်ပြီး. . .

"အကျီသွားလဲလိုက်တော့ မမဘုတ်. . . အအေးသွားသောက်ကြမယ်"

"ငါမလိုက်ချင်တော့ဘူး နန်းရာ"

"မမဘုတ်အတွက် တစ်ပတ်အတွင်း ထူးခြားစေမယ့်နည်း ပေးမလို့ပါ"

"ဘာနည်းလဲ"

"ဆွဲဆောင်မှုရှိတဲ့ မိန်းမတစ်ယောက် ဖြစ်နည်းလေ"

နန်းကျော့နွယ် စကားကြောင့် မေမြတ်စိုး ရှက်သွားသည်။

"မလုပ်ချင်ပါဘူး နန်းရာ"

"မရဘူး မမဘုတ်၊ ခုချက်ချင်း နန်းနဲ့ လိုက်ခဲ့ရမယ်"

မေမြတ်စိုး ခါးကို အတင်းလာဖက်သော နန်းကျော့နွယ်ကို





အားနာသွားပြီး. . .

"နန်း အပြင်မှာ စောင့်နေ၊ မမ အဝတ်အစား လဲလိုက်ဦးမယ်"

အဝတ်အစားလဲပြီး နန်းကျော့နွယ် ကားပါသောကြောင့် မေမြတ်စိုး ကားပေါ် တက်ထိုင်လိုက်သည်။

"ငါတို့ ဘယ်သွားမှာလဲ နန်း"

"အလှပြင်ဆိုင်"

"နန်းက လှပြီးသားကို ဘာထပ်ပြင်ဦးမှာလဲ"

နန်းကျော့နွယ်က ရယ်လိုက်ပြီးမှ. . .

"နန်း မပြင်ပါဘူး မမရဲ့၊ ပြင်ပေးသင့်ပေးရမယ့်သူ တစ်ယောက် ရှိလို့ပါ"

"ဘယ်မှာ သွားခေါ်ရမှာလဲ"

"အဝေးကြီး သွားခေါ်စရာ မလိုပါဘူး၊ နန်းဘေးမှာ သူ ရှိတယ်လေ"

မေမြတ်စိုး သဘောပေါက်ကာ အံ့ဩသွားသည်။

နန်းကျော့နွယ်က သူ့ကို အလှပြင်ဆိုင်မှာ အလှပြင်ပေးမယ်တဲ့၊ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ အလှပြင်ဆိုင် မသွားဖူးသောသူအတွက် ရှက်စရာ ကောင်းနေပြီလား။

ဘာပဲဖြစ်ဖြစ် ဖြိုးဝေယံကို သူ မိန်းမစင်စစ် ဧကန်ဖြစ်ကြောင်းကိုတော့ သူ သက်သေပြရမည်။

ဖြိုးဝေယံ သူ့အပေါ် အံ့ဩသွားဖို့ လိုသည်။

တော်ဝင်အလှပြင်ဆိုင်ဟု စာတန်းဆွဲထားသော တိုက်ခန်းထဲ ရောက်တော့ အဲယားကွန်း လွှတ်ထား၍ အေးစိမ့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com


သို့ပေမယ့်. . .

"မမလက်တွေ ချွေးစို့နေပါလား"

"အေး. . . ငါ့စိတ်ထဲ ကြောက်နေသလိုပဲ"

နန်းကျော့နွယ်က ရယ်လိုက်သည် ပြီးမှ. . .

"နောက်ဆိုရင် မမ နေသားကျသွားမှာပါ"

အမျိုးသမီးလေးယောက် ထိုင်ခုံပေါ်ဝယ် အလှပြင်နေတာ တွေ့ရသည်။ တချို့က မျက်ခုံးမွေး အလှဖော်နေသည်။ တချို့က မျက်နှာပေါင်းတင်နှင့် မေမြတ်စိုး ကြည့်ရတာနဲ့ပင် စိတ်အိုက်လာသည်။ အလှပြင်ဆိုင်မှ အမျိုးသမီးက နန်းကျော့နွယ်ကို သိပုံရသည်။

"မနန်း. . . ဘာပြင်ဦးမလဲ၊ လက်သည်းပုံဖော်မှာလား"

နန်းကျော့နွယ်က မေမြတ်စိုးလက်ကို ဆွဲပြီး. . .

"ကျွန်မ မပြင်ဘူး၊ ကျွန်မအစ်မ မမဘုတ်ကို ခေါင်းကနေ တစ်ကိုယ်လုံး အလှဆုံး ဖြစ်အောင်သာ ပြင်ပေးပေတော့၊ ဟင်း. . . ဟင်း"

မေမြတ်စိုး ငယ်ငယ်တုန်းက ကျောင်းစတက်မည့်အချိန် ကျောင်းမတက်ချင်၍ အမေကို တွဲလောင်းခိုထားသလိုမျိုး ခုလည်း နန်းကျော့နွယ်လက်ကို အတင်းကြီး ဆုပ်ကိုင်ကာ မလွှတ်။

"လိုက်သွားလိုက်ပါ မမဘုတ်ရယ်၊ ကြာလှ (၃-၄)နာရီပေါ့"

မေမြတ်စိုးလည်း နောက်ဆုံး စိတ်လျှော့လိုက်ရသည်။ သူ့ တစ်ကိုယ်လုံး အလှပြင်မယ်ဆိုတာ ဘာတွေ ပြင်မှာလဲ၊ အားလုံး အလှပြင်ဆရာမ ပြုသမျှ သူ နုရတော့မည်။ ဘေးမှ နန်းကျော့နွယ် က သူ့ကို စောင့်ရင်း. . .



"ဟောလိဝုဒ်က မင်းသမီးတွေ လှတယ်ဆိုတာ ပြင်ပြီးသွားရင် မမကို တွေ့တာနဲ့ ငိုသွားစေရမယ်"

"ဘာလဲ နန်း၊ ငါ့ကို လှောင်တာလား"

"ဆောရီးနော် မမဘုတ်၊ နန်းက စေတနာနဲ့ ပြောချင်ဇောပေါင်းပြီး ပြောမိတာပါ၊ ဒီဆိုင်က-အလှပြင်ဆိုင်လောကမှာ နာမည်ကြီး မမရဲ့၊ ကျွမ်းကျင်အလှပြင် ဆရာမတင် အယောက်(၂၀) လောက် ရှိတယ်၊ ပြီးတော့ သူ့ဘာသာရပ်နဲ့သူပဲ ပြင်တာ၊ အားလုံး လိုလို ယိုးဒယားကနေ အလှပြင် ဒီပလိုမာလက်မှတ် ရပြီးသားလေ"

နန်းကျော့နွယ် ချော့တော့လည်း မေမြတ်စိုး ပျော့လိုက်ရသည်။

အလှပြင်သည့်အလုပ်ကို သူ ငယ်ငယ်ကတည်းက မလုပ်ချင်သည့်အလုပ်၊ တကယ်ဆိုလျှင် သဘာဝအတိုင်း ပွင့်နေသည့် ပန်းလေးတွေကို ပြုပြင်ယုယမွမ်းမံစိုက်ပျိုးထားသည့် ပန်းကလေးတွေထက် သူ ပို၍မြတ်နိုးသည်။ သို့သော်လည်း. . .


www.burmeseclassic.com

www.burmeseclassic.com




## အခန်း(၈)

"ခိုက်တယ်ကွာ"

ပုရိသန္ဓယ်ဝင် ယောကျာ်းသားတို့၏ရင်မှ ထွက်ပေါ်လာသော ခံစားချက်ကို ဣတ္ထိယန္ဓယ်ဝင် မေမြတ်စိုး ကျေနပ်ချမ်းမြေ့သွားမိသည်။

ယောကျာ်းအသွင် မည်သို့ပင် ပြောင်းလဲကာ "ဆင်သေကို ဆိတ်ရေဖြင့် ဖုံး" ခဲ့ပေမယ့် မေမြတ်စိုးသည် မိန်းမပဲ ဖြစ်သည်။ သို့အတွက်ကြောင့် အရှိကို အရှိအတိုင်း မိန်းကလေး အပြင်အဆင်နှင့် တန်ဆာဆင်လိုက်တော့ အကွေ့အကောက် အဖုအမောက်တွေက ပေါ်လွင်လာပြီး မြင်သူငေးကြပေသည်။

သို့ပေမယ့် မေမြတ်စိုးအလှကို သူတို့အတွက်မဟုတ်၊



တစ်ယောက်သောသူအတွက်သာ။

သူက. . .

ငယ်ကျွမ်းဆွေ ဖြိုးဝေယံ။

မိန်းကလေးလို ဝတ်စားဆင်ယင်မှ သဘောကျမည်၊ ကြိုက်နှစ်သက်မည်ဆိုတော့ ထိပ်တန်းချစ်နေရသူ မေမြတ်စိုးမှာ သူ့အလိုကျ။

လှပကျော့ရှင်းသော ဆံပင်ပုံစံ၊ မိတ်ကပ်ပါးပါးလေး လိမ်းခြယ်ထားသော မျက်နှာပြင်၊ ပန်းနုရောင် နှုတ်ခမ်းဆိုးဆေးလေးနှင့် လိုက်ဖက်မည့် ပန်းနုရောင် ပိုးသားအင်္ကျီလေးကို ဝတ်ဆင်လိုက်သည်။

ကျောင်းထဲသို့ ဝင်လာတော့ ပြောင်းလဲလာသော မေမြတ်စိုး ပုံစံကို ကျောင်းသားကျောင်းသူတိုင်းက ငေးမောကြည့်ကြသည်။

သူများတွေ ကြည့်ဖို့ သူ ဝတ်စားဆင်ယင် ပြင်ဆင်လာတာ မဟုတ်၊ သူကြည့်လိုသူက တစ်ယောက်။

သို့သော်. . .

မြင်လိုသူကို မတွေ့။

မျက်လုံးအလုပ်ပေးကာ ရှာကြည့်သည်။ မတွေ့၊ မကျေနပ်နိုင်။

မေမြတ်စိုးအလှကို သူမြင်မှဖြစ်မည်။ သို့မှသာ သူဖြစ်စေချင်သော မိန်းမသားပီသမှု မေမြတ်စိုးအလှတွေကို သူကျေနပ်မည်။

တကယ်လို့များ ဖြိုးဝေယံက သူ့ဆန္ဒ ပြည့်ဝသည်မို့ မေမြတ်စိုးကို ချစ်တဲ့စကား ဖွင့်ပြောလာလျှင် ဘာပြန်ပြောရမလဲ စဉ်းစားရမည်။


www.burmeseclassic.com

www.burmeseclassic.com

ချစ်ပါတယ်လို့ ချက်ချင်း အဖြေပေးလိုက်လျှင် မိန်းမသား တန်ဖိုး လျော့သွားလေမလား၊ အိုက်တင်ခံနေပြန်ရင်လည်း မကောင်း၊ စိတ်ပျက်သွားမှာစိုးရသည်။

ဖြိုးဝေယံဟာ မေမြတ်စိုးအပေါ် တည်ကြည်ခိုင်မာစွာ ရပ်တည်ပေးမယ့်သူမို့ ဘဝတစ်ခုလုံးအတွက် အားကိုးစရာပင်၊ အို့ . . . မထူးပါဘူး၊ ချက်ချင်းအဖြေပေးလိုက်မယ်။

အဖြေပေးလိုက်ရင် နောက်ဆက်တွဲက တွေးမိတာ ရင်ခုန်သွားမိသည်။

အတွေးများနှင့် မျှော်လင့်ရင်း ဖြိုးဝေယံအလာကို စာသင်ခန်းရှေ့မှာ စောင့်နေလိုက်သည်။ကျောင်းတက် Bell သာ မြည်လာသည်။ သူက ပေါ်မလာ။

စိတ်မပါသော်လည်း တစ်ချိန်ပြီးအောင် တက်လိုက်သည်။ စာထဲမှာ စိတ်မဝင်စား၊ ဖြိုးဝေယံတစ်ယောက် နေမကောင်းလို့လား၊ ဒါမှမဟုတ် နန်းကျော့နွယ်ဆီ ရောက်နေမလား၊ သိလိုစိတ်ပြင်းပြနေမှုကြောင့် တစ်ချိန်ပြီးမှာ နန်းကျော့နွယ် ရှိရာ ဒဂုံတက္ကသိုလ်သို့ ကကငှားကာ ထွက်လာခဲ့သည်။

ဒဂုံတက္ကသိုလ်မှာ မနန်း အတန်းဖော်ကို မေးကြည့်တော့ ဖြိုးဝေယံနှင့်အတူ ထွက်သွားကြောင်း သိလိုက်ရသည်။

ရင်မှာ မောသွားသည်။

အင်း . . . သူတို့နှစ်ဦး ဘယ်များသွားပါလိမ့်၊ ရိုးမှရိုးရဲ့လား၊ ချိန်းတွေ့ကြတာလား၊ မဖြစ်နိုင်၊ ဖြိုးဝေယံကို မေးခဲ့စဉ်က ဝန်မခံ၊ ငြင်းခဲ့သည်။ နန်းကျော့နွယ်ကလည်း ဖွင့်မပြော၊ ရိုးလို့သာ ဖြစ်မည်။ ဘာများအရေးကြီးလို့ ဘယ်ကိုများ သွားကြပါလိမ့်။





မေမြတ်စိုး စိတ်ပျက်စွာနှင့် ဒဂုံတက္ကသိုလ်ဘူတာဘက် လျှောက်ခဲ့သည်။

ရထားလမ်းဘေး သစ်ပင်ကြီးကို ကွယ်ပြီး လယ်ကွင်းပြင်ကို မျက်နှာမူသော ချစ်သူစုံတွဲကို ကြည့်လိုက်သည်။

ချစ်သူနှစ်ဦး အနမ်းမိုးတွေ စွေနေကြသဖြင့် မေမြတ်စိုး မျက်လုံးရှက်သွားမိပြီး မျက်နှာလွှဲလိုက်သည်။

အားကျစရာပင်။

မေမြတ်စိုးနှင့် ဖြိုးဝေယံသာ ချစ်သူဖြစ်ခဲ့ရင်တော့ သူတို့လိုပင် မေမြတ်စိုးလည်း ဖြိုးဝေယံ ရင်ခွင်ထဲမှာ နေပြီး ချစ်သူ၏ ကြင်နာမှုတွေနှင့် အနမ်းတွေ ဝေရင်ဖြင့်လို့ တွေးမိလိုက်ပြီး ယောင်ယမ်းကာ ပါးလေးကို လက်ဖြင့် သပ်လိုက်မိသည်။

ပြီးမှ သတိရကာ ရှက်ပြုံးပြုံးမိလိုက်သည်။

ထိုစဉ် . . .

တွေ့လိုက်ရသောမြင်ကွင်းကြောင့် မေမြတ်စိုး အသက်ရှူရန်ပင် မေ့သွားသည်။ မတ်တတ်မှ လဲပြိုမတတ် ဖြစ်သွားပြီး မဟုတ်ပါစေနဲ့လို့ ဆုတောင်းလျက် သေချာစွာ ထပ်ကြည့်လိုက်သည်။ ဆုတောင်း မပြည့်လိုက်ပါ။

ဖြိုးဝေယံက နန်းကျော့နွယ်ကို ရင်ခွင်မှာ ထွေးပိုက်လျက် လောကကြီးကို မေ့နေသည်။ တလောကလုံးမှာ သူတို့နှစ်ယောက်ထဲ ရှိသည်အထင်နှင့် ကုက္ကိုပင်ကြီးကို ကျောခိုင်းကာ အနမ်းတွေ ချွေနေကြသည်။

မေမြတ်စိုး သူတို့နှင့် ဝေးရာဆီသို့ ပြေးထွက်သွားသည်။ သူတို့ကတော့ မသိ။ နှစ်ဦးသား အချစ်ချောင်းလေးထဲမှာ အနမ်း



www.burmeseclassic.com

 www.burmeseclassic.com

ပန်းတွေ မျှောနေဆဲ။

မချိသူက မေမြတ်စိုး။ မျှော်လင့်ခြင်းကမ်းပါး ပြိုကျသွားသည်မို့ အသူတစ်ရာနက်သော ချောက်ကမ်းပါးထဲကို ထိုးကျသွားသည့်နှယ် ခံစားနေရသည်။

ရက်စက်လိုက်ပါဘိ ဖြိုးဝေယံရယ်၊ နင်လိုချင်လှပါတယ်ဆိုတဲ့ ခရေပန်းကို ငါ ယူလာခဲ့ပေမယ့် နင့်မှာ နှင်းဆီပန်းတွေ ဝေနေတော့ ငါ ကြေကွဲမိတယ်။

ရင်မှာ စို့နစ်လာသည်မို့ မျက်ဝန်းမှ မျက်ရည်တွေကလည်း လိမ့်ဆင်းလာသည် ထိန်းမရတော့။

ထိုအခိုက်. . .

ဘူတာသို့ ရထားဆိုက်ရောက်လာသဖြင့် ရထားပေါ် တက်ရောက်လိုက်သည်။ ဘယ်ကို သွားရမှန်းမသိ၊ ဦးတည်ရာ မဲ့နေသည်။ သေချာသည်က ရထားနှင့်အတူ သူတို့နှင့် ဝေးရာ တစ်ကမ္ဘာသို့ ပြေးထွက်လာမိတာ အမှန်. . .။





# အခန်း(၉)

ဖြိုးဝေယံ အံ့ဩသွားသည်။

အစတော့ မြင်တွေ့လိုက်ရသော မြင်ကွင်းကို ဟုတ်မှ ဟုတ်ရဲ့လားဟု သံသယ ဖြစ်သွားသည်။

အပေါင်းအသင်းတွေ ပြောတာကို မယုံ၊ ကိုယ်တိုင်မြင်တွေ့မှ အံ့ဩသွားသည်။ မေမြတ်စိုး မိန်းကလေး ပီပီသသ ဝတ်ဆင်ထားပုံက အချိုးကျကျနှင့် မိန်းမသားတစ်ဦး၏ အလှအပတွေ ပေါ်လွင်ပြီး မြင်ရသူ ယောကျ်ားသားများ ခိုက်လောက်အောင် လှရက်လွန်းပေသည်။

မေမြတ်စိုးမှာတော့ ဖြိုးဝေယံကို မြင်မြင်ချင်း ရင်မှာ စို့ရှိုက်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ရက်စက်လိုက်တာ ဖြိုးဝေရယ်၊ မချစ်ရင် မလှည့်စားနဲ့ပေါ့၊ ခုတော့ နင်ဖြစ်စေချင်တာကို ငါဖြစ်အောင် လုပ်ပြီးမှ နင်လုပ်ရက်လွန်းတယ်" ဟု ဖြိုးဝေရင်ကို ထုရိုက်ကာ ငိုကြွေးလိုပေမယ့် မိန်းမသားဆိုတော့ အခက်သား။ ဝေဒနာကို မြိုချလိုက်ပြီး ရင်ဆိုင်လိုက်သည်။

"ဘုတ်. . ."

"ဘာလဲ"

"ငါ့သူငယ်ချင်း ဒီလို မိန်းကလေးစစ်စစ်အဖြစ် သိပ်လှနေတာ တွေ့ရတော့ သိပ်ဝမ်းသာတယ်ဟာ"

"အပိုတွေ"

"တကယ်ပါ. . . နင် မိန်းကလေးလို ဝတ်စားနေတော့ ငါစိတ်ချသွားပြီ"

"ဘာဖြစ်လို့"

"ဪ. . . မိန်းကလေးဆိုတော့ မိန်းကလေးတွေနဲ့ တွဲရပြီပေါ့။ နို့မဟုတ်ရင် မိန်းကလေးဖြစ်ပြီး ယောကျာ်းလေးတွေနဲ့ တွဲတော့ ငါ့လို သူငယ်ချင်းက ကိစ္စမရှိဘူး၊ အခြားစိတ်မမှန်တဲ့သူတွေနဲ့ဆိုရင် နင်မလွယ်ဘူး"

ဖြိုးဝေယံ၏စေတနာအမှန်ကို သိရတော့ ရင်ထဲမှာ မကောင်းဖြစ်မိတယ်၊ သူက စေတနာအမှန်နဲ့ ဖြစ်စေချင်တာကို မေမြတ်စိုးက အယူလွဲခဲ့ပါလားလို့ ကိုယ့်လိပ်ပြာကိုယ်မသန့် ဖြစ်မိတယ်။

"အေးပါ. . . ခု နင်ဖြစ်စေချင်တာ ဖြစ်ပြီမဟုတ်လား"

"အေး. . . နင်ခုလို မိန်းကလေးပီပီ ဝတ်ဆင်လိုက်တော့





ငါ့အပေါင်းအသင်းတွေက နင့်ကို မျက်စိကျနေကြတယ်. . . အဟိ"

"ကျရင် ပြန်ကောက်လိုက်ပေါ့"

လူက အသွင်ပြောင်းပေမယ့် စိတ်က မပြောင်းနိုင်သေးဘဲ ပြောလိုက်မိသည်။ ရင်ထဲမှာတော့ တစ်လောကလုံး မျက်စိကျတာထက် နင်မျက်စိကျဖို့ ငါလိုလားတယ်၊ အို. . . ဒါကလဲ ငါ့ရဲ့တစ်ဖက်သတ် အတွေးပါ၊ ခုတော့ အသွင်ပြောင်းပေမယ့် အခါနှောင်းသွားပြီလေ၊ နင့်ရင်ထဲမှာ ငါ့အတွက် နေရာမှ မရှိတော့တာ။

"ဘုတ်. . ."

"ဘာလဲ"

"နင့်စိတ်ပါ ပြောင်းလိုက်ရင် ပိုကောင်းမယ်"

"မိန်းကလေးဆိုတာ ရုပ်ပိုင်းဆိုင်ရာ နူးညံ့ရုံသာ မကဘူး၊ စိတ်ပိုင်းဆိုင်ရာ မိန်းကလေး ပီပီသသ ဖြစ်အောင် အပြောအဆို သိမ်မွေ့ရမယ်လေ"

ဒါတွေ ငါ့လာမပြောနဲ့၊ မိနန်းကို သွားပြောဟု စိတ်ကူးလိုက်ပေမယ့် နှုတ်က မထွက်၊ မပြောလိုတော့ပါ။ မသိစေချင်တာကို မသိချင်ယောင်ဆောင်ကာ ဝေဒနာကို မြိုချလိုက်တာ အကောင်းဆုံးပဲ။

သို့ပေမယ့် ဇီဇာက မပျောက်၊ မျက်စောင်းက မကျေနပ်ချက်ကို ခွေလိုက်တော့သည်။

"မိန်းကလေး ပီသစမ်းပါ ဘုတ်ရာ"

"ပီသတော့"

"ပီသတော့ လင်ကောင်းသားကောင်း ရတာပေါ့"

"အဟတ်"


www.burmeseclassic.com

www.burmeseclassic.com


မေမြတ်စိုး ပြုံးလိုက်မိသည်။

အငိုမျက်လုံး အပြုံးမျက်နှာ ဆိုရသော်လည်း သူ့ရင်မှာ အက်ကွဲနေသည်။ တစ်သက်မှတစ်ခါ နှလုံးသားထဲက ပွင့်လန်းလာသည့် မေတ္တာပန်းဟာ ရည်စူးသူ မပန်လိုရင်ဖြင့် အခြားပန်လိုသူတွေအတွက် ပန်ခွင့်မပေးနိုင်တော့ဘူးဆိုတာ မေမြတ်စိုးမှတပါး သိမှာ မဟုတ်တော့ပေ။

“ကိုကို့. . . မမဘုတ် ဘာဖြစ်နေတာလဲဟင်”

“သိဘူးလေ”

“ကျော့စိတ်ထဲမှာ တစ်ခုခု သိနေသလိုပဲ၊ ကိုကို့ကို ဖွင့်ပြောရင် ကောင်းမလား မကောင်းဘူးလားဆိုတာ စဉ်းစားနေတာ”

နန်းကျော့နွယ်က ခုတလော မေမြတ်စိုး သူ့ကို ရှောင်နေတာ သတိထားမိသည်။ ကျောင်းထဲသို့ လာလျှင် ဖြိုးဝေယံသာ



တွေ့ရပြီး မေမြတ်စိုးကို ဘယ်တော့မှ မတွေ့။ သည့်အတွက် ‘အိုးမလုံအုံပွင့်’ စိတ်မလုံ ဖြစ်ရသည်တ နန်းကျော့နွယ်။

ဖြိုးဝေယံက နန်းကျော့နွယ် ခေါင်းလေးကို ကိုင်လိုက်ပြီး

“ဘုတ်အကြောင်းကို ကိုယ့်လောက် သိတာ ရှိမလား ကျော့ရယ်၊ သူ့စိတ်ထဲမှာ သူ့အိမ်နဲ့ တစ်ခုခု အဆင်မပြေတာ ဖြစ်မှာပါ”

“မဟုတ်ဘူး ကို၊ သူ ကိုကို့ကို ချစ်နေတာ၊ ကျော့နဲ့ကိုကို ချစ်သူတွေ ဖြစ်သွားတာ သိလို့ သူ ခံစားနေရတာ သိလား”

ဖြိုးဝေယံက ရယ်လိုက်ပြီး. . .

“မဟုတ်တာတွေ ကျော့ရယ်၊ ဘုတ်က နဂိုကတည်းက ယောကျ်ားစိတ် ရှိတာ၊ ကျော့ပြောသလို အချစ်တွေဘာတွေဆိုတာ စိတ်ရှုပ်စရာလို့ သူအမြဲပြောဖူးနေတာပဲ”

“ကိုကလည်း. . . ကျော့လောက် မိန်းကလေးတစ်ယောက် အကြောင်း ပိုသိနိုင်ပါ့မလား”

“ဟင်. . .”

ဖြိုးဝေယံ တွေဝေသွားသည်။

“မဟင်နဲ့ ကို၊ ခုချိန်မှာ ကိုကို့ဘက်က အဓိက လုပ်သင့်တာက သူ့အပေါ် အရင်အတိုင်း ကြင်နာယုယပြဖို့ပဲ”

ဖြိုးဝေယံ စိတ်မှာ မကောင်းတော့ ကျော့ပြောသလို ဘုတ် သူ့အပေါ် ချစ်တဲ့စိတ် တကယ်ဝင်သွားပြီလား၊ သံယောဇဉ် ငြိတွယ် ရစ်ပတ်ရအောင် သူ ဘုတ်အပေါ် ဘာတွေများ ငြိတွယ်မိခဲ့လေသလဲ။

အစက မှုန်ဝါးဝါးလေး ထင်မိခဲ့သည်။

သို့သော် တိမ်းမယောင် ယိမ်းမယောင်ဖြစ်နေသော ပန်း


www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ဆွတ်ချူရန် နှလုံးသားက မနှိုးဆွတော့ အခက်သား။

ဩော်. . . သူငယ်ချင်းအချစ်ကနေ ချစ်သူအဖြစ် ပြောင်းလဲသောအချစ်သည် မုန်တိုင်းကဲ့သို့ ပြင်းထန်သည် ဆိုစကားနှယ် ခံစားနေရမည့် မေမြတ်စိုးအတွက် ဝေဒနာတစ်ရပ် ရင်မှာ ဖြစ်ပေါ်လာမိသည်။







## အခန်း(၁၀)

ဖြိုးဝေယံ ကျောင်းက ပြန်လာတော့ မိခင်က သူ့အား စာတစ်စောင် လာပေးသည်။

"ဘယ်သူလာပေးသွားတာလဲ အမေ"

"မနက်က ဘုတ် လာပေးသွားတာလေ၊ မေမေ့ကိုလည်း သူတို့ပြောင်းတော့မယ် လာနှုတ်ဆက်တာဆိုပြီး ထိုင်ကန်တော့သွားသေးတယ်၊ ဖြူန်းစားကြီးကွယ်. . . ဆိုင်းမဆင့် ဗုံမဆင့်"

ဖြိုးဝေယံ စာကို ကမန်းကတန်း ဖွင့်ပြီး ဖောက်ဖတ်လိုက်သည်။ မေမြတ်စိုး လက်ရေးသေးသေးလေးတွေကို ဖတ်ကြည့်လိုက်တော့. . .



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးဝေ

နန်းနဲ့နင့်ကို ငါနှုတ်ဆက်ခဲ့ပါတယ်၊ ငါတို့အမေ ရာထူးပြောင်းနဲ့ မန္တလေးကို ငါတို့တစ်မိသားစုလုံး ပြောင်းရတယ်လေ၊ နင်နဲ့ငါ ခင်မင်ခဲ့ရတာတွေ ငါ့ရင်ထဲမှာ ဘယ်တော့မှ မေ့ရမှာ မဟုတ်တော့ပါဘူး။ တချို့အကြောင်းအရာတွေ ငါ့ရင်ထဲမှာ နင့်ကို ဖွင့်ပြောချင်ပေမယ့် ဖွင့်မပြောတော့ပါဘူး။ နန်းကိုတော့ နင် သစ္စာရှိရှိ ရှိပြော၊ ပေါင်းပါ နင်တို့နှစ်ယောက်ရဲ့ ဘဝခရီးလမ်း ဖြောင့်ဖြူးပါစေ ဆုတောင်းလိုက်ပါတယ်၊

နင့်ရဲ့သူငယ်ချင်း

ဘုတ်

"ဟင်. . ."

ဖြိုးဝေယံ အံ့သြသွားသည်။ ကျော့ပြောလို့လား၊ မဖြစ်နိုင်။

ဟင်. . . ကိုယ်က ပြောမထွက်ပေမယ့် ပန်းသတင်း လေညှင်းဆောင် လူသတင်း လူချင်းဆောင်ကာ သိသွားလေသလား။ ကောင်းပါတယ်၊ မပြောဘဲ သိသွားတော့. . .

သို့ပေမယ့် ကလေးဘဝကတည်းက ဆိုးအတူကောင်းဖက် ငယ်သူငယ်ချင်းဆိုသည့် သံယောဇဉ်ကြိုးက ရစ်ပတ်နှောင်ဖွဲ့နေတော့ ခွဲရမှာကို ရင်မှာ မကောင်း။

"အမေ. . . သူတို့ ဘယ်တော့ ပြောင်းမယ် ပြောသွားသေးလဲ"

"အင်း. . . ညနေရထားနဲ့ သွားမယ်လို့တော့ ပြောတာပဲ"

ဖြိုးဝေယံ အိမ်ပေါ်မှ ကမန်းကတန်း ပြေးဆင်းလိုက်သည်။ နာရီကြည့်လိုက်တော့ ညနေ(၃)နာရီထိုးပြီ၊ ကျော့ကို ဖုန်းဆက်ရမည်။





လမ်းဘေး ဖုန်းဆိုင်ဝယ် ကျော့ပေးထားသော ဖုန်းနံပါတ်ကို လှမ်းဆက်လိုက်သည်။

"ကျော့. . . ကိုပါ၊ ဘုတ်တို့မိသားစု ပြောင်းတာ လိုက်ပို့မလို့၊ ကျော့ ရန်ကုန်ဘူတာကြီး စကြန်(၁)ကို ခုလာခဲ့နော်၊ ကိုယ် နောက်နာရီဝက်လောက်ဆို ရောက်ပြီ"

ဖုန်းချပြီးတာနှင့် ကကတစ်စီးကို လှမ်းတားသည်။

ကားပေါ် ရောက်တော့ သူ့စိတ်တွေ စုန်ဆန်ပြေးလွှားနေသည်။ ကျော့ ပြောသလို ဘုတ်နဲ့ ပတ်သက်ပြီး ဘုတ်ရင်ထဲက အချစ်တွေကို စော်ကားမိသလို ဖြစ်သွားသလား။

ဘုတ်ကို တွေ့ရင် သူဘာပြောရမလဲ။

'ငါ့ကို ခွင့်လွှတ်ပါ ဘုတ်ရာ၊ ငါ့စိတ်ထဲမှာ နင့်ကို သူငယ်ချင်းတစ်ယောက်လိုပဲ ခင်တဲ့စိတ်က ရှိနေမိတာ အမှန်ပါ'

ဘူတာကြီး ရောက်တော့ သံဇကာ ကြားထဲမှနေ၍ မေမြတ်စိုးကို ခေါက်တုံ့ခေါက်ပြန် ရှာဖွေနေမိသည်။

ပြတင်းပေါက်ဝယ် ရီဝေစွာ ငေးမောနေသော မေမြတ်စိုးကို တွေ့လိုက်ရသဖြင့်. . .

"ဘုတ်"

ဖြိုးဝေယံ ခေါ်သံကြောင့် မေမြတ်စိုး မျက်လုံးလေး ဝိုင်းစက်သွားပြီး ရထားပေါ်မှ ပြေးဆင်းလာသည်။

"နင်တစ်ယောက်တည်းလား ဖြိုးဝေ"

မေးတာကို မဖြေနိုင်။ ရင်မှာ ဆို့နင့်စွာဖြင့်. . .

"ဘုတ်ရယ်. . . နင်ပြောင်းမယ်ဆိုတာ ငါ့ကို ဘာဖြစ်လို့ ကြိုမပြောတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com

"နင်သိသွားရင် စိတ်မကောင်းဖြစ်မှာစိုးလို့ပါဟာ"

"ဘုတ်ရယ်"

သံဇကာကြားထဲမှ မေမြတ်စိုး လက်ချောင်းလေးများကို ဆုပ်ကိုင်ထားမိသည်။

"ငါတို့တတွေ တစ်ယောက်နဲ့တစ်ယောက် ဘယ်တော့မှ မမေ့ရဘူးနော် ဖြိုးဝေ"

မေမြတ်စိုး မျက်ဝန်းအိမ်ထဲမှ မျက်ရည်များ စီးစွတ်လာသည်ကို တွေ့လိုက်ရသဖြင့်. . .

"ဘုတ်"

မေမြတ်စိုးက ခေါင်းမော့ကာ စိုက်ကြည့်လိုက်တော့. . .

"နင့်ရင်ထဲမှာ ဘာတွေ ဖြစ်နေတယ်ဆိုတာ ငါ သိတယ် ဘုတ်၊ နင် ငါ့ကို ခွင့်လွှတ်ပါနော်"

မေမြတ်စိုးက မျက်ရည်များ သုတ်လိုက်ရင်း ရယ်လိုက်သည်။

"ဖြိုးဝေယံရယ်. . . နင် ဘာတွေ လာပြောနေတာလဲ နင်နဲ့ ငါက အခင်ဆုံး သူငယ်ချင်းတွေပဲ၊ ခွင့်မလွှတ်စရာ ဘာရှိလို့လဲ"

မျက်ရည်ကျရင်း ရယ်ပြနေသော မေမြတ်စိုးကို ဖြိုးဝေယံ ကြည့်ပြီး ကြေကွဲနေမိသည်။

ရထားထွက်ခွာရန် အချက်ပြနေပေပြီ။

"ရော့. . . ဖြိုးဝေ၊ နင်နဲ့နန်းအတွက် ငါ ကြိုးပြီး မင်္ဂလာ လက်ဖွဲ့လေး ပေးခဲ့မယ်"

ရွှေနှင့် အနားကွပ်ထားသော နီလာလည်ဆွဲလေး။

မေမြတ်စိုး တစ်ဖက်သို့ လှည့်လိုက်တော့ မျက်လုံးအိမ်ထဲမှ





မျက်ရည်များ ပိုးပိုးပေါက်ပေါက် ထွက်ကျလာသည်။

ရထားပေါ် ရောက်တော့ ရထားက ဖြည်းညင်းစွာ ထွက်ခွာနေပေပြီ။ သံဇကာကြားထဲမှ သူ့ကို လက်ပြနှုတ်ဆက်နေသော ဖြိုးဝေယံ မျက်လုံးအစုံမှာလည်း မျက်ရည်ကြည်တွေ ရစ်ဝဲနေသည်။

ရန်ကုန်ဘူတာကြီးနှင့် ဝေးသထက်ဝေးလာသော ရထားကြီး ခုတ်မောင်းသံနှင့်အတူ မေမြတ်စိုး၏နှလုံးသားသည်လည်း အားလုံးကို ထားရစ်ခဲ့လေပြီ။

"ကို. . . သိပ်ခံစားနေရလား"

ဖြိုးဝေယံ နောက်နားဆီမှ နန်းကျော့နွယ် ဘယ်တုန်းက ရောက်နေသည်မသိ။

"ကျော့ရောက်နေတာ ကြာပါပြီ၊ ကိုတို့နှစ်ဦး အေးအေးဆေးဆေး စကားပြောလို့ရအောင် ကျော့ စောင့်ကြည့်နေတာပါ"

"ကျေးဇူးတင်ပါတယ် ကျော့"

နန်းကျော့နွယ်က နွမ်းယဲ့စွာ ပြုံးလိုက်ပြီး. . .

"တကယ်ဆို ကိုနဲ့ကျော့ မဆုံစည်းခဲ့ရင် သိပ်ကောင်းမှာပဲနော်"

"ခုချိန်မှာ ဒါတွေ ပြောမနေပါနဲ့ ကျော့ရာ၊ ဘုတ်က ကိုယ်တို့နှစ်ဦးစလုံးကို နားလည်စွာ ထားရစ်ခဲ့ပြီပဲ"

မေတ္တာဆိုတာ ရယူပိုင်ဆိုင်ခြင်းလား၊ စွန့်လွှတ်အနစ်နာခံခြင်းလားဆိုတာတော့ ချစ်တဲ့သူများသာ သိကြပေမည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

လက်ကိုင်ဖုန်း မြည်သံကြောင့် ဖုန်းနံပါတ်ကို ကြည့်လိုက်တော့ အိမ်က လှမ်းဆက်တာမှန်း ဖြိုးဝေယံ သိလိုက်သည်။

အစည်းအဝေးခန်းမထဲ ရောက်နေတာမို့ ကုမ္ပဏီ ဒါရိုက်တာအဖွဲ့ကို ခွင့်တောင်းပြီး အပြင်ထွက်လာခဲ့သည်။

“ကိုလေး. . . မမနန်း ဗိုက်နာလို့ S.S.C အထူးကုဆေးခန်းကို သွားနှင့်ပြီ”

“အေးအေး. . . ငါ ချက်ချင်း လိုက်ခဲ့မယ်”

ဖြိုးဝေယံနှင့် နန်းကျော့နွယ်တို့ ကျောင်းပြီးသွား၍ လက်ထပ်ကြပြီး ဖြိုးဝေယံ နိုင်ငံခြား သင်္ဘောပေါ် တက်သွားတာ (၃)နှစ်ကြာသည်။





နန်းကျော့နွယ်က တောင်ကြီးမှ သူမဖခင် ဆုံးသွား၍ အမွေတွေ အများကြီး ရလိုက်သည်။ ထို့ကြောင့် ဖြိုးဝေယံ ရှာထားသောပိုက်ဆံနှင့် နန်းကျော့နွယ်ထံမှ အမွေများကို ပေါင်းပြီး ဖြိုးဝေယံ သင်္ဘောဆက်မလိုက်တော့၊ ရန်ကုန်မှာပဲ ပုဂ္ဂလိက ကားထုတ်လုပ်ခြင်းလုပ်ငန်းအဖြစ် Top Star ကုမ္ပဏီကို ထူထောင်လိုက်သည်။

မိသားစု၏ဆည်းလည်းဖြစ်စေမည့် ရင်သွေးယူဖို့ကိစ္စကိုပါ တိုင်ပင်ပြီး ယူခဲ့သည်။

ခု ကိုယ်ဝန်အရင့်အမာကြီး နေ့စေ့လစေ့ ဖြစ်နေတာတောင် သူ့ကို အလုပ်ပျက်မှာစိုး၍ ကုမ္ပဏီသို့ စေလွှတ်ခဲ့သည့် ကျော့။ ခု မွေးတော့မယ်ဆိုတော့. . .

ဖြိုးဝေယံရင်ထဲ တစ်မျိုးကြီး ခံစားလိုက်ရသည်။

ဖခင်တစ်ယောက် ဖြစ်တော့မယ်ဆိုသော ပျော်ရွှင်မှုမျိုးနှင့် ချမ်းမြေ့နေမိသည်။

S.S.C ရောက်တော့ မိမိ မိခင်ဖြစ်သူပါ ရှိနေ၍ စိတ်အေးရသည်။ ဖခင်ဆုံးသွားပြီးကတည်းက မိခင်သည် သူတို့နဲ့အတူ နေသဖြင့် ကျော့အတွက် အမေဟာ မိခင်တစ်ယောက်လို ဖြစ်နေသည်။

“သား ဘာမှမပူနဲ့၊ မင်းမိန်းမ ကျန်းမာရေး ကောင်းပါတယ်”

အမေကတော့ အားပေးစကားများ ပြောနေသည်။

ထိုစဉ် ခွဲစိတ်ခန်းမှ ဆရာဝန်တစ်ဦး ထွက်လာပြီး. . .

“ဦးဖြိုးဝေယံ ဇနီးခွဲမွေးရမှာမို့ ဒီမှာ လက်မှတ်ထိုးပေးပါ”



www.burmeseclassic.com

www.burmeseclassic.com

ဖြိုးဝေယံက ချက်ချင်း လက်မှတ်ထိုးပေးလိုက်ပြီးနောက်

"ကျွန်တော့်ဇနီး အခြေအနေကော မွေးတော့မလား"

"စိတ်မပူပါနဲ့. . . မွေးရင် နာ့ပ်စ်မ လာပြောပါလိမ့်မယ်"

ဆရာဝန်လေးက ခွဲစိတ်ခန်းထဲ ပြန်ဝင်သွားလေသည်။

ဖြိုးဝေယံ ဂဏှာမငြိမ်ဘဲ ဟိုဘက်ဒီဘက် ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိသည်။ မိခင်ကတော့ ပါးစပ်မှ ဘုရားစာများ ရွတ်နေသည်။

"ဦးဖြိုးဝေယံဇနီး မိန်းကလေး မွေးပါတယ်"

ဖြိုးဝေယံ ပျော်သွားသည်။ သူ့ဇနီးနှင့် လူ့လောကကို စတင်ဝင်ရောက်လာတဲ့ မိမိရင်သွေးကို ကြည့်နှင့်နေသည်။

"အမေ. . . အမေ့မြေးက မိန်းကလေးတဲ့"

ဘာလုပ်လို့ ဘာလုပ်ရမှန်း မသိသော သားဖြစ်သူ၏ပီတိကို မိခင်ဖြစ်သူ ဒေါ်ခင်သူဇာက ပြုံး၍ ခေါင်းညိတ်လိုက်လေသည်။

တစ်နာရီလောက်ကြာတော့ ကလေးနှင့် မိခင်ကို ကြည့်လို့ရပြီဆိုသောကြောင့် ဖြိုးဝေယံ အခန်းထဲ ပြေးဝင်သွားပြီး. . .

"သမီးလေး. . သမီး. . ဟင်"

သွေးပုလင်း ချိတ်ထားပြီး အောက်ဆီဂျင်နှင့် အသက်ရှူနေရသော ကျော့ကို ကြည့်ပြီး စိုးရိမ်သွားသည်။ သမီးလေးကတော့ ကျော့ဘေးမှာ အိပ်ပျော်နေသည်။

"ကြည့်စမ်းပါဦး. . . ဖြူဖြူဖွေးဖွေး ဝဝတစ်တစ်နှင့် ချစ်စဖွယ် မျက်နှာထားပိုင်ရှင် သမီးလေး"

ကျော့က သူ့ကို နွမ်းယဲ့စွာ ပြုံးပြနေသဖြင့်. . .

"ကျော့ နေကောင်းတယ်နော်"





နန်းကျော့နွယ်က ခေါင်းညိတ်ပြသည်။

"ကိုဖြိုးဝေယံ ကျွန်တော့်ရုံးခန်းက ခဏလိုက်ခဲ့စေချင်တယ်"

"ဗျာ. . . ဟုတ်ကဲ့"

ဆရာဝန်ကြီး နောက်၌ လိုက်သွားခဲ့သည်။ ရုံးခန်းထဲ ရောက်တော့. . .

"ထိုင်ပါ ကိုဖြိုးဝေယံ"

"ဟုတ်ကဲ့"

"အပူသောက်မလား. . . အအေးသောက်မလား"

"ဘာမှ မသောက်တော့ပါဘူးခင်ဗျာ"

ဆရာဝန်ကြီးက မျက်မှန်ကို ချွတ်ပြီး မျက်နှာကို လက်ကိုင်ပုဝါနှင့် သုတ်ရင်း. . .

"ပြောရမှာ အားနာတယ်ဗျာ"

ဖြိုးဝေယံရင်ထဲ ဒိန်းကနဲ ဖြစ်သွားသည်။

"ခင်ဗျားမိန်းမ အခြေအနေပါ"

"ဗျာ"

"ဟုတ်တယ် ကိုဖြိုးဝေယံ၊ ခင်ဗျားမိန်းမအခြေအနေ သိလျက်သားနဲ့ ခင်ဗျားတို့ ကလေးမယူသင့်ဘူး. . . ခုတော့ဗျာ"

ဖြိုးဝေယံ ဘာမှနားမလည်တော့။

"ကျွန်တော် တကယ်မသိလို့ပါ"

ဆရာဝန်ကြီးက မျက်လုံးပြူးသွားပြီး. . .

"ခင်ဗျားမိန်းမမှာ နှလုံးရောဂါ ရှိတယ်ဆိုတာ တကယ်မသိဘူး. . . ဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com

ဖြိုးဝေယံ ခေါင်းညိတ်ပြလိုက်သည်။

"အေးဗျာ . . နှလုံးရောဂါ ရှိတယ်ဆို ကလေးမယူသင့်ဘဲ ယူလိုက်တော့ ခင်ပျားမိန်းမ အခြေအနေ သိပ်မကောင်းဘူးဗျ"

"ဗျာ"

ဖြိုးဝေယံ ကြေကွဲဆွေးမြေ့သွားမိသည်။ သူ သင်္ဘောတက်နေစဉ်ကာလနှင့် ကုမ္ပဏီလုပ်ငန်းများအပေါ် အာရုံစိုက်နေမိ၍ ဇနီးဖြစ်သူ ကျော့၏ကျန်းမာရေး အခြေအနေကို သတိမထားမိခဲ့။ ကျော့ကလည်း ဒီကိစ္စကို ဘာလို့ ထိန်ချန်ထားရတာလဲ၊ သူ ကလေး ရူး ရူးနေမှန်းသိလို့ ဒီစွန့်စားမှုကြီးကို ကျော့ လုပ်လိုက်တာဖြစ်မည်။

"ဆရာကြီး . . ကျွန်တော့်ဇနီးအတွက် ဘယ်လောက်ကုန်ကုန် ကုချင်တယ်၊ ကယ်ပါဦး ဆရာကြီးရယ်"

ဖြိုးဝေယံ အရူးတစ်ယောက်နှယ် ဖြစ်သွားပြီး အားကိုးလိုက်မိသည်။

"ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားကုသကြပါဦးမယ်၊ ကိုဖြိုးဝေယံဘက်က ခံနိုင်ရည်ရှိအောင် ကျွန်တော် ကြိုပြောထားတာပါ"

'ခံနိုင်ရည်ရှိအောင်' ဆိုသော စကားရပ်ကပင် နာကျင်ကြေကွဲ ခံရခက်လှချေပြီ။

သမီးလေးနှင့် ကျော့ ရှိရာသို့ သူပြန်ဝင်လာခဲ့သည်။ ကျော့ ကိုယ်ခန္ဓာပေါ် တပ်ဆင်ထားသော ပိုက်များ၊ အောက်ဆီဂျင်ဘူးများ မရှိတော့၊ ဖြူဖျော့နွမ်းယဲ့နေသော ကျော့က သူ့ကို ပြုံးပြတော့ သူ့ရင်မှာ မခံချိ၊ ကျော့လက်ကလေးကို သူဆုပ်ကိုင်လိုက်သည်။

"ကို . . သမီးလေးကို ဂရုစိုက်နော်"





ကျော့ စကားသံပျော့ပျော့လေးက သူ့ရင်ဝယ် ဆို့နင့်သွားသည်။ တုန့်ပြန်မပြောနိုင်၊ ခေါင်းလေး ညိတ်လို့သာ ဖြေလိုက်ရသည်။

ထိုစဉ် အရေးပေါ် ခွဲစိတ်ခန်းသို့ ကျော့ကို လာခေါ်ကြသဖြင့် သူ ကျော့လက်ကို ပါးမှ အပ်လိုက်မိသည်။ ကျော့လက်မှာ သူ့မျက်ဝန်းမှ မျက်ရည်စတို့က သူ့ခံစားချက်ကို ကျော့ကို သိစေလိမ့်မည်။ သူမလွှတ်ရက်။

သို့ပေမယ့် ရင်မှာ ရှိုက်ကာ လွှတ်လိုက်ရသည်။

တခဏတာ မဟုတ်၊ တစ်ဘဝတာအတွက် ဖြစ်သွားသည်။ ကျော့တစ်ယောက် အရေးပေါ် ခွဲစိတ်ခန်းကနေ သူနှင့်သမီးလေးကို ထာဝရ ထားရစ်ခဲ့လေပြီ။


www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၂)

မိတဆိုးလေး ဖြစ်ခဲ့ရရှာသော သမီးလေးနှင့်သူ လျှောက်လှမ်းရမည့် ခရီးလမ်းက တကယ်တွေးကြည့်လျှင် ဆွေးမြေ့ကြေကွဲစရာပင်။

သူ့အတွက် အလိုချင်ဆုံး လက်ဆောင်အဖြစ် ကျော့က အသက်နှင့် ရင်းပြီး သမီးလေးကို မွေးထားပေးခဲ့သည်။

ထိုမျှမက သူ့စာကြည့်စားပွဲထဲမှာ သမီးလေး ဖတ်ဖို့ဆိုသော ဒိုင်ယာရီစာအုပ်လေးနှင့် သူ့အတွက် စာတစ်စောင်ကို တွေ့ရလေသည်။

ကို...

ကျော့ကိုကိုကို အရမ်းချစ်ပါတယ်၊





မိသားစုဘဝနဲ့ သာယာတဲ့ ခရီးလမ်းကို လျှောက်ပါ။ ကို့ အတွက် ကျော့ ရင်သွေးလေး ယူပြီး မွေးဖွားခဲ့ရင် ကိုပျော်မှာပါ။

အရင်တုန်းက လောကကြီးကို ကိုယ်ပုံစံချတဲ့အတိုင်း ဖြစ်လာလိမ့်မယ်လို့ ထင်ခဲ့မိတဲ့ ကျော့အဖို့ငယ်ငယ်တုန်းက အကြောင်းလေးကို သတိရမိတယ်။

ကျော့ ငါးနှစ်သမီးတုန်းက ဖေဖေရယ် မေမေရယ် အင်းလေးကို သွားကြတယ်၊ ကျော့က ကလေးဆိုတော့ မေမေကို မေးတယ်၊ အင်းလေးရေပြင်ထဲမှာ မြင်နေရတဲ့ မိုးတိမ်တွေကို ယူလို့ရလားဆိုတော့ မေမေက ယူလို့မရဘူးတဲ့

အဲ့ဒါ စိတ်ကူးယဉ်တာတဲ့၊

ဖြစ်စေချင်တဲ့ဆန္ဒနဲ့ စိတ်ကူးယဉ်ကြတာတွေဟာ ဖြစ်နိုင်တာတွေ ရှိသလို မဖြစ်နိုင်တာတွေလည်း ရှိတယ်တဲ့။

မေမေ ပြောဖူးသလို ခု ကျော့ဖြစ်စေချင်တဲ့ ဆန္ဒနဲ့ စိတ်ကူးထဲမှာ ချစ်ကမ္ဘာလေး တည်ဆောက်နေတယ် ကိုရယ်၊ အဲ့ဒီချစ်ကမ္ဘာ ထဲမှာ ကျော့ရယ် ကိုရယ်၊ ပြီးတော့ ကျော့တို့နှစ်ဦးက မွေးဖွားလာမယ့် ရင်သွေးလေးရယ်၊ ပျော်ရွှင်ကြည်နူးနေလိုက်ကြတာ၊ အဲဒီ ချစ်ကမ္ဘာလေးကို မပျောက်စေချင်ဘူး။

တကယ်လို့ အဲ့ဒီချစ်ကမ္ဘာလေးထဲမှာ ကျော့ မရှိတော့ဘူးဆိုရင် ကျော့ရင်သွေးလေးကို ကျော့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကြိုက် နာမည်လေးတစ်ခု ပေးချင်ပါတယ်၊
အဲ့ဒီနာမည်က ဘုတ်တဲ့.....။

ကိုကိုချစ်တဲ့
ကျော့

ဖြိုးဝေယံ စာကို ဖတ်ပြီး ရင်ထဲမှာ အသည်းတွေ တစ်စစီ ပဲ့ကြွေသွားသလို ခံစားလိုက်ရသည်။

သူ့အပေါ်ကို ယုံကြည်ခိုင်မာစွာ ချစ်တတ်ခဲ့သော ကျော့ ဒို့ထက်ပိုမည်ဆိုလျှင်. . .

စာနာမှု နားလည်မှု များစွာကို ထားရစ်ခဲ့သော ကျော့၊ ကျော့ကို ကျေးဇူးတင်ပါသည်။

ကျော့ဆန္ဒအရ. . .

သမီးလေး ဘုတ်. . . သူ့အပေါ် အဖေဆိုလည်းဟုတ်၊ အမေဆိုလည်းဟုတ်၊ ချစ်မိုးကြီးတွေ ရွာနေရသည်။

"ကဲ. . . သားရေ၊ မင်းသမီးက မနက်စာကို မင်းမစားရင် မစားဘူးလို့ ဂျီတိုက်နေတယ်"

မိခင်ဖြစ်သူစကားကြောင့် ဖြိုးဝေယံ ပြုံးလိုက်မိသည်။ သမီးလေးတောင် ဘာလိုလိုနှင့် (၃)နှစ်ပြည့်နေပေပြီ။

အိပ်ခန်းထဲ သွားချောင်းတော့ မွေ့ယာပေါ်ဝယ် ဖက်လုံးကို ဖက်ပြီး စိတ်ကောက်နေသော သမီးလေးကို. . .

"ဘုတ်ရေ. . . ဖေဖေကြီး မနက်စာ စားတော့မယ်"

"စား. . . စား၊ သမီးမစားတော့ဘူး"





"တကယ်နော်. . . သမီးမစားရင် ဖေဖေကြီး တစ်ယောက်တည်း အကုန်စားပစ်လိုက်မယ်"

သူက ဇလိုက်ပေမယ့် သမီးဆီမှ စကားသံ ထွက်မလာ၊

"ကဲ. . . သမီးမစားရင် သမီးအရုပ် ဝက်ဝံလေးနဲ့အတူ ဖေဖေစားမှာနော်"

သည်တော့မှ မွေ့ယာပေါ်မှ ချက်ချင်းထပြေးလာပြီး ဘီဒိုပေါ်တွင် ထောင်ထားသော ဝက်ဝံရုပ်ကို သမီးလေးမှ ယူပြီး လွှင့်ပစ်လိုက်သည်။

"ဟေး. . . ဒီလိုမှပေါ့ အချွဲမလေး ဘုတ်ရဲ့"

သူ့ရင်ခွင်ထဲကို တိုးဝှေ့လာသော သမီးလေးခေါင်းကို ပွတ်သပ်ရင်း. . .

"သမီး မူကြိုတက်ရတာ ပျော်လား"

"ပျော်ဘူး"

"ဟာ. . . သမီးကလည်း၊ ဖေကြီးက အကောင်းပြောတာပါ"

သမီးလေးဘုတ်က မျက်နှာလေး ငြိုးသွားပြီး. . .

"မီးမီးကို လာကြိုရင် သူများတွေဆို အမေတွေပဲ လာကြိုတာ၊ မီးမီးကတော့ ဘွားဘွားကြီးပဲ လာကြိုတယ်၊ မီးမီးအမေ ဘယ်တော့ ပြန်လာမှာလဲဟင်"

မိခင်ကို တမ်းတလာသော သမီးလေးကြောင့် ကျော့ကို ပို၍သတိရသွားမိသည်။ ကျော့သာ ရှိမည်ဆိုလျှင် ဘယ်လောက် ပျော်ရွှင်ကြည်နူးဖွယ်ရာ ကောင်းမလဲ။

"သမီးရယ်. . . မေမေလာမကြိုရင် ဖေဖေလာကြိုပေးမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေ့ါ၊ သမီးမေမေက ဟိုအဝေးကြီးမှာဆိုတော့ ဘယ်လာလို့ ရမလဲကွယ်"

သမီးလေးမျက်နှာ ပြုံးယောင်သမ်းလာပြီး. . .

"မီးမီးကို ဖေဖေကြီး တကယ်လာကြိုမှာ သေချာတယ်နော်"

သူ့ကို ပြေးဖက်ပြီး ပျော်ရွှင်နေသောကြောင့် စိတ်ဝယ်ကြည်နူးနေမိသည်။

"ဟဲ့. . . ဒီအဖေနဲ့သမီး ဘာတွေ ပျော်နေကြတာလဲ"

အဘွားဖြစ်သူအသံကြောင့် သမီးလေးဘုတ်က သူ့ရင်ခွင်ထဲမှ ထလိုက်ပြီး. . .

"ဘွားဘွားကြီး. . . ဒီနေ့ ကျောင်းကြိုကျောင်းပို့ မလုပ်တော့နဲ့၊ ဖေဖေကြီး လိုက်ပို့မှယ်"

"မြေးမလေးရယ်. . . ဖေဖေကြီးက ကုမ္ပဏီအလုပ်တွေနဲ့ ဒီလောက်ရှုပ်နေတာ၊ ဘွားဘွားကြီးပဲ လိုက်ပို့ပါ့မယ်"

"မရဘူး. . . မရဘူး၊ ကတိမတည်ရင် မျက်စိစွံတတ်တယ်၊ ဖေဖေကြီး မျက်စိစွံမှာ ဘွားဘွားကြီး မသနားဘူးလား"

ဘွားအေဖြစ်သူက ရယ်လိုက်ပြီး. . .

"သနားတာပေါ့တော်. . . ညည်းအဖေ ငါ့သားလေးမျက်စိစွံမှာစိုးတာပေါ့၊ တော်တော်စကားတတ်တဲ့ သာလိကာမလေး. . . ဟင်း"

ဒေါ်ခင်သူဇာက တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့်. .

"သားမြေးလေးက ဘုတ်အတိုင်းပဲနော်၊ အင်း. . . ဘုတ်တို့မိသားစုတွေ ဘယ်ကိုများ ရောက်နေကြလဲ မသိပါဘူး"





အမေ့စကားကြောင့် ဘုတ်ကို သတိရမိသွားသည်။ ကျော့က သမီးလေးကို ဘာကြောင့် ဘုတ်ဆိုတဲ့နာမည် ပေးခဲ့တယ်ဆိုတာ သူ တဖြည်းဖြည်း သဘောပေါက်လာခဲ့သည်။

အချစ်ကို စာနာမှု နားလည်မှု ပေးနိုင်သော နှလုံးလှပိုင်ရှင်လေး ကျော့ကို လေးစားလောက်ပေသည်။

ဆ ဆ ဆ ဆ

Top Star ကုမ္ပဏီ၏အောင်မြင်မှုက မျှော်မှန်းထားသည်ထက် ပိုနေသည်။ ဖြိုးဝေယံ၏ကြိုးစားမှုအပြင် အလုပ်အပေါ် အမြဲတမ်း အားရုံစိုက်နေသောကြောင့်လည်း ဖြစ်သည်။

အသက်ငယ်ငယ် ပိုက်ဆံချမ်းသာသည့် မုဆိုးဖိုလည်း ဖြစ်တာမို့ ကြီးငယ်ရွယ်လတ် အမျိုးသမီးများက ဝိုင်းဝိုင်းလည်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် ဖြိုးဝေယံက ချစ်ဇနီးကျော့ ဆုံးပြီးကတည်းက ဒါတွေကို စိတ်မဝင်စား၊ သမီးလေးအပေါ် မှာသာ အာရုံထားခဲ့သည်။

ဖြိုးဝေယံထံ ဖုန်းဝင်လာသည်။ သူ့မန်နေဂျာထံမှ. . .

"ဆရာ. . . အထက်မြန်မာပြည်မှာ ကားအဝယ်တော်တွေက ဆရာနဲ့ အလုပ်ကိစ္စ ဆွေးနွေးချင်လို့တဲ့"

"နောက်ရက်တွေ ချိန်းလို့မရဘူးလားကွာ၊ ငါ့သမီလေးကို ကျောင်းဝင်ကြိုစရာ ရှိလို့"

"မရဘူး ဆရာ၊ သူတို့က မနက်ဖြန် ဖလိုက်နဲ့ ပြန်မှာ၊ လက်မှတ်တောင် ရပြီးသွားပြီ"

အဲဒါမှ ပြဿနာ၊ သမီးလေးက လာမကြိုပြန်လျှင် သူ့ကို စိတ်ကောက်ဦးမည်။ တစ်ဖက်ကလည်း ငွေရေးကြေးရေး စကားပြောရမည့်အလုပ်။ မတတ်နိုင်၊ နောက်မှပဲ သမီးကို ချော့တော့မည်။

ဖြိုးဝေယံ အိမ်ကို ဖုန်းဆက်လိုက်သည်။

"အမေ. . . သားပါ၊ အမေ့မြေးကို အမေပဲ သွားကြိုပေးပါဦးနော်၊ ဂျီကျရင် ချော့ပေးပါ အမေရယ်၊ ဒီမှာ အရေးကြီးတဲ့ ဧည့်သည်တွေနဲ့ ချိန်းထားလို့ပါ"

"စိတ်ချလက်ချသာ နေပါ သားရယ်၊ အမေ သွားကြိုပေးထားပါ့မယ်"

ဖြိုးဝေယံ ချိန်းထားသောသူများနှင့် တွေ့ပြီး စကားပြောဆိုပြီးမှ ဧည့်သည်အဖွဲ့က ဧည့်ခံကျွေးမွေးချင်၍ ဆိုသဖြင့် လိုက်သွားသည်။

အိမ်ပြန်ရောက်တော့ မိုးချုပ်နေပေပြီ။





အိမ်ဧည့်ခန်းထဲဝယ် ထိုင်နေသော အမေက သူ့ကို မြင်တော့ ထလာပြီး. . .

"သားရယ်. . . အမေဖြင့် မျှော်လိုက်ရတာ၊ သားဟန်းဖုန်းကို ဆက်တော့လည်း စက်ပိတ်ထားတယ်"

ရုတ်တရက်ဆိုတော့ သမီးများ ဘာဖြစ်လို့ပါလိမ့်ဟု စိုးထိတ်သွားပြီး. . .

"ဘာ. . ဘာဖြစ်လို့လဲ အမေ"

"မြေးမလေးပေါ့"

"သမီးလေး ဘာဖြစ်လို့လဲ"

"မင်းသွားကြိုခိုင်းလို့ အိမ်က ဒရိုင်ဘာနဲ့ ထုံးစံအတိုင်း သွားကြိုတာ မပြန်ဘူးတဲ့ သားရယ်၊ မင်းလာမယ်ဆိုပြီး သူ့သူငယ်ချင်းတွေကိုလည်း ကြွားထားတယ်တဲ့၊ သူ့အမေ လာမကြိုပေမယ့် သူ့အဖေကြီး လာကြိုမယ် ဆိုပြီးတော့လေ၊ အမေချော့ပြောလည်း မရဘူး၊ နေပူထဲမှာ မတ်တတ်ရပ်စောင့်တာ တစ်နာရီကျော်တယ်၊ ထီးဆောင်းပေးလည်း အဆောင်းမခံဘူး"

ဩော်. . . သမီးလေးရယ်လို့ ရင်မှာ လှိုင်းခတ်လျက် သမီးလေး အိပ်ယာရှိရာသို့ ပြေးသွားလိုက်သည်။ နောက်မှ အမေလည်း လိုက်လာသည်။

"အမေ ထမင်းခူးကျွေးတော့လည်း မစားဘူး၊ ငိုပဲ ငိုနေတယ်၊ ပြီးတော့ ဖေဖေကြီး ကတိမတည်ဘူး၊ မျက်စိစွဲလိမ့်မယ်ဆို တတွတ်တွတ် ပြောနေတယ်"

ဖြိုးဝေယံ စိတ်မကောင်း ဖြစ်သွားမိသည်။ သမီးလေး ပါးပြင်လေးကို ကိုင်လိုက်တော့ စိုးထိတ်သွားပြီး. . .



www.burmeseclassic.com

www.burmeseclassic.com

"ဟာ. . . သမီးလေးဘုတ် ကိုယ်တွေ ခြစ်ခြစ်တောက် ပူနေပါလား အမေ"

"ဟုတ်လား. . . မေမေ ဒေါက်တာမြင့်သိန်းဆီ ဖုန်းဆက်ခေါ်လိုက်မယ်"

"ဟုတ်"

ဖြူးဝေယံ အဖျားရှိန်နှင့် အိပ်ပျော်နေသော သမီးလေးကို ပွေ့ဖက်ထားလိုက်ပြီး. . .

"ဖေဖေ့ကို ခွင့်လွှတ်ပါ သမီးလေးရယ်"

မိတဆိုးလေးမို့ အချစ်တွေ ပြုဆင်းသွားမိသည်။

ဖခင်လည်းဟုတ်၊ မိခင်လည်းဟုတ်၊ မေတ္တာရေစီးကြောင်းနှစ်သွယ် ပေါင်းစည်းကာ စီးဆင်းစေသည့်အရှိန်ကား ပြင်းထန်လွန်းလှပေစွ။





## အခန်း(၁၃)

"ဖေကြီး. . . သမီး လပတ်စာမေးပွဲမှာ အဆင့်(၁)ရတယ်၊ ကတိအတိုင်း သမီးကို စက်ဘီးဝယ်ပေးတော့"

ဘာလိုလိုနှင့် သမီးလေးတောင် အသက်(၁၀)နှစ် ပြည့်တော့မှာပါလား၊ (၅)တန်းတောင် ရောက်လေပြီ၊ သမီးလိုချင်တာရှိလျှင် ဖန်ဆင်းရှင်သဖွယ် ဖန်တီးပေးတတ်သော သူ့ကို သမီးလေးက မျက်စိအောက်က အပျောက်မခံ။

ဘွားအေဖြစ်သော ဒေါ်ခင်သူဇာက စသည်။

"မြေးမလေး ဖေဖေ သနားပါတယ်ကွယ်၊ သူ့ကို သမီး မေမေအသစ်တစ်ယောက်နဲ့ ပေးစားလိုက်ရင် ကောင်းမလား"

"ဘွားဘွားကြီး ပေးစားရဲ ပေးစားကြည့်လေ"



www.burmeseclassic.com

www.burmeseclassic.com

"ကဲ. . . ပေးစားတော့ မြေးမလေးက ဘာလုပ်ချင်လဲ"

"အဲဒီမေမေ့အသစ်ကို သတ်ပစ်မှာပေါ့"

ဘွားအေဖြစ်သူ ဒေါ်ခင်သူဇာက အားရပါးရ ပြုံးလိုက်ပြီး

"ညည်းအမေ ဖြစ်ရမယ့်သူက မလွယ်ပါဘူးဟာ"

ဖြိုးဝေယံ ကွန်ပျူတာနှင့် စာရင်းတွေ လုပ်နေရာမှ ပြုံးလိုက်သည်။

သမီးလေး ခေါင်းမာတာကတော့ မေမြတ်စိုးအတိုင်း၊ မေမြတ်စိုးနှင့် ပတ်သက်လျှင် သူအလျှော့ပေးခဲ့ရသည်။ ခုလည်း သမီးလေးဘုတ်က စိတ်ကြိုက်မဖြစ်လျှင် သူ့အပေါ် ဆိုးနွဲ့လို့ ကောင်းတုန်း။

"ဖေကြီး"

"ဗျာ. . . ဗျ"

"သမီးမေးမယ်၊ ကောင်းကောင်းဖြေနော်"

"ဟုတ်ကဲ့ပါခင်ဗျား"

ဆရာမရှေ့ ရောက်နေသည့် တပည့်သဖွယ် ရိုသေစွာ ဆက်ဆံလိုက်တော့ သမီးလေးဘုတ်က ပြုံးလိုက်သည်။

"ဖေကြီး ခဏခဏ ပြောတဲ့ မေမေ့သူငယ်ချင်း ဘုတ် ဆိုတာ ဘာလို့ သမီးနဲ့ နာမည်တူတာလဲ"

"သမီးမေမေက သူ့ကို အရမ်းချစ်လို့ သူ့နာမည်နဲ့ တူအောင် ပေးထားတာပေါ့"

"ဖေကြီးကော. . . မေမေကြီးလို အဲ့ဒီဘုတ်ဆိုတဲ့ မေမေ့ သူငယ်ချင်းကို အရမ်းချစ်လား"

ဖြိုးဝေယံ ဘာဆက်ဖြေရမှန်း မသိ။





သမီးလေးဘုတ်ကို သူ ခေါင်းလဲမခါ ခေါင်းလဲမညိတ်၊ ဘယ်တော့မှ မမေ့အောင် သမီးလေးဘုတ် လည်ပင်းမှာ ဆွဲပေးထားသော နီလာလည်ဆွဲလေးက မေမြတ်စိုး ပေးခဲ့တာ မဟုတ်ပါလား။

သမီးကို အဖြေပေးရန် ခက်နေရာမှ အကြံရသွားပြီး သမီး ကျေနပ်အောင်. . .

"ကဲ. . . သမီးလိုချင်တဲ့စက်ဘီး သွားဝယ်ရအောင်"

"ဟေး. . . ဒါမှ တို့ဖေကြီးကွ"

ဟူး. . . တော်ပါသေးရဲ့ဟု ပင့်သက်ချလိုက်မိသည်။

စက်ဘီးဆိုင်သို့ သမီးလေးဘုတ်ကို ခေါ်သွားလေသည်။ စက်ဘီးဆိုင် ရောက်တော့. . .

"ကဲ. . . သမီးကြိုက်တဲ့ စက်ဘီးကို ဘွားဘွားကြီးနဲ့ ရွေးနေဦးနော်၊ ဖေဖေ ဖုန်းလာနေလို့ စကားသွားပြောလိုက်ဦးမယ်"

အလုပ်ကိစ္စ စကားပြောပြီး စက်ဘီးဆိုင်ထဲ ပြန်ဝင်လာ တော့. . .

"မင်း. . . ဖြိုးဝေယံ မဟုတ်လား"

"ဟာ. . . အောင်သိုက်၊ မင်းပုံစံက ရုတ်တရက် မမှတ်မိ ဘူးကွာ"

ကျောင်းတုန်းက မေဂျာအတူတူ တစ်တန်းတည်း သူငယ် ချင်း အောင်သိုက် ဖြစ်သည်။ သူက မန္တလေးသား။

"သြော်. . . စကားစပ်လို့ ပြောရဦးမယ်၊ မင်းရဲ့ဘုတ်နဲ့ တောင် တွေ့သေးတယ် ကိုယ့်လူ၊ အလားလား. . . လူတောင် မှား တယ်ကွာ၊ တကယ့်ကို ပုံပြောင်းသွားတယ်၊ တွေ့တဲ့သူတိုင်း ငေး ကြည့်ရလောက်အောင် ရက်ရက်စက်စက် လှလာတာ"


www.burmeseclassic.com

www.burmeseclassic.com

မန္တလေးပီပီ စကားကို အားရပါးရ ပြောလိုက်သော အောင်သိုက်ကို ကြည့်ပြီး သူ ပြုံးလိုက်ကာ. . .

"ဒီလောက်တောင်ပဲလား"

"အေး. . . ငါတောင် မင်းအကြောင်း မေးလိုက်သေးတယ်"

ဇာတ်လမ်းကောင်းဆဲ ကြော်ငြာဝင်သလို သမီးလေး ဘုတ် နှင့် သူ့ဘွားအေက စက်ဘီးကိုင်ပြီး ထွက်လာကာ. . .

"ဖေကြီး. . . သွားမယ်လေ"

"သူငယ်ချင်း နောက်မှ အေးအေးဆေးဆေး ဆုံမယ်ကွာ၊ ရော့. . . ဒီမှာ ငါ့လိပ်စာကဒ်"

"အိုကေ သူငယ်ချင်း၊ ဒါ မင်းရဲ့သမီးလေးလား"

"အေး. . ."

"သမီးက အချောသားပဲ၊ နာမည်ဘယ်လိုခေါ်လဲ"

"ဘုတ်"

သမီးလေးအဖြေကြောင့် သူငယ်ချင်းဖြစ်သူ အောင်သိုက် မျက်လုံးပြူးသွားပြီး. . .

"နာမည်က ဘုတ်တဲ့လား"





## အခန်း(၁၄)

"ဖေကြီး"

"ပြော. . . သမီး"

"ပြောချင်တာပေါ့ ဖေကြီးရဲ့"

"ပြောစေဗျာ"

ဖြိုးဝေယံ လုပ်လက်စ အလုပ်ကို ရပ်လိုက်ပြီး သမီးလေး ဘုတ်ခေါင်းကို ချစ်စနိုးနှင့် ဖွလိုက်သည်။

"သမီးတို့ စာမေးပွဲကြီး ပြီးသွားတာ ဖေကြီး သိတယ်နော်"

"အင်း. . ."

"သမီးသူငယ်ချင်းတွေ နွေရာသီ အပန်းဖြေခရီး ချောင်းသာ သွားကြတယ်၊ သမီးလည်း သွားချင်တယ်၊ ဖေကြီးလိုက်ပို့ပါ့လား"


www.burmeseclassic.com

www.burmeseclassic.com

"သမီးရယ်. . . အိမ်မှာပဲ ကွန်ပျူတာ သင်ပါလား၊ ချောင်းသာသွားရင် သမီးအသားတွေ မည်းသွားပါ့မယ်"

"ဖေကြီး လိုက်မပို့ချင်တိုင်း ပေါက်ကရတွေ လျှောက်ပြော တယ်"

"သမီးလေးရယ်. . . ဖေကြီးကုမ္ပဏီက အလုပ်တွေ ပြတ်မှ မပြတ်သေးတာကွယ်၊ ပြတ်ရင် ဖေကြီး လိုက်ပို့ပေးပါ့မယ်"

သမီးလေးဘုတ်က နှုတ်ခမ်းလေး စူသွားပြီး. . .

"ဖေကြီးအလုပ်က ဖေကြီး ဆံဖြူသွားကျိုးမှ ပြတ်မှာ"

ဒေါသအသံ ပါနေသော သမီးလေးကို သူ ဘယ်လိုမှ ဖျောင်းဖျလို့မရ။

ဖြိုးဝေယံအတွက် Top Star ကုမ္ပဏီအလုပ်ကလည်း နေ့စဉ်သိန်းပေါင်းများစွာ လည်ပတ်နေသောအလုပ်ဖြစ်၍ အခြားကိစ္စအတွက် အချိန်များစွာ ပေးလို့မဖြစ်၊ ဒါကို သမီးလေးက မသိ။

"မပို့လည်း နေ၊ ဖေကြီးကို မချစ်တော့ဘူး၊ အမေရှိရင် သမီး ဒီလောက် ပြောနေရမှာ မဟုတ်ဘူး၊ အဟင့်. . ဟင့်"

သမီးလေးဘုတ်က သူ့အခန်းထဲ ပြေးဝင်သွားပြီး တံခါးကို ဆောင့်ပိတ်လိုက်သည်။

သူ့သမီးအကြောင်း သူသိသည်။

ငယ်ငယ်လေးကတည်းက သမီးက လိုချင်တာ မှန်သမျှ မဖြစ်လျှင် ခေါင်းမာပြီး ဆန္ဒပြတတ်သည်။

သမီးအလိုကျ သူအမြဲလိုက်လျောပေးခဲ့သည်။ သို့ပေမယ့် ဒါကိုတော့ အလျှော့ပေးလို့မဖြစ်။

သမီးလေးနှင့်သူ တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ ခွဲခွာဖူး





ဘာမဟုတ်၊ သူမခွဲနိုင်။ ပြီးနောက် ရေပြောင်းမြေပြောင်းမှာ သမီးလေး ကျန်းမာရေးအတွက် သူစိုးရိမ်မိသည်။

သူ စဉ်းစားရ ခက်နေဆဲ. . .

"သားရယ်. . . အဲ့ဒီလောက် စဉ်းစားမနေပါနဲ့၊ မေမေ လိုက်ပို့လိုက်ပါ့မယ်၊ မင်းတို့သားအဖ ပြဿနာ မေမေ အားလုံးမြင်ဘယ်၊ မင်းသမီးက ဘယ်တုန်းကများ အလျှော့ပေးဖူးလို့လဲ"

ဖြိုးဝေယံ ခေါင်းကုတ်လိုက်ပြီး. . .

"မဖြစ်ပါဘူး မေမေရာ၊ ခုဟာက (၂)ည (၃)ညဆို ထား၊ မေမေ့မြေးက အနည်းဆုံး (၁၅)ရက်လောက် နေမယ်တဲ့"

ဒေါ်ခင်သူဇာက သားဖြစ်သူ စိတ်ညစ်နေဟန်ကို ပြုံးလိုက်သည်။ ပြီးနောက်. . .

"သားက အလုပ်ကနေ ခဏနားပြီး ထွက်မယ်ဆို အချိန် ဘယ်လောက်ရမလဲ"

"အနည်းဆုံး ငါးရက်ပေါ့ အမေရာ"

"ဟုတ်ပြီ. . . ဒါဆို ဒီလိုလုပ်ရအောင်"

"ဘယ်လိုလဲ အမေ"

"မေမေနဲ့ မြေးမလေးတို့ ချောင်းသာကို အရင်သွားနှင့်မယ်၊ သား ခုနပြောတဲ့ နားရက် ငါးရက်လောက် ရရင် လိုက်လာခဲ့"

ဖြိုးဝေယံ ခဏကြာအောင် စဉ်းစားပြီးမှ. . .

"မေမေ့သဘော မေမေရာ၊ ကောင်းသလိုသာ စီစဉ်လိုက်ပါတော့"

ဒေါ်ခင်သူဇာက ပြုံးလိုက်ပြီး. . .

"ဒါဆို မြေးမလေးကို မေမေချော့ပြီး သွားပြောလိုက်ဦး



www.burmeseclassic.com

www.burmeseclassic.com



မယ်"

မြေးဘွားနှစ်ယောက် အိပ်ခန်းထဲမှာ ဘာတွေ နားလည်မှု ယူနေကြသည်မသိ၊ နာရီဝက်လောက်ကြာတော့ ထွက်လာကြသည်။

ဖြူးဝေယံ မျက်နှာခပ်တည်တည်နှင့် နေထားသောကြောင့် သမီးလေးဘုတ် ငိုမဲ့မဲ့ဖြင့် သူ့ ရှေ့ လာရပ်သည်။

"ဖေကြီး. . . သမီးကို စိတ်ဆိုးလားဟင်"

သူ ဘာမှမဖြေ၊ တည်နေဆဲ၊ သို့ပေမယ့် ရင်ထဲမှာတော့ ရယ်နေမိသည်။ သမီးလေး မျက်နှာညှိုးလာပြီး. . .

"ပြောလေ ဖေကြီး၊ သမီးကို စိတ်ဆိုးလားလို့၊ ဟင့်. . . ဟင့်"

သမီးလေးဘုတ် ငိုသံပါလာတော့မှ သူ ဟန်မဆောင်နိုင်တော့ဘဲ ပြုံးရယ်လိုက်ပြီး. . .

"ဟား. . . ဟား. . . ဟား. . . ကရော်. . . ကရော်၊ ကောင်မလေးတစ်ယောက် ရှက်ပါတယ်၊ နှပ်ချီးတွေ ထွက်အောင် ငိုတယ်"

"ဖေကြီးနော်. . . အဟင့်"

"သမီးဖေကြီး စိတ်ဆိုးရင် သမီးဘယ်တုန်းက ချော့ဖူးလဲ၊ နောက်ဆုံး ဖေကြီးပဲ ချော့ရတာပဲ"

မျက်ရည်စီးကြောင်းများနှင့် သမီးလေးကို ပွေ့ဖက်ထားသော အဖေနှင့်သမီးကို ကြည့်ပြီး ဒေါ်ခင်သူဇာ သက်ပြင်းချလိုက်မိသည်။




သံယောဇဉ်ဆိုတာ မြစ်တစ်စင်းလိုပါပဲ
ဖြောင့်တန်းသွားတယ်ဆိုတာ မရှိပါဘူး၊
ဘယ်တော့မှ ရပ်တန့်မသွားဘဲ
ဘယ်သူမှ တားဆီးလို့ မရဘဲ
သွားချင်တဲ့နေရာ သွားနေတဲ့အရာပါ။




www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၅)

ပျက်အစဉ် ပြင်ခဏ
ပြောင်းလဲမှုသည် သဘာဝ။

ယောကျ်ားဆန်သော မိန်းမသားအဖြစ်ကနေ မိန်းမသားဆန်သော မိန်းမသားအဖြစ် ပြောင်းလဲခဲ့သည်။

လှပသော ခန္ဓာကိုယ် အချိုးအဆစ်တွေနှင့် တည်ငြိမ်သော မျက်ဝန်းတွေကြောင့် သူမအလှကို "မဟာဆန်သူ" ဆိုပြီး တင်စားကြသည်။

သူမ. . .

မေမြတ်စိုး ခေါ် ဘုတ်။

မန္တလေးမြို့၏အထက်တန်းပြဆရာမ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်တည်း အပျိုကြီးအဖြစ် လောကကြီးကို အထီးကျန်စွာ ရပ်တည်နေသည်။

ဘဝင်မကျသူက မွေးမိခင် ဒေါ်မေသက်ပိုင်။

သမီးကညာ အရွယ်မလွန်စေရေးအတွက် ရင်ပူစွာနှင့် . .

"သမီး . . . မေမေပြောတာ အကြိမ်တစ်ရာ မကတော့ဘူးနော်၊ အိမ်ထောင်ပြုဖို့ကိစ္စပြောတိုင်း ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့"

မေမြတ်စိုးက ပြုံးလိုက်ပြီး . . .

"သမီး မစဉ်းစားချင်သေးလို့ပါ မေမေရယ်"

"မောင်ကျော်စိုးမိုးဘက်ကို သမီး ထည့်တွက် စဉ်းစားဦးလေ၊ သူ့မှာ သမီးကို ဆံဖြူသွားကျိုးတဲ့အထိ စောင့်ရမှာလား"

"အဲ့ဒါဆို ပိုကောင်းတာပေါ့ မေမေရယ်၊ နှစ်ကိုယ်တူ ဘိုးဘွားရိပ်သာ သီချင်းလေး ဆိုရတာပေါ့"

"ခွေးမလေးနော် . . . ပေါက်တတ်ကရတွေ လာမပြောနဲ့ ကိုယ်က ကလေးမဟုတ်တော့ဘူး၊ အထက်တန်းပြ ဆရာမကြီး ဆိုတာလည်း သတိထားဦး"

မေမြတ်စိုးက ကလေးငယ်တစ်ယောက်လို မိခင်ရင်ခွင်ထဲ တိုးဝင်လိုက်ပြီး . . .

"အိမ်ထောင်သားမွေးဆိုတဲ့ကိစ္စကို တွေးမိတိုင်း ကြောက်တယ် အမေရယ်၊ အဲ့ဒါတွေက ကိုယ့်ဒုက္ခ ကိုယ်ရှာတာနဲ့ အတူတူပဲ"

"ဒါတော့ ဒါပေါ့ သမီးရယ်၊ လူဆိုတာ လူသားမျိုးဆက် ရှိကိုရှိရမယ် သမီး၊ မေမေက နောက်ထပ်နေရ လေးငါးနှစ်ပေါ့၊ မောင်ကျော်စိုးမိုးကို ဘာအငြင်းစရာရှိလဲ၊ အသောက်အစားကင်း၊





နောက်ကြောင်းလည်းရှင်း၊ ပြီးတော့ ရာထူးကလည်း ဒုညွှန်မှူး၊ မိဘတွေကလည်း မျိုးရိုးကောင်းကောင်းထဲကဆိုတော့ သမီးနဲ့ဆို နေနဲ့လ ရွှေနဲ့မြပေါ့ကွယ်"

"ပြောပြော . . . မေမေ့သားမက် မေမေပဲ ချီးကျူး"

မေမြတ်စိုး ကလေးတစ်ယောက်နှယ် အပြင့်သို့ ပြေးထွက်စဉ် အခန်းဝမှ လူတစ်ယောက်နှင့် ဝင်တိုက်မိပြီး . . .

"အင့်"

"ဆော . . . ဆောရီးနော် ဦးကျော်စိုးမိုး"

မေမြတ်စိုး ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။ မေမေက လှမ်းမြင်ပြီး . . .

"ဩော် . . . မောင်ကျော်စိုးမိုးကိုး၊ လာ . . ထိုင်ဦးကွယ်၊ အန်တီ ကော်ဖီသွားဖျော်ဦးမယ်"

"ရပါတယ် အန်တီ၊ မနေ့က မေမေက အန်တီတို့အတွက် ပဲဆီသန့်တစ်ပုံး လက်ဆောင်ပို့လိုက်လို့ လာပို့တာပါ"

"ဟင့် . . ဟင့် . . အားနာစရာကြီးကွယ်၊ မမနုကို အန်တီက ကျေးဇူးတင်ကြောင်း ပြောပေးလိုက်ပါနော်"

"ဟုတ်ကဲ့ပါ အန်တီ"

ကျော်စိုးမိုးသည် မေမြတ်စိုး၏မိခင် ဒေါ်မေသက်ပိုင်၏ သူငယ်ချင်း ဒေါ်နုနုဆွေ၏တစ်ဦးတည်းသော သားဖြစ်သည်။ အိမ်ကို လာလည်စဉ် မေမြတ်စိုးကို တွေ့ကာ သဘောကျပြီး သားနှင့် စေ့စပ်ထားခြင်း ဖြစ်သည်။

မေမြတ်စိုးကို ကျော်စိုးမိုးက အရူးအမူး ချစ်သည်။ အသက်အားဖြင့် ကျော်စိုးမိုးက (၂)နှစ်ပဲ ကြီးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . မင်းတို့မောင်နှမတွေ အေးအေးဆေးဆေး စကားပြောကြဦးနော်၊ အန်တီ နောက်ဖေးမှာ ဟင်းလေး ချက်လိုက်ဦးမယ်"

ဒေါ်မေသက်ပိုင်က သူတို့ လွတ်လွတ်လပ်လပ် စကားပြောနိုင်ရန် ရှောင်ပေးသည့်နှယ် နောက်ဖေးသို့ ဝင်သွားသည်။

ကျော်စိုးမိုးက မေမြတ်စိုးကို စိုက်ကြည့်နေပေမယ့် မေမြတ်စိုးကတော့ ခေါင်းကြီး ငုံ့ထားဆဲ။

"ညီမ"

"ရှင်"

ကျော်စိုးမိုးက လက်ကိုင်ပုဝါနှင့် မျက်နှာကို သုတ်လိုက်ရင်း. . .

"အစ်ကိုတို့နှစ်ယောက်ရဲ့မင်္ဂလာကိစ္စ မြန်မြန်စီစဉ်ချင်ပြီကွာ"

"သိပ်မလောပါနဲ့ ဦးကျော်စိုးမိုးရယ်၊ ဆိုရိုးစကား ရှိတယ်လေ"

"ဘာစကားလဲ ညီမ"

"အိမ်ထောင်မှုဘုရားတည် ဆေးမှင်ရည်စုတ်ထိုး၊ ဤသုံးမျိုး ချက်မပိုင်လျှင် နောင်ပြင်ရန် ခက်မျိုး ဆိုတာလေ"

ကျော်စိုးမိုးက ပြုံးလိုက်ပြီး. . .

"ညီမကို အစ်ကိုစောင့်ခဲ့ရတာ ကြာပြီဆိုတာလည်း ထည့်စဉ်းစားပေးဦးနော်"

"သြော်. . . ဒါက ဦးကျော်စိုးမိုးဘက်ကလေ"

"ဟုတ်ပါပြီ. . . ဟုတ်ပါပြီ၊ ဒီမှာ အစ်ကို့ကို ဦးကျော်စိုးမိုး





လို့ မခေါ်ပါနဲ့ ညီမရယ်၊ ကြားရတဲ့ စကားကြီးက တစိမ်းဆန်လို့ပါ"

မေမြတ်စိုး ပြုံးလိုက်မိသည်။

"မေမေတို့ကတော့ ခုလာမယ့် ဝါကျွတ်ကျရင် အစ်ကိုနဲ့ ညီမကိစ္စကို စီစဉ်နေချင်ကြတယ်"

သူက တည်ငြိမ်စွာ ပြောလာသည်။ တကယ်ဆို မေမြတ်စိုးကလည်း သူ့ကို ငြင်းစရာ ဘာမှမရှိ။

မိန်းမသားတစ်ယောက်အတွက် အရွယ်နဲ့အချိန်ဆိုတာ အရေးကြီးတယ်လို့ မေမေ ခဏခဏ ပြောဖူးသည်။ မေမြတ်စိုးလည်း သိသည်။ သို့ပေမယ့် အချစ်မပါသော အိမ်ထောင်မှုတစ်ခု တည်ဆောက်ရမှာကို မေမြတ်စိုး ဝန်လေးနေသည့်အတွက်. . .

"ကိုကျော်စိုးမိုး ကျွန်မအပေါ် စိတ်မကုန်ဘူးလား၊ ကိုကျော်စိုးမိုးလို အဘက်ဘက်က ပြည့်စုံပြီး အရည်အချင်းရှိတဲ့သူအတွက် ကျွန်မထက် သာတဲ့သူတွေ ဝိုင်းဝိုင်းလည်နေမှာပါ"

ကျော်စိုးမိုးက အသံထွက်အောင် ရယ်လိုက်ပြီး. . .

"ညီမရယ်. . . အချစ်ဆိုတာ တကယ်တော့ ဖန်တီးယူလို့ရတာမှ မဟုတ်တာ၊ ဇီဝစိုးငှက်လေးတွေတောင် သူတို့ အန်ဖတ်လေးနဲ့ အသိုက်ဖြစ်အောင် တည်ဆောက်ကြသေးတာပဲ၊ အချစ်ဆိုတာ နှလုံးသားထဲက တည်ဆောက်လို့ရမှ အချစ်မည်တာပါ"

ရှင့်အတွက် ကျွန်မနှလုံးသားထဲမှာ အချစ်ဆိုတာ ဖန်တီးလို့ မရဘူးလို့ ပြောလိုလှပေမယ့် အားနာနေမိသည်။

"ကိုကျော်စိုးမိုးက အရာရှိ လုပ်ဖို့မကောင်းဘူး၊ စာရေးဆရာ လုပ်ဖို့ကောင်းတယ်"

"တကယ်ပါ ညီမရယ်၊ ညီမအပေါ် ထားတဲ့ ကို့ရဲ့ချစ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



တွေက ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်ပါဘူး"

သူ့လိုပဲ မေမြတ်စိုးလည်း ပြောင်းလဲလို့ မရတာ သူမသိ၊ ရင်ထဲ ဖြိုးဝေယံကို သတိရလိုက်သည်။ ခုလောက်ဆိုလျှင် နန်းကျောနွယ်နှင့် ပျော်ရွှင်သော မိသားစုဘဝလေး ကြည်နူးနေကြပေမည်။

ဖြိုးဝေယံ ပေးခဲ့သော အချစ်ဒဏ်ရာတွေက မေမြတ်စိုး ရင်ထဲမှာ ခုချိန်ထိ ဝေဒနာအဖြစ် ကျန်ရစ်နေတုန်းပင်။

မေမြတ်စိုးအဖို့ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချရပေတော့မည်။

သူ ကိုကျော်စိုးမိုးကို အဖြေပေးဖို့ကိစ္စပင်။

မိဘချင်း သဘောတူပေမယ့် အတင်းအကျပ် စီစဉ်တာမျိုး သူမကြိုက်၊ ဒါကြောင့် သူ့ဘက်က အဖြေပေးရအောင် သူ့စိတ်ကို ဆုံးဖြတ်ချက် ချခိုင်းမှ ဖြစ်မည်ထင်သည်။





"မေမေ ဖြစ်စေချင်တာ သမီးသိပါတယ်၊ တကယ်ဆို ကိုကျော်စိုးမိုးလိုလူမျိုးကို ငြင်းစရာလည်း မရှိပါဘူး၊ ဒါပေမယ့်. . ."

"ဒါပေမယ့် ဘာဖြစ်လဲ၊ ပြောလေ သမီး"

"သမီးစိတ်ကို သမီး မေးချင်သေးတယ်"

"သမီးစိတ်ကို သမီး ပြန်မေးဦးမှာက (၃)နှစ်(၃)မိုးလား"

မိခင်လေသံက မာကျောနေသဖြင့် သူဝမ်းနည်းသွားသည်။ ဦးနှောက်နှင့် နှလုံးသား လွန်ဆွဲနေသော မေမြတ်စိုးအဖို့ ဝေဒနာကို မကြေညာရဲ၊ ရင်မှာ ဆို့နစ်စွာနဲ့ မိခင်လက်ကို ဆုပ်ကိုင်လိုက်ပြီး. . .

"မေမေ. . . သမီးကို အထင်မသေးပါနဲ့ မေမေ၊ ပွင့်လာကြတဲ့ပန်းကလေးတွေဟာ သဘာဝအတိုင်း ပွင့်တာ ပိုတန်ဖိုးရှိပါတယ် မေမေ၊ ဒါကြောင့် သမီး ခွင့်(၁၀)ရက် ယူထားပါတယ်၊ ကျောင်းကနေ ခွင့်ရတာနဲ့ သမီး ချောင်းသာကို သွားမယ်၊ အဲဒီမှာ လွတ်လပ်တဲ့ ပင်လယ်ကြီးကို ကြည့်ပြီး သမီးစိတ်ကို လွတ်လွတ်လပ်လပ် မေးပြီးရင် သမီး ဒီကို ပြန်ရောက်တာနဲ့ မေမေလိုချင်တဲ့ အဖြေကို ပေးမှာပါ"

"ဝမ်းသာလိုက်တာ သမီးရယ်"

မေမေ ကျေနပ်သွားပုံရသဖြင့် မေမြတ်စိုးလည်း အိပ်ခန်းထဲ ဝင်လာခဲ့သည်။

အကြောင်းမဲ့ စာအုပ်တွေကို မွှေနှောက်ရင် ဒိုင်ယာရီစာအုပ်အဟောင်းလေးကြားထဲမှ ဓါတ်ပုံလေးတစ်ပုံ တွက်ကျလာသည်။

ဓါတ်ပုံလေးက ဆေးရောင်များပင် မှိန်ဖျော့နေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ဝိုးတဝါး ပုံတွေထဲမှာ သူရယ် ဖြိုးဝေယံနှင့် နန်းကျော့နွယ်တို့ အမှတ်တရ ရိုက်ခဲ့သောပုံလေးပင်။

ဒိုင်ယာရီအဟောင်းထဲက မေမြတ်စိုး ကိုယ်တိုင်ရေးထားသော လက်ရေးသေးသေးလေးကို ပြန်ဖတ်မိနေသည်။ အချစ်ဆိုတာ ရင်ခုန်ခံစားမှု အချစ်ဖြစ်တယ်ဆိုရင်. . .

အဲ့ဒီအချစ်အကြောင်းကို
နားမလည်ချင်တော့ဘူး၊
မသိချင်တော့ဘူး၊
ဒါပေမယ့် စိတ်ထဲမှာတော့ အချစ်ဆိုတာ ရှိနေချင်တယ်၊

မေမြတ်စိုး အတွေးရိပ်မှာ သူနဲ့ ဖြိုးဝေယံတို့ရဲ့ငယ်စဉ်ဘဝကို ပြန်မြင်ယောင်လာသည်။

ကံကြမ္မာဆိုတာကို အရင်တုန်းက သူမယုံကြည်ခဲ့။

ခုတော့ ကံကြမ္မာကြောင့်ပင် အနီးအဝေးဆိုသော ပြယုဂ်က သူ့အား ကြေကွဲရှုတစေသည်။

မည်သို့ဆိုစေ သံဇကာကြားထဲမှ မျက်ရည်များ ရစ်ဝဲပြီး ကျန်ခဲ့သော ဖြိုးဝေလင်း၏မျက်နှာကိုသာ သူ့ရင်ထဲမှာ မနေ့ကလို မြင်ယောင်မိတုန်းပင်။





## အခန်း(၁၆)

"ညီမ ရေပြောင်းမြေပြောင်း ကျန်းမာရေး ဂရုစိုက်၊ ရောက်တာနဲ့ ညီမတည်းတဲ့နေရာနဲ့ ဖုန်းနံပါတ် ပေးနော်"

ကျော်စိုးမိုးက ကားမထွက်ခင် မေမြတ်စိုးကို တဖွဖွ မှာနေသည်။

"အစ်ကိုလည်း တာဝန်တွေ ရှိသေးလို့၊ နို့မို့ဆို ညီမကို လိုက်ပို့တယ်"

မေမြတ်စိုးကတော့ သူ့ကို အလိုက်အထိုက် ပြုံးသာပြလိုက်သည်။ ဒီလမ်းခရီးကို ကိုယ့်အတွေးနှင့်ကိုယ် တိတ်ဆိတ်စွာ သွားချင်သည်။

မန္တလေးကနေ ရန်ကုန်ကို သွားမည်။ ရန်ကုန်မှာ အစ်ည


www.burmeseclassic.com

www.burmeseclassic.com

နားပြီး ချောင်းသာသို့ ဆက်သွားရန် စီစဉ်ထားလေသည်။

မှန်လုံ အဲယားကွန်းကားကြီးက မန္တလေး အဝေးပြေးဂိတ်မှ ညနေ(၅)နာရီ ထွက်လေသည်။

ကားပေါ်ရှိ ခရီးသည်များမှာလည်း အတွေးကိုယ်စီနှင့် အချို့က တီဗီကြည့်ပြီး သီချင်းသံစဉ်ကြော နစ်မျောနေကြသည်။ မေမြတ်စိုးက မနစ်မျောနိုင်၊ သို့ပေမယ့် ခံစားမှု သံစဉ်တွေက နှလုံးသားကို လာရောက် ရိုက်ခတ်နေသည်။ မခံစားနိုင်၍ မကြား ချင်လို့မရ၊ နားပိတ်နေ၍လည်း မဖြစ်၊ ကြားနေရသည်၊ ခံစားနေရ သည်။ မတတ်နိုင်။ မျက်လုံးစုံမှိတ်ပြီး အိပ်ရန် ကြိုးစားလိုက်သည်။

"ဂျောင်း"

မေမြတ်စိုးဘေး ကားအလယ်ခုံကို ဆွဲဖြန့်လိုက်သောအသံ ကြောင့် မျက်လုံးဖွင့်ကာ ကြည့်လိုက်တော့ သူငယ်ချင်း အောင် သိုက်။

"ဟဲ့. . . မိဘုတ် ဘယ်လဲ"

"နေစမ်းပါဦး အောင်သိုက်၊ နင်က ဒီကားနဲ့ ဘယ်လိုပါလာ တာလဲ"

အောင်သိုက်က နေကာမျက်မှန် ချွတ်လိုက်ပြီး. . .

"ဒါ ငါ့ယောက္ခမကားလေ၊ ငါက လိုက်ကြိုးကြပ်တာ"

မေမြတ်စိုး မတွေးနိုင်တော့၊ စကားတွေ ဖောင်ဖွဲ့ကာ အချိန်ဖြုန်းရတော့မည်။

"ဒါနဲ့ မိဘုတ်"

"ပြော"

"ဒုညွှန်မှူးကတော်ဆိုတာ နင်လား"





သိုင်းဖွဲ့ကာ မဆို၊ ဒဲ့ဒိုးအမေးကြောင့် သူအံ့အားသင့်သွား သည်။ ချက်ချင်းပင်. . .

"ပေါက်ပေါက်ရှာရှာ အောင်သိုက်ရာ၊ ငါနဲ့သူက စေ့စပ် ထားတာပဲ ရှိပါသေးတယ်"

"ဆောရီးဟာ. . . ဆောရီး"

အောင်သိုက်က တစ်ခုခုကို စဉ်းစားလိုက်ပြီးကာမှ သူ့ အိတ်ထဲက လိပ်စာကဒ်ပြားလေးတစ်ခုကို ထုတ်လိုက်ပြီး. . .

"နင် ဒီနာမည်ကို ကြားဖူးမှာပေါ့"

နိုင်ငံခြား စက္ကူအဖြူပေါ် ဝယ် ရွှေရောင်ကုမ္ပဏီတံဆိပ်နှင့် ရိုက်နှိပ်ထားသော လိပ်စာကဒ်မှာ "ဖြိုးဝေယံ" ဆိုသောနာမည်ကို တွေ့လိုက်ရသဖြင့် အံ့အားသင့်ကာသွားစဉ်. . .

"ကဲ. . . မှတ်မိပြီလား မိဘုတ်"

နှလုံးသားမှာ ပုံရိပ်ထင်လျက် အမြဲစိတ်ကို ဒုက္ခပေး နှိပ်စက်နေသော သူ့ကို မမှတ်မိဘဲ ရှိပါ့မလားလို့ ဖြေလိုက်ချင်ပေ မယ့် ရင်မှာ မျိုသိပ်ပြီး အပြုံးဖြင့် ခေါင်းညိတ်လိုက်မိသည်။

"နင့်သူငယ်ချင်းကြီးက အတော်ကြီးပွားနေတယ်ဟ၊ ငါနဲ့ တွေ့တော့ ရန်ကုန် စက်ဘီးဆိုင်မှာလေ၊ ငါလည်း မန္တလေးကို စက်ဘီးဝယ်သွားဖို့ သွားကြည့်ရင်း ဆုံတာ၊ သူ့အမေနဲ့ သူ့ဘဲ့ လေးလည်း ပါတယ်"

"သူ့မိန်းမ နန်းကော မပါဘူးလားဟင်"

"တွေ့တော့ မတွေ့ဘူးဟ၊ ငါက နင်နဲ့ ဆုံဖြစ်ခဲ့တဲ့ အကြောင်း ပြောတော့ ဝမ်းသာအားရနဲ့ နင့်အကြောင်း မေးနေ သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com


ရင်ထဲ ကြည်နူးသွားတာအမှန်၊ ဒီနေ့အချိန်အထိ မေမြတ်စိုးအပေါ် သူ မမေ့နိုင်တာကို ကျေးဇူးတင်ရမည်။

အောင်သိုက်က နောက်ထပ်စကားဆက်လာသည်။

"နင့်ကို အံ့ဩစရာ နောက်ထပ်တစ်ခု ပြောပြရဦးမယ်"

စိတ်ဝင်စားသွားသည်။ အောင်သိုက်ကို ကြည့်လိုက်တော့ သူက ပြောသင့် မပြောသင့် ချိန်ဆနေသည်။ စိတ်မရှည်တော့။

"ဟဲ့. . . ပြောလေ၊ ဘာလဲ နင့်ဟာ ဆန့်ငင်ဆန့်ငင်နဲ့"

"ဖြိုးဝေယံ သမီးလေးက ဖြူဖြူချောချောဝဝလေးရယ်၊ သူ့သမီးနာမည်က သူ့အမေအဖေ နှစ်ယောက်စလုံးနာမည် တစ်ခုမှ မပါဘူး"

အောင်သိုက်က ရေသန့်ဗူးကို ယူဖွင့်ပြီး သောက်လိုက်သည်။ ဆက်ပြောရန် ရင်ပူနေလား မသိ။

"နေပါဦး. . . အဖေအမေနာမည် မပါဘဲ နာမည်ပေးတာ ဘာဆန်းလို့လဲဟ"

"ဆန်းတာပေါ့. . . သူတို့သမီးလေး နာမည်က နင့်နာမည် နင့်နာမည်"

"ငါ့နာမည် ဟုတ်လား"

မေမြတ်စိုး နည်းနည်းတွေဝေသွားမိသည်။

"နေစမ်းပါဦး ဘာနာမည်မို့လဲ"

"ဘုတ်. . . တဲ့"

"ဟင်. . ."

မေမြတ်စိုး နှလုံးခုန်သံတွေ ပိုပိုပြီး မြန်သွားသလိုပင်၊ ဘာလို့များ သူ့နာမည်ကို သူတို့နှစ်ဦး ရွေးချယ်ခဲ့ကြတာလဲ၊ ကြည်နူးချက်ရည်များပင် ရစ်ဝဲလာမိသည်။

သတိရခြင်းဆိုတာ နီးကပ်နေသတဲ့လား။

ဢ ဢ ဢ ဢ

ရန်ကုန်ရောက်တော့ မေမြတ်စိုး ရန်ကုန်မြို့တော်ခန်းမနားက City Star Hotel မှာ တည်းသည်။ အောင်သိုက်ဆီမှ ယူခဲ့သော ဖြိုးဝေယံ၏လိပ်စာကဒ်ထဲမှ တယ်လီဖုန်းနံပါတ်ကို အကြိမ်ကြိမ် နှိပ်ပြီးမှ အကြိမ်ကြိမ် ပြန်ချမိခဲ့သည်။

ဩော်. . . တည်ငြိမ်နေသော ရေပြင်လေးပေါ်မှာ ခဲလုံးလေးတစ်လုံးကြောင့် လှိုင်းမထလိုတော့ပါ။

စိတ်ကို ဒုံးဒုံးချလိုက်ပြီး ဖုန်းကို ကျောခိုင်းလိုက်သည်။

မနက်ဖြန်ဆိုလျှင် မနက်အစောကြီး ချောင်းသာသွားဖို့ အောင်သိုက်ကပင် စီးလုံးငှားယာဉ် စီစဉ်ပေးထားလေသည်။ ခရီးသည်(၁၀)ယောက်သာ ပါမည့် မီနီဘတ်စ် အသေးစားလေးဖြစ်ပြီး မေမြတ်စိုး တည်းခိုရာ ဟိုတယ်သို့ လာကြိုမည်ဖြစ်သည်။

မေမြတ်စိုးအဖို့ အတွေးတွေက ခေါင်းထဲမှာ လှုပ်ရှားပြေးလွှားနေသည်။ ဒီညအဖို့တော့ တော်တော်နှင့် အိပ်ပျော်မှာ



www.burmeseclassic.com

www.burmeseclassic.com


မဟုတ်တော့။

ထင်သည့်အတိုင်း အိပ်မရ၍ မိုးစင်စင် လင်းခဲ့ရသော မေမြတ်စိုးအဖို့ ချောင်းသာသွားမည့် ကားလေး လာခေါ်မှ ကားပေါ်မှာ တရေးလောက် အိပ်ခွင့်ရသွားသည်။

ရုတ်တရက် ကားဘရိတ်အုပ်လိုက်သောအခါမှ လန့်နိုးသွားပြီး အပြင်ကို ကြည့်လိုက်တော့ နံနက်(၉း၀၀)နာရီကျော်တောင် ရှိလေပြီ။

မေမြတ်စိုး စီးလာသောကားက ညောင်တုန်း ဗိုလ်မြတ်ထွန်း တံတားကြီးကို ဖြတ်နေပေပြီ။ ဧရာဝတီတိုင်းထဲ ဝင်လာပါလားအသိနှင့် အတွေးတွေက ပတ်ဝန်းကျင်ဝယ် မြင်ရသော စိမ်းစိုစို လယ်ကွင်းတွေကြားထဲ ရောက်သွားသည်။

ပုသိမ်ကို ရောက်တော့ နံနက်စာ ထမင်းစားသောက်ဖို့ ကားခေတ္တနားကာ ရပ်ပေးသည်။

ထမင်းဆိုင် စားပွဲထိုးလေးက. . .

"အစ်မ ဘာနဲ့ စားမလဲဟင်"

"ကြက်အသည်းအမြစ်"

ပါးစပ်မှ မစားချင်တာကို လွှတ်ခနဲ ထွက်သွားသည်။ ထမင်းဆိုင် ဝင်ကတည်းက အတိတ်ပုံရိပ်အဖြစ် မေမြတ်စိုးနှင့် နန်းကို အသည်းအမြစ်တွေ ခွဲဝေပြီး ဖြိုးဝေယံ ထည့်ပေးသော မြင်ကွင်းထင်ဟပ်လာသည်ကို. . .

"အစ်မ ဘာလိုသေးလဲ"

"ဪ. . . ဘာမှမလိုပါဘူးကွယ်"

ဘယ်တော့မှ ပြန်လည်ဆုံစည်းခွင့် မရနိုင်တော့ဟု ထင်ခဲ့



သော ဖြိုးဝေယံနှင့် နန်းကိုတော့ တစ်နေ့နေ့မှာ ပြန်လည်ဆုံလိမ့်မည်ဟု မေမြတ်စိုးစိတ်ဝယ် ထင်နေမိသည်။

ချောင်းသာရောက်လေပြီ။

တည်းခိုမည့်နေရာကို ပင်လယ်ကြီးနှင့် မျက်နှာချင်းဆိုင်အခန်း ရွေးချယ်လိုက်သည်။

အဝတ်အစားသေတ္တာကို ကုတင်ဘေး ထားပြီး ခရီးပန်းသွား၍ စိတ်လွတ်ကိုယ်လွတ် လှဲကာ ဖြေရန်အလုပ်. . .

"ကလင်. . . ကလင်"

စားပွဲပေါ်မှ ဖုန်းသံ၊ ဟိုတယ်ကောင်တာမှ လှမ်းဆက်တာဖြစ်သဖြင့် ကောက်ကိုင်လိုက်သည်။

"(၁၀၄) မန္တလေးက ဖုန်းလာပါတယ်၊ လွှဲပေးလိုက်မယ်နော်"

ဘယ်သူများပါလိမ့်ဟု စဉ်းစားချိန် မရလိုက်။

"ညီမ ရောက်ပြီလား၊ အားလုံး အဆင်ပြေတယ်နော်"

မေမြတ်စိုး အံ့သြသွားပြီး. . .

"နေပါဦး ကိုကျော်စိုးမိုး၊ ဒီတည်းခိုခန်းနဲ့ ကျွန်မရဲ့အခန်းနံပါတ်ကို ဘယ်လိုလုပ် သိလဲ"

"ညီမဘေးမှာ ကိုယ် အမြဲတမ်း အရိပ်အဖြစ် ရှိနေတယ်"

"ဟွန်း"

မလွယ်ပါလားဟု စိတ်ညစ်သွားကာ သက်ပြင်းချလိုက်သံက ဖုန်းထဲ ဝင်သွားသည်။

"အလကား စတာပါကွယ်၊ ညီမသူငယ်ချင်း ကိုအောင်ဆီက အားလုံးပြောပြပါတယ်၊ သူ စီစဉ်ပေးတဲ့ကား ဘယ်ဟိုတယ်


www.burmeseclassic.com

www.burmeseclassic.com


မှာ တည်းတတ်တယ်ဆိုတာနဲ့ ဟိုတယ်ကို လှမ်းမေးရင်း ညီမနဲ့ တွေ့တာပါ။ ကဲ. . . ကဲ. . . ညီမ အေးအေးဆေးဆေး နားလိုက်ဦး၊ အစ်ကို နောက်မှ ပြန်ဆက်မယ်"

မေမြတ်စိုးစိတ်ထဲ နည်းနည်း ကျဉ်းကျပ်သွားတာတော့ အမှန်။ ဒီပုံစံအတိုင်းဆိုလျှင် ဒီဟိုတယ်မှာ တစ်ရက်တည်းပြီး ဟိုတယ်ပြောင်းဖို့ လုပ်ရမယ်။

မရခင်ကတည်းက မေမြတ်စိုးအပေါ်ကို အရိပ်တကြည့်ကြည့် စောင့်ရှောက်သလိုနှင့် ချုပ်ချယ်နေတာကို မကြိုက်။

မေမေ့ကို ပြောထားသလို မေမြတ်စိုး စိတ်တွေကို လွတ်လွတ်လပ်လပ် မေးပြီး အဖြေတစ်ခုတော့ ရှာချင်သည်။ မေမြတ်စိုး ဘဝအတွက် အမှားအမှန်ဆိုတာ အချိန်အားဖြင့်ကော ရက်အားဖြင့်ကော ပြန်တွက်ကြည့်မည်ဆိုလျှင် နည်းနည်းလေးပဲ ကျန်တော့သည်။

တစ်ဘဝလုံးအတွက် ဆုံးဖြတ်ခဲ့သော ဆုံးဖြတ်ချက်တစ်ခုကို တစ်သက်တာ အမှားတစ်ခုအဖြစ် နောင်တမရချင်။

ကိုကျော်စိုးမိုးနဲ့ မေမြတ်စိုး တစ်ဦးဘဝကိုတစ်ဦး အပြန်အလှန်စိတ်တွေ ဝင်ကြည့်ဖို့ လိုသည်။

တစ်ခါတုန်းက မေမြတ်စိုး ရင်ထဲက ချစ်ခြင်းတရားတွေကို စိတ်ထဲမှာသာ ထားခဲ့ခြင်းကြောင့် ကြေကွဲစရာကောင်းသည့် သင်ခန်းစာတစ်ခု ရခဲ့ဖူးသည်။ အဲ့ဒီသင်ခန်းစာမျိုး မကြုံတွေ့လိုတော့။



## အခန်း(၁၇)

ဖြူဖွေးသော သဲသောင်ပြင်ပေါ်ဝယ် ဖိနပ်မစီးဘဲ ပင်လယ်ပြင်ကြီး၏နံနက်ခင်းအလှကို သူကြည့်ပြီး ကြည်နူးနေမိသည်။

"အင့်"

ပြေးလာသော ကလေးမလေးတစ်ဦးက သူ့ကို မထင်မှတ်ဘဲ ဝင်တိုက်သည်။ အင်အားချင်းက ဆင်နှင့်ဆိတ်ဆိုတော့ ကလေးမလေးခမျာ သဲပြင်ပေါ် ပစ်လဲကျသွားသည်။ သူ ထူပေးလိုက်ပြီး

"သမီးလေး ဘယ်နာသွားသေးလဲ"

"မနာပါဘူး ဒေါ်လေးရဲ့ ဆောရီးနော်. . . သမီးက ငေးပြီး ပြေးမိတာကိုး"

ထိုစဉ်. . .


www.burmeseclassic.com

www.burmeseclassic.com

ကလေးမလေးနောက်မှ လိုက်လာသော ပိန်ပိန်နှင့် အမျိုးသမီးက ရောက်လာပြီး. . .

"သမီးရေ. . . တည်းခိုခန်း ပြန်ကြစို့၊ တော်ကြာ သမီး ဘွားဘွား နိုးလာလို့ မတွေ့ရင် မမပါ အဆူခံနေရဦးမယ်"

အသက်(၉)နှစ် (၁၀)နှစ်အရွယ် ဖြူဖြူဖွေးဖွေး ဝဝကစ်ကစ်နှင့် ချစ်စရာ ကောင်မလေးက ပြုံးရွှင်စွာဖြင့်. . .

"ဒေါ်လေး သွားဦးမယ်နော်၊ နောက်နေ့ ဆုံကြမှ ဒေါ်လေးကို မုန့်ဝယ်ကျွေးမယ်. . . တာ့တာ"

စကားသိပ်တတ်တဲ့ ကလေးမလေး။

မေမြတ်စိုးက ကလေးမလေးကို လက်ပြ၍ တာ့တာဆိုကာ ပြန်လုပ်လိုက်ရသည်။ ကလေးမလေး ဆက်ဆံပုံက သူ့ရင်ထဲကို နွေးထွေးသွားစေတာတော့ အမှန်။

နောက်တစ်နေ့. . .

တည်းခိုခန်းရှေ့ လသာဆောင်ဝယ် နောက်မှီထိုင်ခုံပေါ်ကနေ ပင်လယ်ပြင်ကို ကြည့်နေခိုက်. . .

"အစ်မ. . . အစ်မနာမည် မေမြတ်စိုးနော်"

ကြည့်လိုက်တော့ သူရောက်ရောက်ချင်း ပထမ တည်းခိုသည့်ဟိုတယ်မှ မန်နေဂျာ ဖြစ်နေသည်။

"ဘာဖြစ်လို့လဲ ညီမ"

"မမရောက်တဲ့နေ့က ဖုန်းဆက်တဲ့ အစ်ကိုကြီးက မမကို ရှာပေးပါ၊ ဖုန်းပြန်ဆက်ပါလို့ ပြောခိုင်းလို့ပါ"

"ညီမကလည်းကွယ်. . . မသိဘူး မအားဘူးလို့ ဖြေလိုက်လည်း ရရဲ့သားနဲ့ကွယ်"





"ကျွန်မ ပြောပါသေးတယ် မမရယ်၊ ဒါပေမယ့် အားနာဘာနဲ့ ကတိပေးလိုက်မိတာပါ"

မေမြတ်စိုး စိတ်ညစ်သွားသည်။ ဒီလူနှင့် ဝေးရာ ဘယ်ကမ္ဘာကိုများ ပြေးထွက်သွားရမည်လဲ။

"ကဲ. . . နောက်တစ်ခါ ပြန်ဆက်ရင်သာ ပြောလိုက်၊ မမပြန်ဆက်မယ်လို့၊ ဘယ်မှာ တည်းတယ်ဆိုတာကိုတော့ မပြောလိုက်ပါနဲ့နော်"

"ဟုတ်ကဲ့"

ဟိုတယ်မန်နေဂျာမလေးကို ကျေးဇူးတင်စကားပြောပြီး ပင်လယ်ကမ်းစပ်ကို ထွက်လာခဲ့သည်။

အင်း. . . ကိုကျော်စိုးမိုးကို မချစ်ရင်တောင် ဖွဲ့ဆုလေးတော့ ပေးရမလို ဖြစ်နေသည်။ မေမြတ်စိုး သူ့ကို ဘယ်လောက်စိတ်ညစ်အောင် ဖန်တီးဖန်တီး သူ စိတ်မပျက်ခဲ့။ သူ့ရာထူး၊ ဂုဏ်သိက္ခာနှင့်ဆိုလျှင် မေမြတ်စိုးအဖို့ အတော်လေး အားနာဖို့ ကောင်းနေပေသည်။

မေမြတ်စိုး ဘာလုပ်ရမလဲ။

ဘယ်လို ဆုံးဖြတ်ရမလဲ။

ပင်လယ်ပြင်ကြီးကို တိုင်တည်နေမိသည်။

"ဟာ. . ."

ဘောလုံးလေးတစ်လုံးက မေမြတ်စိုး ခြေထောက်ကို လာထိသဖြင့် အတွေးများ ရပ်သွားသည်။

ဘောလုံးလေးကို ကောက်ယူလိုက်စဉ်. . .

"ကျေးဇူးပဲ ဒေါ်လေးရေ"


www.burmeseclassic.com

www.burmeseclassic.com

မနေ့က ဆုံတွေ့ခဲ့ရသည့် ကလေးမလေး ဘောလုံးကို လှမ်းပေးလိုက်တော့. . .

"ဒေါ်လေးကို သမီး ကတိပေးထားတဲ့အတိုင်း မုန့်ကျွေးရဦးမယ်"

ပြောပြောဆိုဆိုနှင့် ပြေးသွားပြီး အထိန်းတော်အဖြစ် လိုက်ပါနေသည့် မိန်းကလေးဆီမှ မုန့်ထုပ်ကို ယူကာ မေမြတ်စိုးဆီ ပြန်လာပြီး. . .

"ရော့. . . ဒေါ်လေး အကုန်စားလိုက်၊ မုန့်က အသစ်နော်၊ သမီး မစားရသေးဘူး၊ ဒေါ်လေး ရွှံမှာစိုးလို့"

"သမီး ဝအောင်စားပါကွယ်၊ ဒေါ်လေး ဗိုက်ဝနေလို့ပါ"

"ဟင့်အင်း. . . မရဘူး မရဘူး၊ စားရမှာပဲ၊ ဒေါ်လေး မစားရင် သမီး အော်ငိုမှာနော်"

မေမြတ်စိုးက ကလေးမလေး မေးစေ့ကို ယုယစွာ ကိုင်လိုက်ရင်း. . .

"ကဲ. . . သမီးကျေနပ်အောင် ဒေါ်လေး စားပါ့မယ်ကွယ်၊ သမီးပါ ဝိုင်းစားပေးရမယ်နော်"

သည်တော့မှ ကလေးမလေးက ကျေနပ်သွားပြီး ခေါင်းညိတ်ပြသည်။ မုန့်စားနေရင်းမှ မေမြတ်စိုး သတိထားလိုက်မိပြီး. .

"သမီး ခုလို တစ်ယောက်ထဲပဲ ဆော့နေတာလား၊ ဖေဖေနဲ့ မေမေကော မပါဘူးလား"

"ဖေဖေက သမီးတို့နောက် လိုက်လာမယ် ပြောတယ်၊ မေမေကတော့ သမီး ငယ်ငယ်လေးကတည်းက ဟိုအဝေးကြီး ထွက်သွားတာ ပြန်မလာတော့ဘူး"





မိတဆိုး သမီးလေးမှန်း မေမြတ်စိုး သဘောပေါက်လိုက်သည်။

"သမီး ခု ချောင်းသာလာတာ ဘယ်သူတွေ ပါလဲ"

"ဘွားဘွားကြီး ပါတယ်၊ ပြီးတော့ ဟိုမှာရပ်နေတဲ့ အိမ်မှာ ထမင်းချက်တဲ့မမ ပါတယ်"

"ဟုတ်လား"

စကားပြော ကောင်းနေစဉ်မှာပင် အိမ်မှာ ထမင်းချက်တဲ့ မမဆိုသော အမျိုးသမီးက ရောက်လာပြီး. . .

"သမီးရေ. . . ဘွားဘွားကြီး စိတ်ပူနေမယ်၊ ပြန်ကြရအောင်ကွယ်"

ကလေးမလေးက မေမြတ်စိုးကို ကြည့်ပြီး. . .

"ဒေါ်လေး. . . သမီးပြန်တော့မယ်"

"အေးကွယ်"

ကလေးမလေးက တာ့တာပြပြီး နှုတ်ဆက်ကာ ထွက်ပြေးသွားတော့သည်။

မေမြတ်စိုးမှာ ငေး၍သာ ကြည်နူးနေမိသည်။

သံယောဇဉ်ကြိုးက နှောင်ဖွဲ့လို့ လာပြီး ရုန်းထွက်မရအောင် ရစ်ပတ်နှောင်ဖွဲ့မည်မှန်း မသိ။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၈)

"ဘွား. . . ဘွား"

"မြေးမလေး ဘုတ်ရယ်၊ ဘယ်တွေ လျှောက်သွားနေတာလဲကွယ်၊ ဘွားဘွားဖြင့် စိတ်ပူလို့ လိုက်လာတော့မလို့"

ဘုတ်က ပြုံးရယ်ပြီး. . .

"မပူပါနဲ့ ဘွားဘွားရဲ့၊ သမီးလေ. . . ဒေါ်လေးတစ်ယောက်နဲ့ ခင်သွားတယ်"

"ဟုတ်လား သမီး၊ ပြောစမ်းပါဦး. . . ဘယ်က ဒေါ်လေးလဲ"

"အဲ့ဒီဒေါ်လေးက အရမ်းလှတာ ဘွားဘွားရဲ့၊ ဆံပင်ကလည်း အရှည်ကြီး၊ စကားပြောရင်လည်း ချိုတယ်၊ ဟို. . . ဟိုလေ၊





တီဗီထဲမှာ ကြည့်ရတဲ့ မင်းသမီး နန္ဒာလှိုင်လို ရုပ်မျိုး"

ဒေါ်ခင်သူဇာက သူ့မြေးလေးဘုတ်စကားကြောင့် ပြုံးလိုက်မိသည်။

"ငါ့မြေးလေးက တော်တော် ချီးကျူးတာပဲ"

"ဟုတ်တယ် ဘွားဘွားရဲ့၊ သမီးမေမေကြီးကော အဲ့ဒီဒေါ်လေးလောက် လှလားဟင်"

"လှတာပေါ့ သမီးရဲ့၊ အဲ့ဒီ သမီးပြောတဲ့ ဒေါ်လေးထက်တောင် ပိုလှသေး"

မမြင်ဖူးသော်လည်း မြေးလေး စိတ်ချမ်းသာအောင် ပြောလိုက်သော ဘွားအေးစကားကြောင့် ဘုတ် ကျေနပ်သွားသည်။ ကိုယ့်ငါးချဉ် ကိုယ်ချဉ်ကြသော လူ့သဘာဝပင်။

"ဒါဆို ဒေါ်လေးနဲ့ တွေ့ရင် သမီးမေမေ လှကြောင်း ကြွားလိုက်မယ်နော်"

"ကြွားစေကွယ်. . . ကြွားစေ၊ ဒါနဲ့ သမီး ထမင်းစားတော့နော်၊ ဘယ်မှ လျှောက်မသွားနဲ့ဦး"

"ဘာလုပ်မလို့လဲ ဘွားဘွား"

"သမီးဖေကြီးဆီက ဖုန်းဆက်လိမ့်မယ်၊ ဘွားဘွားကြီးကို သေသေချာချာ မှာထားလို့"

"ဟင်. . . ဖေကြီးဆီက ဖုန်းလာမယ် ဟုတ်လား ဘွားဘွား၊ ပျော်လိုက်တာ"

ဘုတ် ဘယ်မှမသွားတော့။ ဖုန်းနားမှာပဲ ထိုင်စောင့်နေသည်။

သိပ်မကြာလိုက်၊ ဖုန်းမြည်လာသည်။


www.burmeseclassic.com

www.burmeseclassic.com

“ဟော. . . ဖေကြီးဆီက ဖုန်းလာပြီ”

“ဟဲလို. . . ဖေကြီးလား”

“အမယ်လေး သမီးလေးရယ်၊ ဖေကြီးမှာ လွမ်းလို့ သေတော့မယ်၊ သမီးကတော့ ပျော်နေတယ်ပေါ့လေ”

“ဖေကြီးကို သမီးပြောသားပဲ၊ လိုက်လာပါလို့”

“လာမယ်. . . နောက်(၅)ရက်လောက်ကြာရင် ဖေကြီးလိုက်လာခဲ့မယ်”

“တကယ်နော် ဖေကြီး၊ ညာမပြောရဘူး”

“တကယ်ပါ သမီးရယ်”

“ဖေကြီးလာရင် ဖေကြီးကို သမီးနဲ့ ခင်တဲ့ဒေါ်လေးတစ်ယောက်နဲ့ မိတ်ဆက်ပေးမယ်”

“ဘယ်က ဒေါ်လေးလဲ သမီးရဲ့”

“ချောင်းသာမှာ သမီးနဲ့ ခင်တာပါ။ အရမ်းချော အရမ်းလှတယ်၊ ဆံပင်က အရှည်ကြီး၊ ဟို. . . ဟိုလေ ဖေကြီး နန္ဒာလှိုင်တွေ့ဖူးတယ်ဟုတ်လား”

“အင်း. . . ”

“နန္ဒာလှိုင်လိုမျိုး”

“သမီးက အရမ်းညွှန်းနေပါလား”

ဘုတ်က အားပါးတရ တခစ်ခစ် ရယ်မောလိုက်ပြီး. . .

“ဒါပေမယ့် ဘွားဘွားကြီးကတော့ ပြောတာပဲ၊ သမီးအမေလောက် ဘယ်သူမှ မလှဘူးတဲ့၊ ဟုတ်လား ဖေဖေ”

“ဟုတ်တာပေါ့ သမီးရဲ့”

ဖြိုးဝေယံ ချစ်ဇနီးကျော့ကို သတိရသွားသဖြင့်. . .





“ဖေဖေ ဖုန်းချလိုက်တော့မယ် သမီး”

“ဟုတ်ကဲ့ ဖေကြီး”

“သမီး လိမ်လိမ်မာမာ နေနော်”

“ဟုတ်ကဲ့”

ဘုတ်က သူ့အဖေထံမှ ဖုန်းလာပြီး ပျော်နေသည်။ ပြီးနောက် အတွေးတစ်ခု ခေါင်းထဲ သွင်းကာ. . .

ဖေကြီးကို ဒေါ်လေးနှင့် မိတ်ဆက်ပေးလျှင် ဖေကြီးက ခင်ပါ့မလား။ ပြီးတော့ ဒေါ်လေးကကော ဖေကြီးကို သူ့လို ဆက်ဆံပါ့မလား။

“အင်း. . . သူ ဖေကြီးကို မခေါ်လျှင် သူလည်း ဒေါ်လေးကို ခေါ်စရာ မလိုတော့” ဟု စိတ်ဝယ် အရေးကြီး သွေးနီးနေသည်။

“မြေးမလေး. . . ဒီလောက်အကြာကြီး ဘာတွေစဉ်းစားနေတာလဲ”

“ဘာမှမဟုတ်ပါဘူး ဘွားဘွားရဲ့၊ ဖေကြီးအတွက် သမီးစဉ်းစားနေတာပါ”

ဒေါ်ခင်သူဇာ အံ့အားသင့်ကာ ပြုံးလိုက်ပြီး. . .

“အမယ်. . . ထူးထူးဆန်းဆန်းပါလား ငါ့မြေးရဲ့ ပြောပါဦး”

“ဒီလိုလေ ဘွားဘွားရဲ့၊ ပထမတော့ ဖေကြီးကို မေမေအသစ်ယူမှာ သမီး သဘောမတူဘူး၊ ဒါပေမယ့်. . . ”

ဘုတ်က လက်ကလေးကို နှုတ်ခမ်းပေါ် တင်ပြီး စတိုင်ကျကျလေး တွေးနေသဖြင့်. . .

“ဒါပေမယ့် ဘာဖြစ်လဲဆိုတာ ပြောလေ မြေးလေး”



www.burmeseclassic.com

www.burmeseclassic.com

"အင်း. . . သမီးအဖေကြီးကို ဒေါ်လေးလိုမျိုးနဲ့ ယှဉ်ခိုင်းရင် ကောင်းမလားလို့ပါ၊ အဲဒီလို အမေသစ်မျိုးကျတော့ သမီးနဲ့ တည့်တယ်"

"ဟား. . . ဟား. . . ငါ့မြေးကတော့လေ"

ဒေါ်ခင်သူဇာ သြချလောက်အောင် ရယ်လိုက်ပြီးမှ. . .

"မြေးမလေးဖေကြီး ကြိုက်ဦးမှ ဖြစ်မှာပေါ့ကွဲ့"







# အခန်း(၁၉)

မေမြတ်စိုး ချောင်းသာသို့ ရောက်တာ (၅)ရက်ကျော်လေပြီ၊ သူ ကိုကျော်စိုးမိုးထံ ဖုန်းမဆက်ဘဲ နေခဲ့သည်။

ထို့အတွက်ကြောင့် စိုးရိမ်စိတ် ဝင်လာသည်။ ဒီလူက မပြောနိုင်၊ ဖုန်းမဆက်သဖြင့် လိုက်လာလျှင် အခက်၊ တွေးမိလိုက်ပြီး ဖုန်းလေးဖြင့် ဖြေသိပ်ခွင့်လေး ပေးလိုက်ရင်ဖြင့် ကောင်းမည်ဟု ဖုန်းဆက်လိုက်တော့ တန်းတွေ့သည်။

"ဘုတ်ရယ်. . . ကိုယ့်မှာ ကြာရင် ဖုန်းစောင့်တဲ့သရဲ ဖြစ်တော့မယ်. . . နေနိုင်လိုက်တာ"

ဘုတ်လို့ ခေါ်လိုက်သောကြောင့် အံ့အားသင့်သွားပြီး. . .

"နေစမ်းပါဦး. . . ဘုတ်ဆိုတဲ့နာမည်ကို ကိုကျော်စိုးမိုး


www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူ့ဆီက ရလာတာလဲ"

မေမြတ်စိုးအတွက် ဒီနာမည်က သူ့မိသားစုနှင့် ခင်မင်ရင်းနှီးသူမှသာ ခေါ်သောနာမည်။

"ဘုတ်ကလည်းကွာ. . . ဒါများ အလန့်တကြားလုပ်လို့ ဘုတ်မေမေ ပြောတာလည်း သိပြီးသလို ဘုတ်သူငယ်ချင်းကိုအောင်သိုက်ကလည်း ပြောပြတယ်လေ"

မေမြတ်စိုး စကားဆက်လို့ မရတော့၊ သူ ခေါ်ချင်သလိုသာ ခေါ်စေတော့ဟု စိတ်လျှော့လိုက်သည်။

တကယ်ဆိုလျှင် မေမြတ်စိုးစိတ်ထဲမှာ "ဘုတ်" ဆိုသောနာမည်ကို ခေါ်ခံလိုက်ရတိုင်း ရင်ခုန်မိကာ တစ်ယောက်သောသူကိုသတိရမိဖြစ်သည်။

"ဘုတ်. . . ဘာလို့ တိတ်နေတာလဲ ပြောဦးလေ"

"ဩော်. . . ကိုကျော်စိုးမိုး၊ ပြောစရာရှိတာသာ ပြောပါ"

"ဘုတ်ကို အရမ်းလွမ်းတယ်"

အသံက တိုးညင်းလှသည်။ တကယ်ခံစားနေရမည်။ ချစ်တဲ့သူတိုင်း ဝေးနေရလျှင် လွမ်းကြပေမည်။ မေမြတ်စိုးလည်း အလွမ်းထိပ်ခေါင်တင် ဖြစ်ခဲ့ဖူးသည်ဆိုတော့ ကိုယ်ချင်းစာနာမိသည်။

သို့ပေမယ့် မတတ်နိုင်၊ ကိုယ့်နှလုံးသားက သူ့အတွက် မဟုတ်လေတော့ ခက်သည်။

"ဒါပဲလား ကိုကျော်စိုးမိုး"

"ကိုယ် ခွင့်တင်ထားတယ်၊ ရရင် ဘုတ်ဆီကို လိုက်လာခဲ့မယ်၊ ပြီးရင် မန္တလေးကို ဘုတ်နဲ့အတူ ပြန်တာပေါ့၊ ကိုယ်လိုက်လာ





မယ့်နေ့ ဘုတ်ဆီ ဖုန်းဆက်မယ်နော်၊ ဖုန်းနံပါတ် ပေးထားဦးလေ"

မေမြတ်စိုး စိတ်ညစ်သွားသည်။ မတတ်နိုင်၊ မပေးပြန်လည်း အပြစ်၊ အင်တာနက်ခေတ်မှာ လျှို့ဝှက်လို့မရ၊ "ရှာဖွေလေ တွေ့ရှိလေ" သိသွားပေမည်။ မတတ်နိုင်တော့ ဟိုတယ်ဖုန်းနံပါတ် ပေးလိုက်သည်။

"လာကာနီးမှ ဆက်နော် ကိုကျော်စိုးမိုး"

"စိတ်ချပါ ဘုတ်ရယ်၊ ဘုတ်စကား နားမထောင်ရင် ကိုယ်အပြစ်ဒဏ် ခံရမယ်ဆိုတာ သိပါတယ်"

မေမြတ်စိုး ဖုန်းချလိုက်ပြီး သက်ပြင်းချလိုက်သည်။ ခုချိန်ထိ ကိုကျော်စိုးမိုးနှင့် ပတ်သက်ပြီး သူ ဆုံးဖြတ်ချက် တိတိကျကျ ချရသေးတာအမှန်။

ရင်ခုန်သံ ထပ်တူမကျလျှင် အချစ်ဆိုတာ မဖြစ်နိုင်ဘူးလို့ သူနားလည်ထားမိပါသည်။

* * *

ဖြူးဝေယံ သမီးလေးထံ ဖုန်းဆက်ကြည့်လိုက်တော့ မြေးသွားတွေ အပြင်သို့ ထွက်နေချိန်နှင့် ဆုံနေသည်။

နောက်ထပ်(၂)နာရီအကြာမှ ဖုန်းပြန်ဆက်ကြည့်တော့


www.burmeseclassic.com

ဖုန်းလာကိုင်သည်။

"မေမေလား. . . သားပါ"

"သား. . . ပြောလေ"

"သမီးနေကောင်းလား မေမေ"

မေမေနေကောင်းလားဟု မိခင်အတွက် သောကမဝေ၊ ကိုယ့်ဥမှ ကိုယ်ခင်ကြသည့် သားဖြစ်သူ၏မိဘမေတ္တာကို နားလည်မှုနှင့် ဒေါ်ခင်သူဇာ ပြုံးလိုက်ပြီး. . .

"မင်းသမီးကတော့ ပင်လယ်လေနဲ့ တွေ့လို့လား မသိဘူး၊ ဒေါင်ဒေါင်မြည်လို့၊ အမေကတော့ လေစိမ်းတိုက် သိပ်မခံနိုင်လို့ အိမ်ဖော်ကောင်မလေးနဲ့ပဲ သူ အပြင်ထွက်ဆော့ကြတယ်"

"မေမေကလည်း အဲဒီလို စိတ်ချလက်ချ လွှတ်မထားနဲ့လေ"

"အေးပါ. . . ငါလည်း ဂရုစိုက်နေပါတယ်"

"သမီးကော အမေ၊ သမီးနဲ့ စကားပြောချင်လို့"

"သူ ဒေါ်လေးနဲ့ သွားဆော့နေဦးမယ်ဆိုပြီး ထွက်သွားလေရဲ့"

"ဘယ်က ဒေါ်လေးလဲ အမေ"

"အမေတောင် မသိဘူး၊ သူ့ဖာသာ ဘယ်လိုမိတ်ဆက်ပြီး ခင်သွားလဲ မသိဘူး"

"တစိမ်းတွေနဲ့ သိပ်လွှတ်မထားပါနဲ့ အမေရယ်"

"အေး. . . မင်းကသာ တစိမ်းပြော၊ မင်းသမီးက အဲ့ဒီ ဒေါ်လေးဆိုတဲ့သူနဲ့တောင် မင်းကို ပေးစားမလို့ ငါ့ကို လာပြောနေတယ်"

"အဟား. . . ကြံကြံဖန်ဖန် အမေရယ်"

ဖြိုးဝေယံ ဖုန်းထဲမှ ရယ်မောလိုက်မိသည်။

သမီးလေးကို အမေသစ် ယူပေးမယ်လို့ သူ စတိုင်း သမီးလေးက အမြဲစိတ်ကောက်တတ်သည်။

ခု သူ့ကိုတောင် မိန်းမပေးစားဦးမယ်ဆိုတော့ အံ့ဩစရာပင်။

သူနှင့် ပတ်သက်သည့် ကုမ္ပဏီမှ ဒါရိုက်တာ အပျိုကြီးမမတွေက သမီးလေးကို ချဉ်းကပ်လာတော့ သမီးလေးက စိတ်မဝင်စား၊ အားလုံးကို ခပ်တည်တည်သာ ဆက်ဆံခဲ့သည်။ ဘယ်သူ အရောဝင်တာကိုမှ လက်မခံ။

ခု ထူးဆန်းတာတော့ အမှန်။

သမီးလေး ပြောသည့် ဒေါ်လေးဆိုတာ ဘာစွမ်းဆောင်ရည်တွေနှင့်များ သမီးလေးကို သံယောဇဉ်ဖြစ်အောင် စွဲဆောင်သွားလေသည် မသိ။

"သား ဘာပြောဦးမလဲ"

အမေ့အသံကြောင့် ဖုန်းကိုင်ထားရာမှ ရပ်ပြီး တွေးနေမိသည်ကို သတိရမိလိုက်သည်။

"ဩော်. . . သားရောက်မယ့်နေ့ သမီးလေးကို ဖုန်းဆက်မယ်သာ ပြောပေးပါ မေမေ"



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၀)

တိုက်ဆိုင်လွန်းလှသည်။

ဖြိုးဝေယံနှင့် ကျော်စိုးမိုး။

ပုသိမ်ဟိုတယ်မှာ ဟိုဘက်အခန်း ဒီဘက်အခန်း တည်းခို ဖြစ်ကြသည်။

ဖြိုးဝေယံက ပုသိမ်မှာ အလုပ်ကိစ္စလေးတွေ ပါလာသလို ကျော်စိုးမိုးကလည်း သူ့ရုံးမှ အရာရှိငယ်လေး၏မင်္ဂလာဆောင်အတွက် လက်ထပ်လက်စွပ် ချီးမြှင့်ပေးရန် ပုသိမ်မှာ တစ်ရက်တည်း တည်းခိုလိုက်ခြင်းဖြစ်သည်။

ဖြိုးဝေယံက သူ့အတွေးနှင့်သူ လှေကားပေါ် တက်လာရာ ကျော်စိုးမိုးအား မတော်တဆ ဝင်တိုက်သွားမိသည်။



ကျော်စိုးမိုး လက်ထဲမှ ကိုင်ထားသော စာရွက်စာတမ်းများ ပြုတ်ကျသွားသည်။

"ဆောရီးဗျာ. . . ကျွန်တော် နမော်နမဲ့နိုင်လို့ ဖြစ်တာပါ"

ဖြိုးဝေယံ တောင်းပန်လိုက်သည်ကို ကျော်စိုးမိုးက ပြုံးရင်း

"ရပါတယ်ဗျာ. . . ကျွန်တော့်ဘက်ကလည်း မှားတာပါ။ ခင်ဗျားတက်လာတာကို မတွေ့ရအောင် ကျွန်တော်ကိုယ်တိုင်က လည်း အတွေးလွန်နေတာပါ"

ဖြိုးဝေယံက စာရွက်စာတမ်းများ လိုက်လံကောက်ပေးနေရင်း. . .

"ဒါနဲ့ နောင်ကြီးက"

"ကျွန်တော့်နာမည် ကျော်စိုးမိုးပါ"

ဖြိုးဝေယံက လက်ကမ်းပေးလိုက်ရင်း. . .

"ဟုတ်ကဲ့. . . တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော့် နာမည် ဖြိုးဝေယံပါ"

တဒင်္ဂ အခိုက်အတန့်လေးမှာ ခင်မင်သွားကြသည်။

"ကိုကျော်စိုးမိုးက ရန်ကုန်ပြန်မှာလား"

"ချောင်းသာ သွားမလို့ပါ"

"အတော်ပဲဗျာ. . . စကားပြောဖော် ရတာပေါ့။ ကျွန်တော် လည်း ချောင်းသာသွားမလို့"

ဖြစ်ချင်တော့ နှစ်ဦးသား ဘေးချင်းကပ် အခန်းနှစ်ခန်း။

ဖြိုးဝေယံက (၁၃)။

ကျော်စိုးမိုးက (၁၄)။

သူတို့နှစ်ဦး ညစာအတူ စားဖြစ်ကြသည်။ ဖြိုးဝေယံ



www.burmeseclassic.com

www.burmeseclassic.com



ညည့်ခံကျွေးမွေးခြင်း ဖြစ်သည်။

သူတို့နှစ်ဦးသာ ပြိုင်ဘက်များအဖြစ် သိခဲ့လျှင်ဖြင့်. . .။

ဿ ဿ ဿ ဿ

ဖြိုးဝေယံ ပုသိမ်ဟော်တယ်သို့အဝင် မိမိအခန်းရှိရာသို့ သွားမည်အပြု. . .

"အခန်းနံပါတ်(၁၄)က အစ်ကိုလား"

ဟိုတယ်ဝန်ထမ်းလေး၏အမေးကို မဟုတ်ကြောင်း မဖြေနိုင်၊ နောက်ဆက်တွဲက. . .

"ဘုတ်က စကားပြောချင်လို့တဲ့"

အခန်းနံပါတ်တော့ မမှန်၊ ဒါပေမယ့် ဘုတ်ဆိုတာကတော့ မှန်သည်။ သူ့သမီးလေးထံမှ ဖုန်းဆက်တာဖြစ်မည်။ ဖြိုးဝေယံ ဖုန်းခွက်ကို ကိုင်လိုက်သည်။





"အစ်မက ဖုန်းပြောခိုင်းတာပါ၊ အစ်ကိုလာမယ်ဆိုရင် Max ဟိုတယ်မှာ တည်းပါတဲ့၊ သူလာတွေ့ပါမယ်လို့"

"ဗျာ"

ဘာတွေလဲ၊ သမီးလေးအသံလည်း မဟုတ်။ Max ဟိုတယ်မှာ သူ ဘာလို့ တည်းရမှာလဲ၊ သမီးလေးနှင့်အမေ တည်းတာက Lai Lai ဟိုတယ်။

ဘယ်လိုတွေ လွဲချော်သွားပြန်ပြီလဲ မသိ၊ ဖုန်းချသွားသည်။ အပေါ်ထပ် အခန်းရှိရာ ပြန်တက်တော့ လှေကားမှ ဆင်းလာသော ကျော်စိုးမိုးကို သူပြုံးပြလိုက်သည်။

ကျော်စိုးမိုးက အပြင်ထွက်မည့်ဆဲဆဲတွင်. . .

"လာပြန်ပြီဗျာ. . . ဘုတ်ဆီက ဖုန်းတဲ့"

ကောင်တာဝန်ထမ်းထံမှ 'ဘုတ်' ဆိုသည့်အသံ ကြားလိုက်သည်နှင့် ကျော်စိုးမိုးက ချက်ချင်း ကောင်တာသို့ ပြေးသွားပြီး. . .

"ဒါ. . ဒါ ကျွန်တော့်ဆီ လာတဲ့ဖုန်း"

ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဖေဖေကြီးလား. . . သမီးပါ၊ ဖေဖေကြီးက ပုသိမ်ရောက်နေတာတောင် သမီးတို့ဆီ ရောက်အောင် မလာဘူး၊ အလုပ်က ပါလာသေးတယ်"

ကျော်စိုးမိုး ခေါင်းကုတ်လိုက်သည်။

ကလေးတစ်ယောက်၏အသံ၊ သူ့ကို သူ့အဖေ ထင်ပြီး လျှောက်ပြောနေသည်။

"ဒါပဲနော်. . . သမီးမှာထားတဲ့ ဂျေဒိုးနပ်စ်က မုန့်တွေ ပါမလာရင် ရန်ကုန်ကို နောက်တစ်ခေါက် သွားပြန်ဝယ်ပေးရမယ်၊



www.burmeseclassic.com

www.burmeseclassic.com

ကဲ့ . . . ဖေကြီးအလုပ်များနေရင် နားတော့၊ သမီးတို့ဆီ ရောက်မှ သမီး အားရပါးရ စကားပြောတော့မယ်"

"ဟို့ . . . ဟိုလေ"

"ဟိုတွေ လုပ်မနေနဲ့ ဖေကြီး၊ တာ့တာ ဘိုင့်ဘိုင်"

တစ်ဖက်မှ ဖုန်းချသွားသောကြောင့် ကျော်စိုးမိုး ရှင်းပြခွင့် မရတော့။

တစ်ခုခုတော့ လွဲနေပြီ ထင်သည်။





## အခန်း(၂၁)

မေမြတ်စိုးကို ကလေးမလေးက သံယောဇဉ်ငြိတွယ်နေသလို မေမြတ်စိုး ကိုယ်တိုင်ကလည်း ပြန်လည်ပြီး ချစ်ခင်တွယ်တာနေမိသည်။

ကိုကျော်စိုးမိုးက နောက်ထပ် တစ်ရက်ကြာမှ လာဖြစ်မည်ဖြစ်ကြောင်း ဖုန်းလာ၍ အသက်ရှူချောင်သွားသည်။

လာခဲ့လျှင် သူ့အတွက် အဖြူအမည်း သဲကွဲရအောင် မေမြတ်စိုး မခွဲခြားနိုင်သေးတော့ ဖြေစရာ စကားများလည်း ဆွံ့အနေမည်ထင်သည်။

"ဒေါ်လေး . . . ညကျရင် သမီးတို့ တည်းတဲ့ဟိုတယ်ရှေ့က



www.burmeseclassic.com

www.burmeseclassic.com

သဲသောင်ပြင်မှာ မီးပုံပွဲ လုပ်မလို့ လာခဲ့ပါလား၊ သမီး(၁၀)နှစ်ပြည့် မွေးနေ့လေ၊ ဖေဖေကြီးလည်း ညနေဆို ရောက်လာတော့မှာ"

မေမြတ်စိုး အတွေးများကြားက ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

"လာမှာပေါ့ သမီးရယ်"

"လာဖြစ်အောင် လာနော်၊ ဒေါ်လေးမလာရင် သမီး ဘယ်တော့မှ မခေါ်တော့ဘူး သိလား"

ချစ်စရာ သမီးလေး ဘုတ်ပါးပြင်လေးအား မေမြတ်စိုး ချစ်အားပိုကာ ဆွဲဖျစ်ပြီး ညှစ်လိုက်ရင်း. . .

"လာမှာပေါ့ သမီးရဲ့၊ မွေးနေ့လက်ဆောင်လည်း ဒေါ်လေးက ပေးဦးမှာ"

"ဒါမှ ငါတို့ဒေါ်လေးကွ၊ ဒါဆို သမီး သွားတော့မယ်နော်"

သမီးလေးဘုတ်က ဝမ်းသာအားရ ခုန်လိုက်သည်။

အမှတ်မထင် တွေ့လိုက်ရသောအရာက မေမြတ်စိုး စိတ်ထဲ တစ်မျိုးဖြစ်သွားသည်။ ခုနက ကလေးမလေး ထအခုန်မှာ အကျႌအတွင်းမှ ထွက်ကာ လှုပ်ရှားသွားသည့် လည်ပင်းက ဆွဲထားသော လည်ဆွဲသီးလေးမှာ ဖြိုးဝေယံနှင့်နန်းကို သူ မင်္ဂလာလက်ဆောင် ပေးခဲ့သော ပစ္စည်းလေးနှင့် တူနေသည်။

"အို. . . စိတ်က ထင်လို့ ဖြစ်မယ်"

သူပေးသော လည်ဆွဲလေးကို သူတို့ မိသားစု သုံးယောက်မှာ ဘယ်သူများ ဆွဲထားပါလိမ့်၊ ဖြိုးဝေယံလား၊ ဒါမှမဟုတ် နန်းနှင့်သူတို့သမီးလေး ဘုတ်ဆီမှာလား။

အဲ့ဒီရွှေနားကွပ်ထားသော နီလာလည်ဆွဲလေးနှင့် ပတ်





သက်ပြီး သူငယ်စဉ်တုန်းက အဖွားဖြစ်သူမှ အမှတ်တရ ပေးခဲ့သော ပစ္စည်းဖြစ်သည်။ အဲ့ဒီလည်ဆွဲလေး လည်မှာ အမြဲရှိနေလျှင် ကံကောင်းခြင်းတွေ ပြည့်နှက်နေတတ်သည်ဟု အဘွားက ဆိုခဲ့သည်။

ဒါပေမယ့် အဲ့ဒီတုန်းက သူ့အတွက် ကံကောင်းခြင်း လက်ဆောင်က ဘာမှ ဖြစ်မလာခဲ့။

ဖြိုးဝေယံနှင့် နန်းတို့အတွက်သာ ဘဝမှာ ကံကောင်းခြင်းတွေ ပြည့်ဝစေဖို့ သူ မြတ်နိုးသော အမှတ်တရကို ပေးအပ်ခဲ့ခြင်း ဖြစ်လေသည်။

သမီးလေး ဘုတ်မွေးနေ့။

မီးပုံပွဲနှင့်အတူ စားသောက်ဖွယ်ရာ စားပွဲဝိုင်းကြီးအား ပြင်ဆင်ထားသည်မှာ ခမ်းနားလှပေသည်။


www.burmeseclassic.com

www.burmeseclassic.com

ဖြိုးဝေယံက သမီးလေး မွေးနေ့ကို ရန်ကုန်မှာဆိုလျှင် နာမည်ကြီး ဟိုတယ်တစ်ခုမှာ ပြုလုပ်ပေးချင်သော်လည်း ခုတော့ မွေးနေ့ရက်နှင့် တိုက်တိုက်ဆိုင်ဆိုင် ရှိနေသည်။ ချောင်းသာမှာပဲ လုပ်ပေးပြီး ကျော့ပေးခဲ့သော ဒိုင်ယာရီစာအုပ်လေးကို သမီးလေး ဖတ်ဖို့ အမှတ်တရ ပေးရမည်ဖြစ်သည်။

ရန်ကုန်ကနေ အထူးအော်ဒါ မှာထားသော ကိတ်မုန့်ကြီး ပေါ်ဝယ် သမီးလေးနာမည်နှင့် Happy Birthday စာတန်းကို ရေးထိုးထားလေသည်။

"Happy Birthday ပါ သမီးလေး ဘုတ်"

ဖြိုးဝေယံက သမီးလေးပါးပြင်ကို နမ်းလိုက်သည်။

"Happy Birthday ပါ ဖေကြီး"

သမီးလေး၏ပြုံးပန်းဝေဆာနေသော မျက်နှာလေးကို ပီတိဖြစ်သွားပြီး အပြာရောင် ပါကင်စက္ကူဖြင့် ဖဲကြိုးလေးများ ချည်နှောင်ထားသောအထုပ်ကို သမီးလေးအား ပေးလိုက်ပြီး. . .

"ဒီမွေးနေ့လက်ဆောင်ဟာ သမီးဘဝအတွက် တန်ဖိုး မဖြတ်နိုင်အောင် ရှိပါတယ် သမီး"

"ဘာလက်ဆောင်မို့လဲ ဖေကြီးရ"

"သမီးမေမေက သမီးအသက် (၁၀)နှစ်ပြည့်ရင် ဖတ်ဖို့ ရေးပေးထားခဲ့တဲ့စာတွေလေ"

"တကယ်ပြောတာနော် ဖေဖေ"

ဖြိုးဝေယံ ခေါင်းညိတ်ပြလိုက်သည်။ သမီးလေးဘုတ်က မိခင်လက်ဆောင် အထုပ်လေးကို မြတ်နိုးစွာဖြင့် ဝမ်းသာအားရ ပွေ့ဖက်ထားလိုက်သည်။





ချောင်းသာကို လာလည်ကြတော့ ဘုတ်နှင့် သက်တူရွယ်တူ ကလေးမလေးများကိုလည်း ခေါ်ထားသောကြောင့် လူများပြီး စိုပြေနေသည်။

"သမီး ကိတ်မုန့်ပေါ်မှာ ဖယောင်းတိုင် မီးထွန်းတော့လေ"

သမီးလေးက တစ်စုံတစ်ယောက်ကို မျှော်နေပြီ။

"နေဦး ဖေဖေ၊ သမီးဒေါ်လေး မလာသေးဘူး"

"သမီးရယ်. . . ဒီမှာ သူငယ်ချင်းတွေ စုံနေပြီပဲကွယ်၊ သမီးဒေါ်လေးက တော်ကြာ ရောက်လာမှာပေါ့"

"ဟော. . . ဟိုမှာ ဒေါ်လေးလာနေပြီ၊ သမီး သွားခေါ်လိုက်ဦးမယ်"

သမီးလေးက ဝမ်းသာအားရ ထွက်သွားတော့ မွေးနေ့ကိတ်မုန့်ပေါ်မှာ ဖယောင်းတိုင်လေးတွေကို သူ စီတန်းစိုက်ထူပေးထားလိုက်သည်။

"ဖေကြီး. . . ဒီမှာလေ၊ သမီးပြောပြောနေတဲ့ ဒေါ်လေး ဆိုတာ"

ဖြိုးဝေယံ နောက်ကို အမှတ်မထင် လှည့်ကြည့်လိုက်တော့.

"ဟင်. . ."

နှစ်ယောက်စလုံး အံ့အားသင့်ကာ အာမေဋိတ်သံများဖြင့် စိုက်ကြည့်နေကြပြီးမှ. . .

"ဘုတ်"

"ဖြိုးဝေ"

မေမြတ်စိုးက အံ့သြစွာဖြင့်. . .

"ဒါ နန်းနဲ့ နင့်သမီးလေး ဘုတ်ဆိုတာလား"


www.burmeseclassic.com

www.burmeseclassic.com


ဖြိုးဝေယံ ခေါင်းညိတ်ပြလိုက်သည်။

"ဟင်. . . ဖေကြီးနဲ့ ဒေါ်လေးက သိတယ်ဟုတ်လား"

သမီးလေးဘုတ်မှာ သူတို့နှစ်ဦးကြားဝယ် မှင်သက်နေသည်။

"သိတာပေါ့ သမီးရယ်၊ ဒါ သမီးမေမေ အရမ်းချစ်တဲ့ မေမေ့သူငယ်ချင်း ဘုတ်ဆိုတာလေ"

ဖြိုးဝေယံ မိတ်ဆက်လိုက်မှ သမီးလေးက သိရှိသွားပြီး. .

"ဒါဆို ဖေဖေပြောပြောနေတဲ့ မေမေက သူ့သူငယ်ချင်း နာမည်နဲ့ တူအောင် 'ဘုတ်' ဆိုပြီး ပေးထားတာ အဲ့ဒီဒေါ်လေးလား"

မေမြတ်စိုးက ခေါင်းညိတ်ပြီး ပြုံးပြလေတော့ သမီးလေးမှာ. . .

"ဒေါ်လေးဘုတ်နဲ့ မွေးနေ့ပွဲ လုပ်ရတော့မယ်. . . ပျော်လိုက်တာ"

ဖြိုးဝေယံက ကိတ်မုန့်ပေါ်ရှိ ဖယောင်းတိုင်များကို မီးထွန်းညှိလိုက်သည်။

"ဖြိုးဝေယံ. . . နင့်ဇနီး နန်းကော"

မေမြတ်စိုးအမေးကြောင့် သမီးလေးဘုတ် မိခင်ကို သတိရသွားဟန်တူသည်။ ငိုမဲ့မဲ့ ဖြစ်သွားသောကြောင့် ဖြိုးဝေယံ မသိမသာ မေမြတ်စိုးအား မျက်လုံးမှိတ်ပြလိုက်သည်။

"ကဲ. . . အားလုံး ရယ်ဒီ ဝမ်း တူး သရီး အော်ရင် ဟက်ပီး ဘတ်သ်ဒေးသီချင်း လိုက်ဆိုပေးကြပါ"

ဖြိုးဝေယံက သမီးလေးကို အာရုံပြောင်းလိုက်သည်။



"အားလုံး ရယ်ဒီ ဝမ်းတူးသရီး"

"ဟက်ပီးဘတ်သ်ဒေးတူယူ"

အားလုံး ပျော်ရွှင်စွာ ဝိုင်းဆိုလိုက်သောကြောင့် အပျော်ငွေ့တွေက သမီးလေးကို ဟပ်သွားပြီး သမီးလေး မျက်နှာပြင်ဝယ် မျက်ရည်များ စိုစွတ်နေသည့်ကြားက ပြုံးလိုက်ပြီး ဖယောင်းတိုင်မီးများကို မှုတ်လိုက်သည်။

"ဟေး. . . ဘုတ်လေး သက်ရာကျော် ရှည်ပါစေ"

"မွေးနေ့ရှင်ဘုတ် ထာဝရ ပျော်ရွှင်ပါစေ"

ကလေးငယ်များ ဝိုင်း၍ ဆုတောင်းကာ ချီးမြှောက်ကြသည်။

သမီးလေးဘုတ်က မွေးနေ့ကိတ်ကို လှီးပြီး သူ့ဖခင်ကို ခွံ့ကျွေးပြီးနောက် သူ့ဘွားအေနှင့် မေမြတ်စိုးကို ခွံ့ကျွေးသည်။ ဆက်လက်ပြီး ကလေးငယ်များကို တစ်ယောက်ချင်းစီ လိုက်ကျွေးလေသည်။

နှစ်စဉ် သမီးလေးမွေးနေ့ ရောက်တိုင်း အပျော်အပြင် ချစ်ဇနီးကျော့ကို အလွမ်းတွေ ဝေမိခဲ့သည်။

ဒီနှစ်တော့ မမျှော်လင့်ဘဲ ပြန်လည်ဆုံတွေ့ရသည့် ငယ်ချစ်ဆွေ မေမြတ်စိုးကြောင့် ပျော်ရွှင်မိုးသည် ရင်မှာ မစဲအောင် ဖြစ်နေမိသည်။

မေမြတ်စိုးနှင့်အမေ ဘာတွေစကားကောင်းနေကြသည် သိ။ ပြီးမှ. . .

မေမြတ်စိုးက သူရှိရာသို့ လျှောက်လာသည်။

"နင့်သတင်းကို ဒေါ်ဒေါ်ဆီက ကြားရတာ ငါစိတ်



www.burmeseclassic.com

www.burmeseclassic.com

မကောင်းပါဘူးဟာ၊ နန်းဆုံးသွားတာ သမီးငယ်ငယ်လေးကတည်းက ဟုတ်လား"

"ဘယ်တတ်နိုင်မလဲ ဘုတ်ရာ၊ ကံကြမ္မာဆိုတာ ဖန်တီးလုပ်ယူလို့ ရတာမှ မဟုတ်တာ"

"ဒါတော့ ဒါပေါ့ဟာ၊ ဒါပေမယ့် ခုလို အစိမ်းသက်သက်ကြီး ခွဲပစ်လိုက်တာတော့ ကံကြမ္မာက ရက်စက်လွန်းလှပါတယ် နင့်သမီးလေးက သိပ်သနားဖို့ကောင်းတယ်"

ပင်လယ်ပြင်မှ တိုက်ခိုက်လာသော လေနုအေးက ကံကြမ္မာကို ယိုးမယ်ဖွဲ့ကာ နေကြသည့် သူတို့နှစ်ဦးကို မအေးမြနိုင်။

သမီးလေးကတော့ သူ့သူငယ်ချင်းများနှင့် ပြေးလွှားဆော့ကစားနေကြသည်။

မေမြတ်စိုးက တိတ်ဆိတ်သောအတွေးကို နှိုးဆွလိုက်သည်။

"နန်းက နင့်ကို အရမ်းချစ်မှာပဲနော်"

ဖြိုးဝေယံ ကြေကွဲစွာ ပြုံးလိုက်ပြီး. . .

"အဲ့ဒါတွေ နင် ဘာလို့ မေးနေတာလဲ ဘုတ်"

မေမြတ်စိုး ပြုံးလိုက်ပြီးမှ. . .

"နင်စိတ်ညစ်ရင် မမေးတော့ပါဘူးဟာ၊ ဒါပေမယ့် ငါ မေးချင်တာ တစ်ခုရှိတယ်"

ဖြိုးဝေယံက ငဲ့စောင်းကာ သူ့ကို ကြည့်လိုက်ပြီးမှ. . .

"ဘာလဲ ဘုတ်. . . မေးလေ"

"နင့်သမီးလေးနာမည်ကို ဘာလို့ ငါ့နာမည် ဘုတ်လို့ ပေးရတာလဲ"





ဖြိုးဝေယံက သဲသောင်ပြင်ပေါ်မှ ခဲလုံးလေးအား ကောက်ယူပြီး ပင်လယ်ထဲသို့ ပစ်လွှတ်လိုက်ပြီးနောက်. . .

"ကျော့မဆုံးခင်တုန်းက ငါ့ကို စာတစ်စောင် ရေးပေးခဲ့တယ်"

ဖြိုးဝေယံက နန်းကျော့နွယ် ရေးခဲ့သော စာအကြောင်းကို မေမြတ်စိုးအား ရှင်းပြလိုက်သည်။

မေမြတ်စိုးရင်ထဲမှာ မျက်ရည်ကြည်များ ရစ်ဝဲလာပြီး. .

"နန်းရယ်. . . နင် ငါ့အပေါ် ဒီလောက် ကောင်းခဲ့တဲ့အတွက် ရောက်လေရာဘဝတိုင်းမှာ ငါကျေးဇူးတင်နေမှာပါဟာ"

နှစ်ဦးသား အတွေးများနှင့် ရစ်ဝဲနေစဉ်. . .

မိုးခြိမ်းသံ ကြားရပြီး အချိန်အခါမဟုတ် မိုးများ ရွာချလာသည်။

သမီးလေးက သူ့ဘွားအေနှင့်အတူ ဟိုတယ်ထဲသို့ ပြန်ဝင်သွားကြသည်။

ဖြိုးဝေယံနှင့် မေမြတ်စိုးက မိုးခိုးစရာ အုန်းလက်တွေနှင့် တည်ဆောက်ထားသော ယာယီ ဘန်ဂလိုလေးအောက် ဝင်ပြီး မိုးခိုလိုက်သည်။

ထိုစဉ်. . .

"ဂျိမ်း"

မိုးခြိမ်းသံ ပြင်းလွန်းသဖြင့် မေမြတ်စိုး ကြောက်အားလန့်အားနှင့် ဖြိုးဝေယံကို ဖက်ထားလိုက်မိသည်။

နှစ်ဦးသား အတန်ကြာအောင် ဖက်ထားမိရာမှ မေမြတ်စိုးမှာ ရုတ်တရက် လန့်နိုးလာသူတစ်ဦးပမာ သတိရလိုက်ပြီး ဖြိုး


www.burmeseclassic.com


www.burmeseclassic.com

ဝေယံ ရင်ခွင်ထဲမှ ရုန်းထမိလိုက်သည်။

မိုးရေထဲ ပြေးထွက်လာသော မေမြတ်စိုး ရင်ခုန်သံတွေ
မိုးပေါက်များနှင့်အပြိုင် ခုန်နေဆဲပင်။



ကြေကွဲခံစားရတဲ့ အိပ်မက်တစ်ခုကို
မက်ကြည့်စေချင်ပါတယ်၊
အိပ်မက်ထဲမှာ
မျက်ရည်တွေဟာ ပန်းဖြစ်မလာသလို
ခံစားမှုဟာလည်း လိပ်ပြာတစ်ကောင် ဖြစ်မလာနိုင်ပါဘူး၊
ရင်ခုန်သံတွေနဲ့ပဲ
အဲ့ဒီအိပ်မက်မှာ ဆူညံစေပါပကော...။



# အပိုင်း (၄)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၂)

သမီးလေးဘုတ်က မိခင်ပေးခဲ့သော မွေးနေ့လက်ဆောင် ဒိုင်ယာရီ စာအုပ်လေးကို ဖွင့်ဖတ်လိုက်သည်။

သူ့မေမေ လက်ရေးလေးတွေကို ပထမဆုံး မြင်တွေ့ခွင့် ရခဲ့ခြင်းဖြစ်သည်။

သမီးလေး ဘုတ်..

မွေးနေ့မှာ ပျော်ရွှင်ပါစေကွယ်၊

မေမေ မရှိတော့ပေမယ့် မေမေရှိနေတဲ့ဘဝကနေ. သမီးလေးမွေးနေ့ကို ဆုတောင်းပေးမှာပါ။

မေမေ့သမီးလေးကို မေမေ အရမ်းချစ်တယ်၊ ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



တောင် ချစ်လဲဆို မေမေ့အသက်နဲ့ လဲပြီးတောင် ချစ်တယ်။

ဘုတ်က စာဖတ်နေရင်း မျက်ဝန်းထဲမှ မျက်ရည်များ ဗိုးဗိုး ပေါက်ပေါက် ကျလာသည်။ တကယ်လို့ မေမေသာ ဘေးနားမှာ ရှိလျှင် အားပါးတရ ဖက်ငိုမိမှာ သေချာသည်။

စာအုပ်လေးကို ပြန်ဖွင့်ဖတ်သည်။

မေမေ့သမီးလေးက ဖေဖေကို ချစ်ရမယ်နော်၊ ဖေဖေ့ စကား နားထောင်တာက မေမေ့စကား နားထောင်သလိုပါပဲ သမီးရယ်၊ သမီးလေးက လူ့လောကကြီးထဲမှာ လမ်းစလျှောက်တော့မှာမို့ မေမေ မှာချင်တာက ဘယ်တော့မှ အတ္တမကြီးရဘူး။ လူအားလုံးကို ချစ်ခင် ကြင်နာသနားတတ်တဲ့စိတ် ရှိရမယ်။ ကိုယ်က တစ်ပါးသူကို ကူညီ တတ်တဲ့သူပဲ ဖြစ်ရမယ်။

သမီးလေးဖေဖေက သမီးလေးအတွက် နေ့တိုင်း အလုပ် ကြိုးစားနေရတာ သနားပါတယ်ကွယ်၊ လူ့ဘဝကြီးကို ဖြတ်သန်းတဲ့ အခါ ခံစားမှုကို မျိုသိပ်ထားတာဟာ ကြာရင် ဝေဒနာတွေ တိုးပွား နိုင်တယ်လေ၊ သမီးလေးကို မေမေ မှာချင်တာက ဖေဖေကြီး လျှောက် လှမ်းရမယ့် ဘဝခရီးလမ်းမှာ ပျော်ရွှင်မှုတွေကို သမီးက ဖြည့်ဆည်း ပေးရမယ်၊ ဖေဖေကြီးအတွက် သမီးရဲ့ကြည်နူးမှုတွေ မျှဝေပေးရမယ်။

ဒါကြောင့် သမီးဖေဖေ လျှောက်လှမ်းရမယ့် ခရီးလမ်းမှာ သမီးအနေနဲ့ အမှန်တကယ် ပျော်ရွှင်စေချင်တယ်၊ မေမေ့ကိုလည်း ချစ်တယ်ဆိုရင် မေမေ့ဆန္ဒ ဖြည့်ဆည်းပေးရမယ်။

ဘာလဲဆိုတာတော့ ဒိုင်ယာရီစာအုပ်ရဲ့နောက်ဆုံးမှာ မေမေ ရေးထားခဲ့တယ်၊ သမီးသဘောတူမှ ဖွင့်ဖတ်၊ သဘောမတူ ရင်တော့ ဖွင့်ဖတ်မနေနဲ့ ဝေဒနာဖြစ်မယ်။





ဒါက သမီးသဘောပါ။

သမီးလေး ရွှင်လန်းချမ်းမြေ့ပါစေ။

သမီးရဲ့မေမေ

နန်းကျော့နွယ်

ဘုတ်က ဒိုင်ယာရီစာအုပ်လေးကို ရင်ခွင်မှာပဲ ပိုက်ထားမိ လိုက်သည်။

ပဟေဠိဆန်သော မေမေ့စာကြောင့် သူ့အတွေးများ ယောက်ယက်ခတ်သွားသည်။

ဖေဖေ့ကို ပျော်ရွှင်စေလိုတယ်၊ မေမေ့ကိုလည်း ချစ်တယ်၊ သားသမီးတွေရဲ့ဆန္ဒ၊ ဒီသဘာဝတရားကို မေမေက ဘယ်လို အကြောင်းရှာထားပါလိမ့်။

သူ သိပ်သိချင်သည်။

သို့ပေမယ့် ကြောက်သည်။

သူ မလိုက်လျောနိုင်ပါက ခက်မည်။ မေမေပြောသလို ဝေဒနာသာ ပိုလာမည်။


ထို့အတွက်ကြောင့် ဖွင့်ဖတ်ရ ဖွင့်မဖတ်ရ စိတ်နှစ်ခွနှင့် စဉ်းစားရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၃)

လေတိုက်ခိုက်မှုကြောင့် ပင်လယ်ရေလှိုင်းတွေက ကမ်းစပ်သို့ လာရောက်ရိုက်ခတ်နေသည်။

မေမြတ်စိုးရင်မှာလည်း. . .

ဖြိုးဝေယံကို မတွေ့ရလျှင် ငြိမ်နေမည်။ မငြိမ်သော်လည်း ရင်ခုန်နေမှာမဟုတ်၊ ခုတော့ တွေးမိတိုင်း ရင်မှာ လှိုင်းခတ်နေသည်။

ကြည်နူးမှု တစ်ဝက်တစ်ပျက်နှင့်အတူ အိပ်မက်မှ လန့်နိုးလာသူပမာ အိပ်နေသော သူ့နှလုံးသားကို ဖြိုးဝေယံက ပြန်လည်နိုးထစေသည်။

လှိုင်းလုံးကြီးများ လိမ့်တက်လာသည်ကို ကြည့်ရင်း မေ





မြတ်စိုးရင်ထဲက လှိုင်းလုံးတွေကလည်း ဘယ်လောက်တောင် ရိုက်ခတ်နေပြီ မသိ။

"ဘုတ်. . . ဘာတွေ တွေးနေတာလဲ၊ ကိုယ်ရောက်နေတာ ကြာပြီ"

ရုတ်တရက် လန့်သွားမိသည်။ နောက်လှည့်ကြည့်လိုက်တော့ ကျော်စိုးမိုးကို တွေ့ရသည်။

"ဘုတ် အတွေးတွေ ပျောက်သွားမှာစိုးလို့ ကိုယ်စောင့်ကြည့်နေတာ၊ ဟိုတယ်ကို သွားတော့ ဘုတ် ဒီဘက်ကို ထွက်သွားတယ်ဆိုလို့ လိုက်လာတာ"

မေမြတ်စိုး ဘာပြောရမှန်းမသိ၊ ပြောစရာစကားလည်း မရှိတော့၊ နှုတ်ဆိတ်နေလိုက်သည်။ ကိုကျော်စိုးမိုးက အိတ်ထဲမှ Ray Ban မျက်မှန်အနက်ကလေးကို ကောက်တပ်လိုက်ပြီး. . .

"ဆောရီး ဘုတ်ရာ၊ ပုသိမ်မှာ နှစ်ရက်ကြာသွားတယ်၊ အရာရှိလေးရဲ့မင်္ဂလာဆောင်အပြင် သူက တစ်ရက်လောက် နေပါဦးဆိုပြီး အတင်းဆွဲထားလို့၊ ပြေးလာလို့ရရင် ကိုယ် အပြေးလာချင်မိတာ တကယ်ပါ"

မေမြတ်စိုးက အေးစက်စွာ ပြုံးလိုက်မိသည်။

"ဘုတ် နေကောင်းတယ် ဟုတ်လား"

တုန့်ပြန်ပြီး စကားမဆို ငြိမ်သက်နေသည်ကို စိုးရိမ်စိတ်နှင့် မေးလာသဖြင့်. . .

"နေကောင်းပါတယ် ကိုကျော်စိုးမိုး. . . ဘာဖြစ်လို့လဲ"

"ဘုတ်ကြည့်ရတာ တစ်ခုခုများ ဖြစ်နေလားလို့"

"ကိုကျော်စိုးမိုး စိတ်ထင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်သဲသောင်ပြင်ပေါ်ဝယ် နှစ်ယောက်သား လမ်းလျှောက်လာကြသည်။ မေမြတ်စိုးမှာတော့ သူပြောလာမည့်စကားပေါ် အလိုက်သင့် ပြောလို့ နားစွင့်နေမိသည်။

“ဒီက ပြန်တာနဲ့ ကိုယ်တို့ မင်္ဂလာပွဲကို စီစဉ်ချင်တယ် ဘုတ်ရာ”

ထင်သည့်အတိုင်း မရိုးနိုင်သော ဓါတ်ပြားဟောင်းကို ဖွင့်ကာလာသဖြင့်. . .

“ကိုကျော်စိုးမိုးက ဘာလို့ ဒီလောက် လောနေရတာလဲ”

“ကိုယ့်ဘက်ကလည်း စဉ်းစားကြည့်ဦးလေ၊ ကိုယ်စောင့်ခဲ့ရတဲ့နှစ်တွေက နည်းမှ မနည်းတာ”

မေမြတ်စိုး သူ့ကို စူးရဲစွာ စိုက်ကြည့်လိုက်သည်။

“အဲ့ဒီလို အကြည့်တွေနဲ့ မကြည့်ပါနဲ့ ဘုတ်ရာ၊ ကိုယ် ဘုတ်ကို မခွဲနိုင်လို့ပါ”

“ကိုကျော်စိုးမိုးက လက်ထပ်မှ အချစ်ဖြစ်တယ်လို့ ဆိုလိုတာလား”

“မထင်ပါဘူး. . . အချစ်ဆိုတာ ခံစားရမှ တစ်ယောက်ကို တစ်ယောက် ရင်ခုန်သံ တူမှ အချစ်ဖြစ်တာပါ”

ဒီလိုတော့လည်း သူသဘောပေါက်ပါလားဟု စိတ်မှာ တွေးလျက် မေမြတ်စိုး ‘ဟက်’ကနဲ ရယ်လိုက်ပြီး. . .

“ဒါဆို ကျွန်မနဲ့ ကိုကျော်စိုးမိုး ရင်ခုန်သံ မတူသေးဘူး ဆိုရင်ကော”

“ကိုယ့်ဘက်က တူလာနိုင်မယ့် အခြေအနေကို စောင့်ရမှာပေါ့ ဘုတ်ရယ်”





မေမြတ်စိုးအချစ်ကို သူ နဂိုကတည်းက စိတ်ရှည်စွာ စောင့်စားခဲ့သည်မှာ နှစ်ချီပြီး နောင်လည်း ထပ်စောင့်မည်ဆိုတော့ မေမြတ်စိုး သနားသွားမိသည်။ ဒီလိုနဲ့ ငှက်တွေဟာ ပျံရင်း သေကြတယ်၊ သူလဲပဲ မေမြတ်စိုးအချစ်ကို စောင့်စားရင်း သေသွားနိုင်တယ်၊ မတတ်နိုင်၊ အချစ်ဆိုတာ ဖွတ်မှိတ်ဖန်တီးလို့ ရတာမဟုတ်တော့. . .

“ဝမ်းနည်းပါတယ် ကိုကျော်စိုးမိုးရယ်၊ အဲ့ဒီလို စောင့်ရမယ့် အချိန်တွေအတွက် အရမ်းနှမြောဖို့ ကောင်းပါတယ်”

ကိုကျော်စိုးမိုးက မေမြတ်စိုးမျက်နှာကို သေချာစွာ စိုက်ကြည့်ရင်း. . .

“အဲ့ဒီအတွက် ဘုတ် စိုးရိမ်စရာ မလိုပါဘူး၊ ကိုယ်က ဘုတ်နဲ့ ပတ်သက်ပြီး အချစ်ကို မွေးဖွားခဲ့သူဆိုတော့ ဘုတ်အချစ်ကို ရှင်သန်လာအောင်တော့ ဘယ်လောက်ကြာကြာ စောင့်ရမှာပဲလေ၊ လောလောဆယ်တော့ ဘုတ်မေမေနဲ့ ကိုယ့်မေမေက ချောင်းသာက ပြန်လာရင် ကိုယ်တို့နှစ်ဦးရဲ့ စေ့စပ်ကြောင်းလမ်းခြင်း မင်္ဂလာကို သတင်းစာထဲ ထည့်မလို့ တိုင်ပင်နေကြတယ်”

ရင်မှာ တုန်လှုပ်သွားသည်။ ဒေါသပို့သွားသဖြင့် နှုတ်ခမ်းလေး ဖိကိုက်ထားလိုက်သည်။

မေမေတို့ မေမြတ်စိုးအပေါ် အဲ့ဒီလောက်အထိ လုပ်ဖို့ မကောင်း၊ ဘာမှမတိုင်ပင်ဘဲ ဖြစ်စေချင်တာကို အတင်းလုပ်လိုက်တာတော့ ဝမ်းနည်းလာမိတာ အမှန်။

အညိုရောင်သမ်းသွားပြီး မနှစ်မြို့သော မေမြတ်စိုးမျက်နှာလေးကြောင့် ကိုကျော်စိုးမိုး အနေခက်သွားကာ. . .



www.burmeseclassic.com

www.burmeseclassic.com

"ဘုတ်ရဲ့ဆန္ဒ မပါဘဲ အဲ့ဒီလို မလုပ်ဖို့ ကိုယ်တားပါသေးတယ်. . . ဒါပေမယ့်"

"ကျွန်မနားလည်ပါတယ် ကိုကျော်စိုးမိုး"

ထိုစဉ်. . .

မေမြတ်စိုးတို့ ရှေ့တည့်တည့်မှာ ဘော်လုံးကို ပစ်ပေါက်ပြီး ကစား၍ လာနေကြသော ဖြိုးဝေယံနှင့် သမီးလေးဘုတ်ကို တွေ့လိုက်ရသဖြင့် ရင်မှာ ဟိုက်သွားမိသည်။

"ဟာ. . . ကိုကျော်စိုးမိုး"

ဖြိုးဝေယံ နှုတ်ဆက်လိုက်သော ကျော်စိုးမိုးက ဝမ်းသာအားရ ပြုံးပြီး. . .

"ထင်တော့ ထင်သားပဲဗျာ၊ ဒီမှာ ခင်ဗျားနဲ့ တွေ့ဦးမယ်ဆိုတာ၊ ဒါ ကျွန်တော်နဲ့ စေ့စပ်ထားတဲ့သူလေ. . . မေမြတ်စိုးတဲ့"

ဖြိုးဝေယံနှင့် မသိဘူးထင်၍ ကျော်စိုးမိုးက အလှူ့ရှင်မှန်းသိအောင် မဏ္ဍပ်တိုင် တက်ပြကာ မိတ်ဆက်ပေးသည်။ ဒါကို သမီးလေးဘုတ်က မျက်စောင်းစွေပြီး. . .

"ဦးဦးကလည်း. . ဖေကြီးနဲ့ ဒေါ်လေးက ငယ်သူငယ်ချင်းတွေ၊ ဦးဦး မိတ်မဆက်ပေးလဲ သိပြီးသား"

"ဟေ. . . ဟုတ်လား"

ကျော်စိုးမိုး အံ့သြသွားသည်။ ဖြိုးဝေယံက. . .

"ဟုတ်တယ် ကိုကျော်စိုးမိုး၊ ဘုတ်နဲ့ကျွန်တော်က ကျောင်းမှာ မေဂျာအတူတူ တက်ခဲ့ကြတာ"

"ကောင်းရောဗျာ. . . ဒါဆို ဘုတ်နဲ့ ပတ်သက်လို့ ကိုဖြိုးဝေယံဆီပဲ အကူအညီတောင်းရဦးမယ်"





"ဖေကြီးက ဘယ်သူ့ကိုမှ မကူညီတတ်ဘူး ဦးဦးရဲ့"

သမီးလေးဘုတ်မှာ တွေ့စကတည်းက သူ့ဒေါ်လေး မေမြတ်စိုးနှင့် တွဲသည်ကို ကြည့်မရတော့၊ မနှစ်မြို့ဟန်နှင့် လှမ်းပြောလိုက်သဖြင့် ဖြိုးဝေယံက အားနာပြီး. . .

"ဟာ. . . သမီးကလည်း၊ ဦးဦးကို အဲ့ဒီလို မပြောရဘူးကွဲ့"

"ရပါတယ် ကိုဖြိုးဝေယံရာ၊ သမီးလေးက အသွက်လေးပဲ"

ကျော်စိုးမိုးက သမီးလေးဘုတ် ခေါင်းကို ဖြည်းဖြည်းလေး လှမ်းပုတ်လိုက်သည်။

မေမြတ်စိုးနှင့် ဖြိုးဝေယံ အကြည့်ချင်း ဆုံသွားကြသည်။

မေမြတ်စိုး ခေါင်းငုံ့သွားသည်။

ဖြိုးဝေယံက သမီးလေးလက်ကို ဆွဲရင်း. . .

"ကဲ. . . နောက်မှ ဆုံကြမယ်နော်၊ သမီးလေးနဲ့ သွားကစားလိုက်ဦးမယ်"

"ဆော့. . ဆော့. . ကိုဖြိုးဝေရေ၊ ခင်ဗျားကတော့ သမီးလေး ရှိနေပြီမို့ ပြောအားရှိနေပြီပေါ့ဗျာ၊ ဟား. . . ဟား"

ဖြိုးဝေယံ၏ကြေကွဲသော မျက်လုံးအစုံကိုတော့ မေမြတ်စိုးမှတပါး ဘယ်သူမှ မမြင်မိလိုက်ပေ။

မိုးတွေ ရွာသောညတစ်ညက သူနှင့် မေမြတ်စိုး(ဘုတ်)အဖြစ်ကို တွေးမိတိုင်း ဖြိုးဝေယံရင်ထဲ ဘယ်လိုမှ ဖျောက်ဖျက်လို့မရ။

ဘုတ်မျက်ဝန်းတွေ ရွှန်းလက်နေသည်။ ရင်ခုန်သံတွေက မိုးခြိမ်းသံနှင့်အတူ ကျယ်လောင်စွာ ကြားနေရသည်။

သူ့ရင်ထဲက တိမ်မြုပ်ကွယ်ပျောက်ခဲ့သောအချစ်တို့သည်


www.burmeseclassic.com

www.burmeseclassic.com

ဘုတ်ကြောင့် ပြန်လည်နိုးထခဲ့ပြီလား၊ သူ ဘယ်လိုမှ လိမ်လို့မရ၊ ဘုတ်ကို သူ့ရင်ထဲက ချစ်နေတာကိုတော့ ခိုင်မာနေသည်။ သေချာနေသည်။

သို့သော် ကံကြမ္မာက သူ့အတွက် မဖန်လာခဲ့။

ဘုတ်က ကိုကျော်စိုးမိုးနှင့် စေ့စပ်ပြီး ဖြစ်နေသည်။

သူက မုဆိုးဖိုတစ်ဦး၊ ဘယ်လိုမှ မဖြစ်နိုင်။

ဘုတ်ရယ်. . . ကြေကွဲခံစားရတဲ့ အိပ်မက်တစ်ခုကို မက်ကြည့်စေချင်ပါတယ်၊ အိပ်မက်ထဲမှာ မျက်ရည်တွေဟာ ပန်းမဖြစ်လာသလို ခံစားမှုတွေဟာလည်း လိပ်ပြာတစ်ကောင် ဖြစ်မလာနိုင်ပါဘူး။

ရင်ခုန်သံတွေနဲ့ပဲ
အဲ့ဒီအိပ်မက်မှာ ဆူညံစေပါပကော ဘုတ်ရယ်. . .။





## အခန်း(၂၄)

မနေ့က ဆုံတွေ့ခဲ့ရသော ဖြိုးဝေယံ မျက်လုံးတွေကို သူမမေ့၊ ကြေကွဲမှုများ ဖုံးလွှမ်းနေသော သူ့မျက်လုံးအဓိပ္ပါယ်ကို မေမြတ်စိုးရင်ထဲ သိနေသလိုပင်။

ကိုကျော်စိုးမိုးဘက်ကလည်း အနစ်နာခံတာတွေ များလာတော့ သူအားနာလာမိသည်။

မေမေကလည်း နှလုံးရောဂါ ရှိနေပြီး တကယ်လို့များ ကိုကျော်စိုးမိုးကို သူငြင်းလိုက်လျှင် ဘာတွေဆက်ဖြစ်မယ်ဆိုတာ မတွေးရဲတော့၊ သူတို့နှစ်ဦး စေ့စပ်ကြောင်းလမ်းခြင်း သတင်းစာထဲ ပါလာလျှင် တစ်ဦး၏ဂုဏ်သိက္ခာ တစ်ဦး မငဲ့ကွက်လို့ မရတော့ပေ။

မေမြတ်စိုးအတွက် တကယ့်ကို ဆုပ်လည်းစူး စားလည်း


www.burmeseclassic.com

www.burmeseclassic.com

ရှူးပင်၊ ချောင်းသာက ပြန်ဖို့ (၂)ရက်သာ လိုတော့သည်။ မန္တလေး ပြန်ရောက်တာနှင့် သူပေးခဲ့သောကတိအတိုင်း မေမေ့အပေါ် ရှောင်လွှဲလို့ မရတော့။

ဝေဒနာကို အဖြေရှာတဲ့အနေနဲ့ စဉ်းစားမိလိုက်သည်။ ကိစ္စအလုံးစုံကို ဖြိုးဝေယံအား ရင်ဖွင့်ပြောလိုက်တာ ကောင်းမည်။ သို့ပေမယ့် သူ့ရင်ထဲက ဖြိုးဝေယံကို ချစ်သောအချစ်ကိုတော့ ဖော်ထုတ်လို့မရ။

ဖြိုးဝေယံဆီ သူ ဖုန်းလှမ်းဆက်လိုက်သည်။

ဖုန်းခေါ်သံ ကြားရပြီး ဖုန်းလာကိုင်သည်။ သမီးလေး ဘုတ်ပင်။

"သမီး . . ဒေါ်လေးဆက်တာပါ၊ သမီးဖေကြီးကော"

"ခဏနေဦးနော် ဒေါ်လေး၊ ဖေကြီးရေချိုးနေလို့၊ သမီး သွားခေါ်လိုက်ဦးမယ်"

သိပ်မကြာလိုက်၊ ဖြိုးဝေယံ ဖုန်းလာကိုင်သည်။

"ဘုတ် . . . ပြောလေ"

"ဖြိုးဝေယံ . . . နင့်ကို ငါတိုင်ပင်ချင်လို့ဟာ"

"ဘာတွေ အရေးကြီးလို့လဲ ဘုတ်"

ဖြိုးဝေယံအသံက စိုးရိမ်သံ ပါနေသည်။

"နင် အားတယ် မဟုတ်လား"

"အားတယ် . . . ဘယ်နေရာ လာခဲ့ရမလဲ ပြော"

"နင်တို့ ဟိုတယ်နဲ့လည်း မနီးမဝေး၊ ငါနဲ့လည်း နီးတဲ့ ဗီလုံ စားသောက်ဆိုင်ကို လာခဲ့ပါလား"

"အေး . . . အေး . . . နောက်နာရီဝက်ဆို ငါလာခဲ့မယ်"





နှစ်ယောက်စလုံး ဖုန်းချလိုက်သည်။

မေမြတ်စိုး ဝတ်စားပြင်ဆင် အလှပြင်ပြီးကာ အခန်းထဲက အထွက် ဖုန်းမြည်သံ ဝင်လာသဖြင့် ကောက်ကိုင်ပြီး နားထောင် လိုက်သည်။

"ဘုတ် . . . ကိုယ်ပါ၊ ဘုတ်အားရင် တစ်ခုခု သွားစားရ အောင် ကိုယ်လာခဲ့မလို့"

ကိုကျော်စိုးမိုးဆီက ဖုန်းဖြစ်နေသည်။

မေမြတ်စိုးနှင့် ကိုကျော်စိုးမိုးက ဟိုတယ်တစ်ခုစီမှာ တည်းခိုကြသည်။ လက်မထပ်မီ တစ်ယောက်နှင့်တစ်ယောက် ရှိရမည့် စည်းဆိုတာကို သူ နားလည်သည်။

"ကျွန်မ ကိုယ်ရေးကိုယ်တာ ကိစ္စလေးတစ်ခု ချိန်းထားလို့ ပါ၊ ကိုကျော်စိုးမိုး ဧည့်ခံတာကို ကျေးဇူးတင်ပါတယ်၊ ဒီနေ့တော့ ကျွန်မကို ခွင့်လွှတ်ပေးပါနော်"

"ဪ . . . ရပါတယ် ဘုတ်ရယ်၊ ကိုယ်နဲ့ဘုတ်က တစိမ်း တွေမှ မဟုတ်တာ"

မေမြတ်စိုး ပြုံးလိုက်မိသည်။ သူ့စကားကြီးက ဘာလဲ၊ တစိမ်းတွေမှ မဟုတ်ဘဲဆိုတာ။

ဆ ဆ ဆ ဆ


www.burmeseclassic.com

www.burmeseclassic.com



ချောင်းသာရောက်ဖူးသူတိုင်း သဘောကျစရာကောင်းသော ဆိုင်လေးတစ်ဆိုင်ဖြစ်သည့် ဝီလျံစားသောက်ဆိုင်ထဲ လူရှင်းနေသည်။ ထောင့်စွန်းစားပွဲ၌ ဖြိုးဝေယံ အအေးသောက်ရင်း စောင့်နေလိုက်သည်။ သိပ်ကြာကြာမစောင့်လိုက်ရ။

ဘုတ်ရောက်လာသည်။

မိန်းမတစ်ယောက်၏နွဲ့နှောင်းပြေပြစ်သော ကိုယ်ဟန်အနေအထားနှင့် လှချင်တိုင်း လှနေသည့် ဘုတ်ကိုသာ သူ တအံ့တသြ ငေးမောကြည့်နေမိသည်။ သူတို့ နောက်ဆုံး ခွဲခွာစဉ်ကထက် အများကြီး ပြောင်းလဲခြားနားသွားပါလား၊ ရင်ဝယ် လှုပ်ခတ်သွားသည်။

"ဘာငေးနေတာလဲ"

"ဩော်. . အဝ်း. . ထိုင်လေ ဘုတ်"

ဘုတ်က ကြွန်ရွရွစွာပင် သူနှင့် မျက်နှာချင်းဆိုင်၌ ဝင်ထိုင်လိုက်သည်။ သူကပင် ဆက်၍. . .

"ဘာသောက်မှာလဲ ဘုတ်"

"ကော်ဖီပဲ"

ကော်ဖီသောက်တတ်တဲ့အကျင့်လေးက မပြောင်းမလွဲဘဲ ရှိသကဲ့သို့ ဘုတ်ဘဝ တစ်ခုလုံးကိုလည်း ဒီ့ထက်ပိုသော ပြောင်းလွဲ





ခြင်းမျိုး မဖြစ်စေချင်တော့၊ အပျိုစင်ဘဝလေးနှင့် အမြဲလန်းဆန်းတက်ကြွနေသည်ကိုပဲ မြင်တွေ့လိုပါသည်။ ဒါ ဘုတ်အပေါ် တရားရဲ့လား။

"ပုဇွန်ကြော် ဂဏန်းကြော်ရော စားပါလား ဘုတ်"

"ရပါတယ်. . . မစားချင်ဘူး"

"နင်ဘာပြောမလို့လဲ ဘုတ်"

ဘုတ် အံ့အားသင့်သွားသည်။ ဖြိုးဝေယံ တကယ်ပဲ နားမလည်တာလား၊ နားမလည်ချင်ဟန် ဆောင်နေတာလားဆိုတာ သူတွေး၍မရ။

"ငါဘာပြောချင်တယ်ဆိုတာ နင် တကယ်မသိဘူး ဟုတ်လား ဖြိုးဝေယံ"

ဖြိုးဝေယံ နွမ်းယဲ့စွာ ပြုံးလိုက်သည်။ သူ့ရင်ထဲက မချိသော ဝေဒနာရပ်ကို သူ ထုတ်ဖော်လို့ ဖြစ်နိုင်ပါ့မလား။ ထို့ကြောင့်

"နင်ပြောမှ ငါသိမှာပေါ့ ဘုတ်ရ"

ဘုတ် ဖြိုးဝေယံ မျက်နှာကို စိုက်ကြည့်လိုက်ပြီး. . .

"ငါနဲ့ ကိုကျော်စိုးမိုး ယူတော့မယ်၊ အဲဒါ နင်သိတယ်နော်"

"အင်း"

"သူနဲ့ငါ့ကို နင် သဘောတူလားဟင်"

ဖြိုးဝေယံရင်မှာ အဖြေရခက်သော အမေးအတွက် ရင်မှာမောဟိုက်သွားသည်။ လာပါ သွားပါ မဆိုသာရဲတဲ့ သူ့ဖြစ်အင်ကို ဘုတ် မစာနာဘဲ မေးရက်ပေတယ်၊ သူ အအေးကို ကုန်အောင်သောက်လိုက်ပြီးမှ. . .

"ကိုကျော်စိုးမိုးက လူကောင်းပါ၊ ပြီးတော့ အနေရှိကြီး၊



www.burmeseclassic.com

www.burmeseclassic.com



နှင့်ကိုလည်း ချစ်တာပဲဟာ၊ ငါဘာ သဘောမတူနိုင်စရာ ရှိလဲ"

ဘုတ်ကို မကြည့်ဘဲ ပင်လယ်ပြင်ကိုသာ ငေးမောကြည့်ရင်း ပြောနေသော ဖြိုးဝေယံကို မချင့်မရဲ ဖြစ်မိပြီး. . .

"ဖြိုးဝေ. . . ဖြိုးဝေယံ၊ နင် ခုချိန်ထိ ကိုယ့်ခံစားမှုကို ကိုယ်လိမ်နေတုန်းပဲနော်"

မလိမ်ပါဘူး၊ ဖြစ်စေချင်တာက ဆန္ဒ၊ ဖြစ်နေတာက ဘဝမို့ ဘုတ်အတွက် သူ့မျက်နှာတည်စွာနဲ့. . .

"ငါတကယ်ပြောတာ ဘုတ်၊ နင့်ဘက်က ရွေးချယ်မယ်ဆို ကျော်စိုးမိုးကလွဲပြီး တခြားသူ မဖြစ်နိုင်ဘူး"

ရက်စက်လိုက်တာဟု ဘုတ်ရင်မှာ ရှိုက်လိုက်သည်။ ချက်ချင်းပင် နှစ်ပေါင်းများစွာ မေမြတ်စိုးရင်မှာ မျိုသိပ်ခံစားနေရတဲ့ ဝေဒနာကို ဖြိုးဝေယံ သိရက်နဲ့ ပြောရက်တယ်၊ အို. . . နင်က တောင် အချစ်ဝေသန္တရာ လုပ်နိုင်သေးတာ၊ ငါကလည်း နင်ဖြစ်စေချင်တဲ့အတိုင်း. . .။

ဘုတ် ခြောက်ကပ်စွာ ရယ်မောလိုက်ပြီး. . .

"ကောင်းပြီလေ. . . နင်က သဘောတူတယ်ဆိုရင် ငါ သူ့ကို ခေါင်းညိတ်လိုက်ရတာပေါ့၊ ငါပြန်မယ် ဖြိုးဝေယံ"

ဘုတ်က စားပွဲမှ ထရင်း တစ်ဖက်သို့အလှည့် ပါးပြင်ပေါ်ဝယ် မျက်ရည်များ တစ်လိမ့်ချင်း စီးကျလာသည်။

ဒါကိုတော့ ဖြိုးဝေယံ မမြင်။

ဘုတ် ဆိုင်ထဲက ထွက်တော့ တိုက်တိုက်ဆိုင်ဆိုင်ပင် ကိုကျော်စိုးမိုးနှင့် တွေ့ပေသည်။

ဘုတ် ချက်ချင်းဆိုသလိုပင် ပါးပြင်ပေါ်မှ မျက်ရည်စက်





များကို လက်ကိုင်ပုဝါနှင့် သုတ်လိုက်သည်။

"ဘုတ် ဘာလာဝယ်တာလဲ၊ မျက်နှာလည်း မကောင်းပါလား"

"ဘာမှမဟုတ်ပါဘူး ကိုကျော်စိုးမိုးရယ်၊ လာ. . . ကျွန်မတို့ ပင်လယ်ဘက်ကို လမ်းလျှောက်ရအောင်"

လက်ကို လှမ်းဆွဲလိုက်သောကြောင့် ကျော်စိုးမိုး အံ့အားသင့်သွားသည်။ သူနှင့်ဘုတ် ရင်းနှီးကျွမ်းဝင်နေသော သက်တမ်းတစ်လျှောက် ဘုတ်ဘက်က ဒီလို လိုက်လျောမှုမျိုး တစ်ခါမှ မရရှိခဲ့။

ဆိုင်ထဲတွင် ကျန်ရစ်ခဲ့သော ဖြိုးဝေယံက သူတို့နှစ်ဦးကို ကြည့်၍ ကြေကွဲစွာ ပြုံးလိုက်မိသည်။

ဘုတ်ကို သူ့ရင်ထဲက နားလည်ပေးလိုက်တာ သူကျေနပ်ပါသည်။

အပြစ်ကင်းသောချစ်ခြင်းအတွက် ဖြူစင်သန့်ရှင်းသော ဘုတ်နှင့် သူ မထိုက်တန်တော့ပါ။ ဘုတ်အပေါ် သူ့ရင်ထဲက တိမ်းညွတ်မိသောအချစ်တို့အတွက် သူ ရင်အစုံ မည်မျှပင် ကွဲကြေရတာပါစေ၊ သူ ကြိတ်မှိတ်စွာ ခံစားလိုက်ပါမည်။

အချစ်ဆိုတာ အရှိန်ပြင်းစွာ မောင်းနှင်လာသော ရထားတစ်စီးဖြစ်လျှင် ထိုရထားသည် သံလမ်းပေါ် တစ်ဖြောင့်တည်း မောင်းနှင်၍ ရမည်မဟုတ်ပါ။

ရှန်တိန်ရှိလျှင် လမ်းလွှဲတတ်ပါသည်။

ခွင့်လွှတ်ပါ. . . ဘုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူးဝေယံ တည်းခိုခန်းရှေ့ ထိုင်ခုံပေါ်မှ ကျယ်ဝန်းလှသော ပင်လယ်ပြင်ကို ငေးငေါင်စွာ ကြည့်နေစဉ်. . .

"ဖေကြီး"

ရုတ်တရက်မို့ လန့်သွားမိပြီး. . .

"ဟင်. . . သမီးလေး"

"ဖေကြီးမျက်နှာ မကောင်းလို့ပါလား. . . ဘာဖြစ်လို့လဲ ဟင်"

"ဖေကြီးသိပ်နေမကောင်းလို့ပါ သမီးလေးရယ်"

ဖခင်ကို အရိပ်တကြည့်ကြည့်နှင့် ချစ်နေသည့် သမီးလေးကို သူ မုသားဆိုလိုက်မိသည်။ သမီးလေးက သူ့နဖူးပြင်ကို လက်ဖြင့် စမ်းလိုက်ပြီး. . .

"ဟွန်း. . . ကိုယ်လည်း မပူဘဲနဲ့၊ ဖေကြီး ညာတယ်"

ကိုယ့်အပူ ကိုယ်သာသိ၊ ရုပ်ပိုင်းဆိုင်ရာ ဘာမှမဖြစ်၊ စိတ်ကျန်းမာရေး မကောင်းတာကို သမီးလေးကို ဖွင့်ဟလို့မဖြစ်၊





ဟန်ဆောင်ကာ မပြုံးလိုလှသောကြောင့်. . .

"တကယ်ပါ သမီးလေးရယ်၊ ဖေကြီး နေမကောင်းလို့ပါ"

"ဒါဆို သမီး ဖေကြီးကို နှိပ်ပေးမယ်နော်"

ဖြူးဝေယံ ဘေးနားထိုင်ပြီး သမီးလေးဘုတ်က သူ့လက်နုနု လေးများဖြင့် နှိပ်နယ်ပေးလေသည်။

"ဖေကြီးကို သမီးမေးမယ်နော်. . . မှန်မှန်ဖြေ"

"ဘာများလဲ သမီးရဲ"

သူစိတ်ဝင်စားသွားသည်။

"ဒေါ်လေးကို ဖေကြီး စိတ်ဝင်စားလားဟင်"

"ထူးထူးခြားခြား. . . သမီးက ဘာလုပ်မလို့လဲ"

"ဖေကြီး စိတ်ဝင်စားရင် သမီးပြောပေးမလို့ပါ။ ဒေါ်လေး က သမီးစကား နားထောင်တယ်လေ"

ဖြူးဝေယံ အဖြေခက်သွားသည်။ ရင်မှ ဝေဒနာကို ကြေငြာ လိုပေမယ့် သမီးဖြစ်နေတော့ အခက်သား၊ ထို့ကြောင့် သမီး နားလည်အောင်. . .

"သမီးစကား နားထောင်ချင်ပေမယ့် သူ့မှာ ပိုင်ရှင်ရှိတယ် သမီးရဲ့"

"ဖေကြီးကလည်း သိပ်အောက်တာပဲ၊ ရည်းစားရှိတာပါ၊ သမီးသိတယ်၊ ဒေါ်လေးက အဲ့ဒီလူကြီးကို ကြိုက်တာ မဟုတ်ဘူး၊ အဲ့ဒီလူကြီးကပဲ ဒေါ်လေးကို အတင်းလိုက်ကြိုက်နေတာ"

သမီးလေးဘုတ်ကို သူ ဘယ်လိုရှင်းပြရမှန်း မသိတော့၊ သို့ပေမယ့် သမီးလေးကို အမေသစ် ယူမယ်လို့ စလိုက်တိုင်း တုန့်ပြန်သည့်အပြောတွေကို သတိရလိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"သမီးပဲ ပြောတယ်လေ၊ ဖေကြီးကို မိန်းမဘယ်တော့မှ မယူရဘူးဆို"

"ဒါပေမယ့် ဒေါ်လေးကိုတော့ သမီး ချွင်းချက်မရှိ လက်ခံလိုက်ပြီ ဖေကြီး၊ ဒေါ်လေးကို ယူမယ်ဆိုရင် မေမေ့နေရာမှာ အစားထိုး ဝင်ခွင့်ပြုတယ်"

တော်တော်တတ်နိုင်သည့် သမီးလေး ဘုတ်။

သူ ဒေါ်လေးဘုတ်ကို သူ နားလည်စွာ ထားရစ်ခဲ့တာကို သမီးလေး မသိစေချင်။

ကံကြမ္မာဆိုတာ ပုစ္ဆာတစ်ပုဒ်လို တွက်လို့ရတဲ့အရာ မဟုတ်ဘူးဆိုတာ သမီးလေး မသိစေချင်ပါဘူးကွယ်။





## အခန်း(၂၅)

ကျော်စိုးမိုး မေမြတ်စိုးထံမှ စကားကြားရတော့ ကိုယ့်နားပင် ကိုယ်မယုံချင်။

"တကယ်ပြောတာလား ဘုတ်၊ ကိုယ့်ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီ ဟုတ်လား"

မေမြတ်စိုးက နွမ်းယဲ့စွာ ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။

"ဝမ်းသာလိုက်တာ. . . ကိုယ် အနှစ်နှစ်အလလ မျှော်လင့်ခဲ့ရတာ စောင့်ရကျိုးနပ်ပြီပေါ့ ဘုတ်ရယ်"

ကျော်စိုးမိုး လိုတာရလို့ သူ့ကိုယ်သူ ကလေးတစ်ယောက်နှယ် ပျော်ရွှင်နေသည်။

"မန္တလေး ရောက်တာနဲ့ ကိုယ့်သူငယ်ချင်းတွေက ကိုယ့်ကို



www.burmeseclassic.com

 www.burmeseclassic.com

ပွဲလုပ်ပေးရတော့မယ်၊ သိလား ဘုတ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ကိုယ့်ကို ဘုတ်အဖြေပေးရင် တစ်ပွဲပေးမယ်၊ မပေးရင် ကိုယ်က ပြန်ပေးရမယ်တဲ့"

ပျော်ရွှင်မြူးတူးနေသော ကျော်စိုးမိုးကို ကြည့်ပြီး မေမြတ်စိုး ဖြိုးဝေယံကို သတိရနေမိသည်။ ရင်ထဲကလည်း. . .

"ဖြိုးဝေယံရယ်. . . နင်ကျေနပ်မှာပါဟာ"

"ဘုတ်. . . ကိုယ်တို့ မနက်ဖြန်ဆို ပြန်တော့မှာ၊ ဒီည မီးပုံပွဲလေး လုပ်ပြီး ပျော်ပွဲရွှင်ပွဲ ကျင်းပရရင် မကောင်းဘူးလား"

နှလုံးသားစစ်ပွဲမှာ ပြိုင်ဘက်ကို အနိုင်ရလို့ အောင်ပွဲခံရအောင် မေမြတ်စိုးနှင့် ဖြိုးဝေယံအကြောင်း သူသိမှာမဟုတ်၊ သူ မျှော်လင့်စောင့်စားနေတဲ့ မေမြတ်စိုးကို သူ လက်ထပ်ရမှာမို့ ပျော်ရွှင်ကာ အောင်ပွဲခံခြင်း ဖြစ်ပေမည်။ သူ့အတွက်တော့ အောင်ပွဲ၊ မေမြတ်စိုးအဖို့တော့ နှလုံးသား မီးမြှိုက်ရမည်။ ထို့ကြောင့်

"ကျွန်မ သိပ်စိတ်မပါဘူး ကိုကျော်စိုးမိုး"

"အင်းလေ. . . ဘုတ်သဘောပါ။ ပြန်ရမယ့်ခရီးအတွက် အားမွေးလိုက်ဦးနော်၊ ကိုယ်လဲ အခန်းပြန်လိုက်ဦးမယ်"

ဒီလို အလိုလိုက် အကြိုက်ဆောင်ပေးနေတော့လည်း စိတ်မှာ မကောင်းဖြစ်မိတယ်။

ကိုကျော်စိုးမိုး ပြန်သွားသဖြင့် ထွေပြားနေသောစိတ်ကို စုကာ အိပ်ယာပေါ် သိပ်မကြာလိုက်၊ မှေးကနဲ အိပ်ပျော်သွားမည်ကြံကာမှ တံခါးခေါက်သံ ကြားလိုက်ရသည်။

"ဒေါ်လေးရေ. . . ဒေါ်လေး"

သမီးလေး ဘုတ်အသံပင်၊ မေမြတ်စိုး တံခါးကို သွားဖွင့်





ပေးလိုက်သည်။

"သမီးတစ်ယောက်ထဲလား"

"ထမင်းချက်တဲ့မမ ပါတယ် ဒေါ်လေး"

သမီးလေးဘုတ်က အိမ်ဖော်ကောင်မလေးကို ထမင်းချက်တဲ့မမ ဆိုကာ နှုတ်ကျိုးနေသည်။

"ဖေဖေကြီး မသိအောင် သမီးလစ်ပြီးထွက်လာရတာ၊ ဒေါ်လေးကို ပြောစရာစကားတွေ အများကြီးရှိလို့"

"အံမယ်. . . ငါ့သမီးလေးက ထူးထူးဆန်းဆန်းပါလား၊ ဘာပြောမလို့လဲ သမီး. . . ပြောလေ"

"အင်း. . . ပြောရကောင်းမလား မကောင်းဘူးလား ဆိုတာ စဉ်းစားနေတာ"

မေးစေ့လေးကို ကိုင်ကာ စဉ်းစားနေသော သမီးလေးဘုတ်ကို ကြည့်ကာ မေမြတ်စိုး ပြုံးလိုက်ပြီး. . .

"ပြောပါ သမီးရယ်၊ အထာကိုင်နေပြန်ပြီ၊ ကဲ. . . သမီးလေး ဘာလိုချင်လဲ ပြော"

သမီးလေးဘုတ်က ခေါင်းခါပြလိုက်ရင်း. . .

"ဒေါ်လေး စိတ်မဆိုးရဘူးနော်"

"ဆိုးပါဘူး သမီးရ"

"ဒါဆို သမီးပြောမယ်"

"ပြောပါ. . . သမီးကလည်း"

"ဒေါ်လေးနဲ့ဖေကြီးကို သမီးသဘောတူတယ် သိလား"

မေမြတ်စိုး ရင်ခုန်သံတွေ ကျယ်လောင်စွာ ဆူညံသွားသလို ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ် ဒေါ်လေးရဲ့. . . ဖေကြီးက လိမ်နေတာ၊ ဒေါ်လေးကို သူချစ်လျက်နဲ့ ဟန်ဆောင်နေတာ"

မေမြတ်စိုး ဘာပြန်ပြောရမှန်းမသိ ဖြစ်နေစဉ် သမီးလေးက ဆက်ပြောသည်။

"ဒေါ်လေးနဲ့ ဟိုလူကြီး တွဲတာတွေ့တော့ ဖေကြီးခမျာ အိမ်ပြန်ရောက်ရင် ငူတူတူ ငိုင်တိုင်တိုင်နဲ့၊ သမီးလည်း မကြည့်ရက်ဘူး"

မေမြတ်စိုးရင်ထဲမှ စကားသံတို့ အပြင်ထွက်ကျမလာ၊ မျက်ဝန်းထဲမှာ မျက်ရည်များ ရစ်ဝဲလာသည်။

မတတ်သာသည့်အဆုံး အားယူကာ ပြောလိုက်သဖြင့် စကားသံတို့ ဆို့နင့်ပြီး ထွက်လာကာ. . .

"သမီးရယ်. . . ဒေါ်လေးလေ သမီးပြောတဲ့ အဲ့ဒီလူကြီးနဲ့ လက်ထပ်ဖို့ ကတိပေးလိုက်ပြီကွဲ့"

သမီးလေးဘုတ် မျက်ဝန်းလေးများ ရီဝေဝေ ဖြစ်သွားပြီး မျက်လုံးအိမ်ထဲမှ မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာတာ မျက်နှာကို လက်နှင့် အုပ်လျက် ထွက်ပြေးသွားသည်။

နှုတ်မှလည်း. . .

"ဒေါ်လေးကို သမီးမချစ်တော့ဘူး"

"သမီး. . သမီးလေး နေဦးလေ"

သမီးလေးဘုတ်က ဘယ်လိုမှ ခေါ်၍မရတော့၊ အပြင်သို့ ရောက်နေပေပြီ။

သမီးရယ်. . . ဒေါ်လေးလည်း သမီးဖေဖေကို ချစ်ပါတယ်၊ ဘယ်လောက်တောင် ချစ်သလဲဆို ဟိုးငယ်ငယ်လေးကတဲက



ရင်ခုန်တတ်စ အရွယ်မှာ ဒေါ်လေး ရင်ခုန်သံတွေကို ဖြူးဝေယံဆိုတဲ့ သမီးဖေဖေဟာ သိမ်းပိုက်ပြီးသွားခဲ့ပါပြီ။

ဒါပေမယ့် ချစ်ကံမကောင်းတဲ့ ဒေါ်လေးဘဝမှာ အချစ်ဆိုတာ ဘယ်လိုမှ ဒေါ်လေးကို ကောင်းတဲ့ကံတွေဘက် ရောက်အောင် ပို့ဆောင်မပေးခဲ့တဲ့ ကံကြမ္မာကို ဒေါ်လေး ဘယ်လိုနားလည်ရမှာလဲ သမီးရယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၆)

"မမလေး. . . မမလေး"

အိပ်ခါနီးဆဲဆဲမှာ အပြင်က ခေါ်သံကြားရသည်။ တံခါး ဖွင့်ပေးလိုက်သည်။ ဟိုတယ်ဝန်ထမ်းလေးတစ်ဦးနှင့် သမီးလေး ဘုတ်နောက်ကို အမြဲလိုက်ပေးနေသော ထမင်းချက်တဲ့မမ ဆိုသူကို မြင်လိုက်ရတော့. . .

မေမြတ်စိုး ရင်ထိတ်သွားသည်။

အချိန်မတော် ဘာများ ဖြစ်လို့ပါလိမ့်၊ စိုးရိမ်စိတ် ပိုသွားပြီး. . .

"ဘာ. . . ဘာဖြစ်လို့လဲ ညီမ"

စိုးရွံ့ထိတ်လန့်နေသော ကောင်မလေးက. . .

"ဘုတ်လေ. . ဒီ. . ဒီကအပြန်"





အရေးထဲ အကြောက်လွန်ကာ ကောင်မလေးက စကား ဆစ်နေသည်။

"ဒီကအပြန် ဘာဖြစ်လဲ ပြောလေ ညီမ"

"ဒီကအပြန် ဘုတ် ချော်လဲသွားတာ ခေါင်းကွဲသွားတယ်၊ အဖျားတွေ တက်ပြီး မမလေးကို ယောင်ယောင်ပြီး ခေါ်နေလို့"

မေမြတ်စိုး မျက်လုံးပြူးသွားပြီး ထိတ်လန့်သွားသည်။

"ခုကော. . ခု အဖျားကျပြီလား"

"မကျသေးဘူး မမလေးရဲ့၊ ဆရာဝန်တော့ ရောက်နေပြီ၊ ညီမလည်း ဘုတ်ကို သနားတာနဲ့ အစ်ကိုလေး မသိအောင် မမလေးကို ပြေးခေါ်တာပါ"

သမီးလေးက တမ်းတမ်းတတ ယောင်ခေါ်နေပေမယ့် သူ မေမြတ်စိုးကို မခေါ်တာ အားနာလို့လား၊ ဒါမှမဟုတ် သံယောဇဉ် နှောင်ကြိုးတွေကို အပြီးအပိုင် ဖြတ်တောက်စေချင်လို့လား၊ အင်း. . . ဒါက သူ့ကဏ္ဍ၊ မေမြတ်စိုးကတော့ သူ့လို မစိမ်းကားနိုင်၊ အပြစ်မဲ့ပြီး ချစ်စရာကောင်းတဲ့ သမီးလေးပေါ် ကရုဏာမိုး ရွာသွန်းလိုက်ပြီး. . .

"ကဲ. . . လာလာ သွားကြမယ်"

မေမြတ်စိုးက အောက်ထပ်ရောက်တော့ ဟိုတယ် မန်နေဂျာအား. . .

"ကျွန်မ အရေးကြီးကိစ္စရှိလို့ ဒီည ပြန်မအိပ်တော့ဘူးနော်"

ကောင်တာမှာ သော့အပ်ကာ ထွက်လာခဲ့သည်။

သဲသောင်ပြင်ပေါ်ဝယ် ပြေးလွှားနေသော မေမြတ်စိုး စိတ်အာရုံဝယ် သမီးလေးဘုတ်ကို စိုးရိမ်နေမိသည်။ သူ့ကြောင့် နီးလို


www.burmeseclassic.com

 www.burmeseclassic.com 

ဖြစ်ရတာဆိုသောအသိက ရင်ထဲမှာ စိတ်မကောင်း ဖြစ်နေမိသည်။

ဟိုရောက်တော့ ကုတင်ပေါ်ဝယ် ညည်းညူနေသော သမီးလေးဘုတ် နှုတ်ခမ်းများက ဖြူဖျော့နေသည်။ ဘေးနားမှာ စိုးရိမ်တကြီးနှင့် ဖြစ်နေရှာသော ဖြိုးဝေယံက သူ့ကို မြင်တော့ အံ့ဩသွားသည်။

"လာလေ ဘုတ်"

ဆရာဝန်က ချောင်းသာမှ ဖြစ်သည်။ ဆေးကုသလို့ပြီးတော့မှ. . .

စိုးရိမ်စရာ မလိုတော့ပါဘူး၊ ခေါင်းက ဒဏ်ရာလေးပဲ နည်းနည်း ပွန်းသွားတာပါ၊ လန့်ဖျားဖျားတဲ့ သဘောပါ၊ အဲ့ဒီလို ဖြစ်တော့ သူ့စိတ်ထဲမှာ စွဲထင်နေတာတွေ လျှောက်ပြောနေတာ၊ ဒါနဲ့ ဒီက ခုန သမီးလေး ယောင်ယောင်ခေါ်တဲ့ ဒေါ်လေးဘုတ် ဆိုတာလား"

ဖြိုးဝေယံ ခေါ်သံကြောင့် မေမြတ်စိုးကို ဘုတ်မှန်း သိသွားပေမည်။

"ဟုတ်ပါတယ်ရှင်"

ဆရာဝန်က ပြုံးလိုက်သဖြင့် သမီးလေးဘုတ် ဘာတွေ ယောင်ထားမှန်းမသိ၊ မလုံမလဲ မေမြတ်စိုး ရှက်သွေးစိုသွားသည်။

"ဒီညတော့ သမီးလေးဘေးမှာ ခင်ဗျား ရှိနေပေးလိုက်ပါဗျာ၊ သူနိုးလာရင် ခင်ဗျားကို မြင်တော့ ပိုအားရှိမှာပေါ့. . . ဟုတ်ဘူးလား"

"ဟုတ်. . . ဟုတ်ကဲ့ပါရှင်"

ဆရာဝန် ထွက်သွားပြီးနောက် ဖြိုးဝေယံနှင့် မေမြတ်စိုး



အကြည့်ချင်း ခလုတ်တိုက်မိကြတော့. . .

မေမြတ်စိုးက ရှက်ရွံ့စွာ ခေါင်းငုံ့လိုက်မိသည်။

"အားနာစရာ ကောင်းလိုက်တာ ဘုတ်ရယ်၊ ဒီကောင်မလေးတော့ အသိမပေးဘဲ ဘုတ်ကို သွားခေါ်ရတယ်လို့"

"သူ့ကို မဆူပါနဲ့ ဖြိုးဝေယံရယ်၊ ဒါတွေဟာ ငါ့ကြောင့် ဖြစ်ရတာပါ"

"ဟင်. . ."

ဖြိုးဝေယံက နားမလည်သဖြင့် ကြည့်နေသည်။

မေမြတ်စိုးက ခေါင်းကို ငုံ့ထားလျက်။

ပင်လယ်ပြင်မှ တိုက်ခတ်သောလေက အေးမြနေသည်။ ဘိတ်ဆိတ်နေသော ညအမှောင်ထဲမှာ ကမ်းစပ်ကို ရိုက်ခတ်သော လှိုင်းပုတ်သံများ ကြားနေရသည်။

မေမြတ်စိုး ရင်ထဲမှာတော့ အချစ်လှိုင်း ရိုက်ခတ်မှုကြောင့် နှလုံးသား တစ်စစီ ပဲ့ကြွေနေသည်။

ဝေဒနာကို မမျိုသိပ်နိုင်တော့ဘဲ. . .

"နင့်သမီးလေးက နင်နဲ့ငါ့ကို သဘောတူတယ်တဲ့၊ ဒါပေမယ့် နင်ကျေနပ်ရအောင် ငါ ကိုကျော်စိုးမိုးကို ခေါင်းညိတ်လိုက်ပါပြီဟာ"

"ဟင်"

ဖြိုးဝေယံ ရင်နင့်သွားသည်။ တကယ်တမ်း စွန့်လွှတ်ရမယ်ဆိုတော့ သူ့နှလုံးသားက လက်မခံနိုင်၊ မခံစားနိုင်။ ကြေကွဲစွာ မေမြတ်စိုးကို လှမ်းကြည့်လိုက်သည်။

ချစ်လျက်နှင့် တစ်ပါးသူကို ကြည်ဖြူရက်သော ဖြိုးဝေယံကို



www.burmeseclassic.com

www.burmeseclassic.com


ကြည့်ပြီး မေမြတ်စိုး ရင်မှာ မချို။ သို့ပေမယ့် အံကို ကြိတ်ကာ. . .

"အဲ့ဒီလို အခြေအနေတွေ ရောက်လာတာ နင်ပျော်မှာပေါ့ နော်"

ဖြိုးဝေယံ ခေါင်းကို တွင်တွင်ခါလိုက်ရင်း. . .

"မပျော်နိုင်ဘူး. . . မပျော်နိုင်ဘူး၊ မပြောပါနဲ့တော့ ဘုတ်ရယ်"

ဖြိုးဝေယံ ရင်ထဲ ထိန်းချုပ်ထားသော ချစ်စိတ်ကို ထိန်း၍ မရတော့၊ မေမြတ်စိုးကို ရုတ်တရက် ပွေ့ဖက်ထားလိုက်သည်။

မေမြတ်စိုး အစတော့ ကြောင်သွားသည်။ နောက်မှ ဖြိုးဝေယံ ရင်ခွင်ထဲမှ ရုန်းမထွက်တော့။

"နင့်ကို ငါ မခွဲချင်ဘူး ဘုတ်ရယ်၊ ငါ နင့်ကို အရမ်းချစ်တယ် သိလား"

မေမြတ်စိုး ဆို့ရှိုက်သွားမိသည်။

လှိုင်းလုံးကြီးများ တဝုန်းဝုန်းရိုက်ခတ်သံနှင့်အတူ အုန်းရွက်များ ပွတ်တိုက်သံသာ ကြားရသည်။

အမှောင်ထဲမှာ သူတို့နှစ်ဦးက ပွေ့ဖက်ထားဆဲပင်။

"အစ်ကိုလေး. . . သမီးလေး နိုးနေပြီ"

အိမ်ဖော်ကောင်မလေး၏ခေါ်သံကြောင့် (၂)ယောက်သား အိပ်မက်မှ လန့်နိုးကြသည့်နှယ် ဖြစ်သွားကြသည်။ ရင်ခုန်သံတွေကတော့ ပဲ့တင်ထပ်နေစုန်းပင်။

## အခန်း(၂၇)

နံနက် မိုးမလင်းမီ ကျော်စိုးမိုး မေမြတ်စိုး တည်းခိုရာ ဟိုတယ်ရောက်တော့. . .

"ညက ကောင်မလေးတစ်ယောက် လာခေါ်တာနဲ့ သော့အပ်ပြီး ထားခဲ့တယ်၊ ဟိုတယ်မှာ ပြန်မအိပ်ဘူးလို့ မှာသွားတယ်"

ဟိုတယ်မန်နေဂျာစကားကြောင့် ကျော်စိုးမိုးရင်ထဲ ထိတ်ကနဲ ဖြစ်သွားသည်။

ဒါဆို ဘုတ် ဘယ်သွားတာလဲ။

သူနဲ့ ရင်းနှီးတာဆိုလို့ ချောင်းသာမှာ ဖြိုးဝေယံနှင့် သူ့သမီးလေးသာ ရှိသည်။

သူတို့ တည်းခိုသည့် ဟိုတယ်ဘက်သို့ ကမ်းခြေမှ လျှောက်


☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com

သွားရာ လှမ်းမြင်လိုက်ရသည်က သူ့မျက်စိများပင် မယုံနိုင်စရာ။

ဘုတ်က ဖြိုးဝေယံကို ချစ်သူတစ်ဦးပမာ လက်သီးလေးနှင့် ထုလိုက်၊ ဖြိုးဝေယံက ဘုတ်လက်ကလေးကို လှမ်းကိုင်လိုက်နှင့် အတော်ပင် ကြည်နူးနေကြသည်။

ကျော်စိုးမိုး အုန်းပင်အကွယ်မှ ကြည့်ရင်း. . .

"တောက်. . . ရိုင်းလိုက်တာကွာ"

သေချာစဉ်းစားကြည့်လျှင် သူ နဖားကြိုး ကောင်းကောင်း ထိုးခံလိုက်ရပြီ၊ တရေးရေး တွေးကြည့်လေ အကြောင်းရင်းက တဖြည်းဖြည်း ပေါ်လာလေမို့ သူ့ဒေါသများ ရင်ထဲက ပေါက်ကွဲလု မတတ် ဖြစ်နေသည်။ ဘာပဲဖြစ်ဖြစ် သူတို့နှစ်ဦး ဘယ်လောက် ပိရိကြတယ်ဆိုတာကို သူ မီးစင်ကြည့်ကရမည်။

ကျော်စိုးမိုးက ဖြတ်လမ်းမှနေ၍ မေမြတ်စိုး တည်းခိုသည့် ဟိုတယ်သို့ ရောက်အောင် ပြန်သည်။ ဟိုတယ်ရောက်တော့ ဣန္ဒြေ မပျက် ဧည့်ခန်းတွင် ထိုင်ကာ ဂျာနယ်တစ်စောင် ဖတ်နေသည်။

ဖြိုးဝေယံနှင့် မေမြတ်စိုး ဝင်လာတော့ ကျော်စိုးမိုးကို မြင်ပြီး ကိုယ်ရှိန်သတ်သွားသည်။ မေမြတ်စိုးက. . .

"ညက ဖြိုးဝေယံ သမီးလေး အပြင်းဖျားလို့ သွားစောင့်ပေးရတယ် ကိုကျော်စိုးမိုးရယ်"

ကျော်စိုးမိုးက အေးစက်စွာ လှောင်ရယ်လိုက်ပြီး. . .

"ဟုတ်လား. . . ဒါဆို ဘုတ် တော်တော်အိပ်ရေးပျက်ခဲ့တာပေါ့နော်၊ အင်းပေါ့လေ. . . သွေးသားရင်းလို ဖြစ်နေကြတော့ ဂရုစိုက်ရမှာပေါ့"

မေမြတ်စိုး မျက်နှာတင်းမာသွားပြီး. . .





"ကိုကျော်စိုးမိုး. . . ရှင် လူကြီးလူကောင်း စကားပြောပါ၊ ရှင့်စကားက ဖြိုးဝေယံ ဂုဏ်သိက္ခာနဲ့ ကျွန်မကိုယ်ကျင့်တရားကို ထိခိုက်ပါတယ်"

ကျော်စိုးမိုးက မဲ့လိုက်ကာ. . .

"ဂုဏ်သိက္ခာနဲ့ ကိုယ်ကျင့်တရား. . . ရယ်ရတယ်ကွာ"

ဖြိုးဝေယံ ဒေါသဖြစ်သွားသည်။ သို့သော် စိတ်ကို ထိန်းချုပ်လိုက်ပြီး. . .

"ဘုတ်. . . ကိုယ်သွားတော့မယ်"

ကျော်စိုးမိုးက ဖြိုးဝေယံ ထွက်သွားပြီးမှ လေပြေသွေးကာ

"ကိုယ်တို့ ပြန်ကြမယ်လေ ဘုတ်"

မေမြတ်စိုးက အသံခပ်မာမာဖြင့်. . .

"ကျွန်မ ကိုကျော်စိုးမိုးနဲ့ ပြန်မလိုက်နိုင်တော့ဘူး၊ ရှင်အရင် ပြန်ချင်ပြန်ပါ၊ ဒါမှမဟုတ် ကျွန်မအရင်ပြန်မယ်"

မေမြတ်စိုး ပြောပြောဆိုဆိုနှင့် သူမအခန်းရှိရာသို့ ပြေးတက်သွားသည်။

ကျော်စိုးမိုးကတော့ လှေကားဝတွင် ကျန်ရစ်ခဲ့ရင်း ခေါင်းငိုက်စိုက်ကျသွားသည်။

အချစ်ရှုံးသူတစ်ယောက်အတွက် ရလာဒ်က ခံစားကြေကွဲရခြင်း ဒဏ်ရာပင်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၈)

ကျော်စိုးမိုးနှင့်သူ့ကို စေ့စပ်ကြောင်းလမ်းခြင်း သတင်း ပါလာသည်ကို တွေ့ရသဖြင့် မေမြတ်စိုး စိတ်ဆိုးဆိုးနှင့် သတင်းစာကို လုံးချေပစ်လိုက်ပြီး. . .

"မေမေတို့ မှားတယ်၊ သမီးဆန္ဒကိုလည်း မေးရဦးမှာပေါ့"

"သမီးဆန္ဒ ဟုတ်လား. . . ဟင်"

ဒေါ်မေသက်ပိုင်က မဲ့ရွဲ့ကာ သမီးဖြစ်သူ မေမြတ်စိုးကို ဒေါသမျက်လုံးဖြင့် ကြည့်လိုက်ပြီး စကားဆက်လိုက်သည်။

"အဲ့ဒီဆန္ဒတွေက ဘာ့လဲ၊ ကလေးတစ်ယောက်အဖေကို ယူဖို့လား"

မေမြတ်စိုး အံ့အားသင့်သွားသည်။





ဒီသတင်းက ကျော်စိုးမိုးဆီမှလွဲပြီး မဖြစ်နိုင်။ ဘာလို့ တစ်ခါတစ်လေကျတော့ ယောက်ျားမဆန်ရတာလဲဆိုတာ တွေးပြီး ကျော်စိုးမိုးကို မုန်းမိသည်။

အစကတည်းက ချစ်မရသည့်အထဲ ခုတော့. . .

"သမီးဘက်က ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်ပြီ မေမေ"

ဒေါ်မေသက်ပိုင်က သမီးဖြစ်သူကို လှမ်းကြည့်လိုက်သည်။

"သမီး သူ့ကို လုံးဝမယူနိုင်တော့ဘူး၊ စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းခြင်းကို ပြန်ထည့်မယ်၊ သမီးဂုဏ်သိက္ခာ ထိလည်း အကြောင်းမဟုတ်တော့ဘူး"

"နင်. . . နင်"

ဒေါ်မေသက်ပိုင် ပြောနေရင်း မူးမေ့ကာ အရုပ်ကြိုးပြတ် လဲကျသွားသည်။

မေမြတ်စိုး မျက်လုံးပြူးကာ ထိတ်လန့်သွားသည်။ မေမေ့ကို လှုပ်ခေါ်နှိုးသည်၊ သတိမရတော့။ ကားငှားပြီး အထူးကုဆေးခန်းသို့ မောင်းခိုင်းလိုက်သည်။

ဆေးရုံသို့ ရောက်တော့ အရေးပေါ်အခန်းထဲ ဝင်သွားသော မေမေ့တွန်းလှည်းကို ကြည့်ပြီး ရင်ထဲမှာ မကောင်း။

(၂)နာရီနီးပါးကြာတော့ နာ့စ်မတစ်ယောက်က လာခေါ်သည်။

"ဒေါ်မေသက်ပိုင် လူနာဆောင်အခန်းကို ကြွပါရှင်"

မေမြတ်စိုး နာ့စ်မလေးနောက်သို့ လိုက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်ကြီးအခန်း ရောက်တော့. . .

"ထိုင်ပါခင်ဗျာ"

"ဒေါ်မေသက်ပိုင်ရဲ့"

"သမီးပါရှင်"

"လူနာ့အခြေအနေက အဆိုးတစ်ဝက် အကောင်းတစ်ဝက်လို့ ဆိုရမယ့် အခြေအနေ ဖြစ်ပါတယ်၊ ကျွန်တော်အကြံပြုချင်တာကတော့ ခုချိန်မှာ လူနာအတွက် စိတ်ထိခိုက်မယ့် အပြုအမူ အပြောအဆိုမျိုး ရှောင်စေချင်ပါတယ်"

"ဟုတ်ကဲ့ပါရှင်. . . ကျွန်မ နားထောင်ပါ့မယ်"

"ဒါဆို နာရီဝက်လောက် ကြာရင် လူနာနဲ့ ဝင်တွေ့လို့ ရပါပြီ"

ဆရာဝန်ကြီး အခန်းထဲမှ မေမြတ်စိုး ပြန်ထွက်လာခဲ့သည်။ နာရီဝက်လောက် ကြာတော့ ဆရာဝန်ကြီး ညွှန်ကြားထားသည့်အတိုင်း မိခင်ရှိရာသို့ သူသွားတော့ မိခင်က သူ့ကို စကားမပြော၊ မျက်လုံးစေ့ထားသည်။ သူက. . .

"မေမေ သက်သာလားဟင်"

". . . . . . . . ."

"မေမေ စိတ်အေးအေးနဲ့ နေနော်၊ မေမေပြောတာတွေ သမီးစဉ်းစားထားပါတယ်"

မိခင်စိတ်ချမ်းသာအောင် မေမြတ်စိုး ပြောလိုက်မိသည်။

ထိုစဉ်. . .

အခန်းထဲ ဝင်ရောက်လာသူကို ကြည့်လိုက်တော့ ကိုကျော်စိုးမိုး။ ဘယ်ကဘယ်လို သိလာတယ်မသိ၊ လက်ထဲမှာလည်း စားစရာ





မုန့်ပုံးတွေ ပါလာသည်။

"နေကောင်းတယ်နော် အန်တီ"

မိခင်က မျက်လုံးဖွင့်ကာ ကိုကျော်စိုးမိုးကို ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

မေမြတ်စိုး စဉ်းစားလိုက်ပြီး. . .

"မေမေ အနားယူလိုက်ဦးနော်၊ သမီး ကိုကျော်စိုးမိုးနဲ့ စကားသွားပြောလိုက်ဦးမယ်"

မိခင်ကြီး စိတ်ချမ်းသာအောင် ပြောလိုက်ရသော်လည်း တကယ်တန်းကျတော့ ကိုကျော်စိုးမိုးနှင့်သူ စကားပြောချင်စိတ်မရှိ။

အပြင်ရောက်တော့ ကိုကျော်စိုးမိုးက. . .

"ကိုယ့်ကြောင့် ခုလိုဖြစ်ရတာ ကိုယ်တောင်းပန်ပါတယ် ဘုတ်"

"ရပါတယ်"

"ကိုယ့်စိတ်ထဲမှာ ဘုတ်ကို ချစ်တဲ့စိတ်နဲ့ ဖော ပေါင်းစပ်ပြီး မဆင်မခြင် ပြောမိခဲ့တာပါ၊ ကိုဖြိုးဝေယံကိုလည်း စော်ကားသလိုဖြစ်သွားပါတယ်၊ အဲဒီအတွက် ကိုဖြိုးဝေယံကိုလည်း ကိုယ်တောင်းပန်လိုက်ပါမယ်"

မေမြတ်စိုးက အေးစက်စွာ ပြုံးရုံပြုံးပြလိုက်ပြီး. . .

"ကိုကျော်စိုးမိုး ကျွန်မကို မမျှော်လင့်စေချင်တော့ဘူး၊ ဒါပေမယ့် တစ်ခုတော့ ကျွန်မ တောင်းဆိုချင်ပါတယ်၊ မေမေ့ရဲ့ ရောဂါအခြေအနေလည်း ကိုကျော်စိုးမိုး သိမှာပါ၊ အဲဒီအတွက် ကျွန်မကိုတော့ ချစ်သူကောင်းတစ်ယောက်အနေနဲ့ ဟန်ဆောင်ပြီး



www.burmeseclassic.com

www.burmeseclassic.com


မိတ်ဆွေကောင်းတစ်ယောက်အနေနဲ့ တာဝန်ယူစေချင်ပါတယ်"

ကျော်စိုးမိုး သက်ပြင်းချလိုက်သည်။ ပြီးမှ. . .

"စိတ်ချပါ ဘုတ်၊ ဘုတ်ပြောသလို ဖြစ်စေရပါမယ်"

မပိုင်ဆိုင်ရပေမယ့် ချစ်ရသူ စိတ်ချမ်းသာရေးအတွက်။

ဗိုလ်ချုပ်ဈေးထဲက ထွက်လာသော ကျော်စိုးမိုးနှင့် မေမြတ်စိုးတို့ မြင်မှာစိုး၍ တိုင်နှင့် ဖြိုးဝေယံ ကွယ်လိုက်သည်။

သူတို့ တစ်ယောက်နှင့်တစ်ယောက် ရယ်ရယ်မောမော ပြောဆိုနေကြတာက ကြည်နူးစရာ မြင်ကွင်းပင်။

ချောင်းသာ၌ ဆုံခဲ့ရသော အဖြစ်အပျက်လေးကို သူ သတိရလိုက်သည်။ ဒီလို အမှတ်တရမျိုးက သူ တစ်သက်နှင့် တစ်ကိုယ် ဘယ်လိုမှ ပြန်ရတော့မည် မဟုတ်တော့၊ မေမြတ်စိုး



အပေါ် သူ နားလည်စွာ ချစ်ပြီး နောက်ဆုံး တစ်ဦးနှင့်တစ်ဦး နားလည်စွာ ထားရစ်ခဲ့ဖို့ပဲ ဖြစ်သည်။

သမီးလေး ဘုတ်နှင့် အမေက ဗိုလ်ချုပ်ဈေးထဲမှာ ဝယ်စရာ ရှိတယ်ဆိုတာကြောင့် သူ စောင့်ဆိုင်းနေခြင်း ဖြစ်သည်။ တော်သေးသည်၊ သူတို့နှင့် သမီးလေး လွဲသွားတာကိုပင်။

"သား ဘာတွေ ဖြစ်နေတာလဲ"

မေမေ့အသံကြောင့် ကိုယ့်အတွေးနဲ့ကိုယ် ရုတ်တရက် လန့်သွားသည်။

"ဘာမှမဟုတ်ပါဘူး အမေရယ်"

"မသိပါဘူး. . . အမေမြင်တာကတော့ သား တစ်ယောက်ယောက်ကို မြင်လိုက်လို့ ပုန်းနေတာလားလို့"

သူ မငြင်းသာတော့၊ ရယ်လိုက်မိသည်။ သမီးလေးက. . .

"ဖေကြီးနော်. . . ဘာပဲလုပ်လုပ် သမီးကို ပြောရမယ်လို့ ကတိပေးထားတယ်နော်"

"အေးပါကွယ်. . . ဖေကြီး သမီးကို မချင်းမချန် ပြောမှာပါ၊ လာ. . . သမီး၊ ကားပေါ် သွားကြရအောင်၊ ဝယ်တာ စုံပြီလား"

"စုံပါပြီ ဖေဖေ"

သမီးလေးဘုတ်က သူ့ကို လက်တွဲရင်းမှ. . .

"ဖေကြီး ဒေါ်လေးကို သတိမရဘူးလားဟင်"

"ဘာဖြစ်လို့လဲ သမီး"

"မနေ့က ဖေကြီး အပြင်သွားနေတုန်း ဒေါ်လေး သမီးကို ဖုန်းဆက်တယ်"

သမီးလေး ဘာဆက်ပြောမယ်ဆိုတာကို ဖြိုးဝေယံ နားစွင့်


www.burmeseclassic.com

www.burmeseclassic.com

နေလိုက်သည်။

"သူ့မေမေ မန္တလေး ဆေးရုံကနေ ရန်ကုန်က အထူးကု ဆေးခန်းကြီးမှာ နှလုံးရောဂါ လာကုတာတဲ့"

"ဟုတ်လား သမီး၊ ဖေဖေနဲ့သမီး အားတဲ့တစ်ရက် လူနာ သွားမေးကြမယ်လေ"

ဖြိုးဝေယံ စကားလွှဲပြောသည်၊ မရ။ သမီးလေးဘုတ်က ဆက်ပြောလာသည်။

"ဖေကြီး နေကောင်းလားတဲ့၊ သတိရတယ်လို့ ပြောပေးပါ တဲ့"

သတိရတယ်တဲ့လား ဘုတ်ရယ်. . . ။





အခန်း(၂၉)

"တီ. . . တီ. . . တီ"

ဖြိုးဝေယံ ရုံးခန်းထဲမှာ ထိုင်နေတော့ သူ့လက်ကိုင်ဖုန်းမှ ဖုန်းသံမြည်လာသည်။ ဖုန်နံပါတ် ကြည့်လိုက်တော့ သူမတွေ့ဖူး သည့် ဖုန်းနံပါတ်။

"ဟုတ်ကဲ့. . . ပြောပါ၊ ကျွန်တော် ဖြိုးဝေယံပါ"

"ကိုဖြိုးဝေယံလား. . . ကျွန်တော် ကျော်စိုးမိုးပါ၊ အချိန်ရ မယ်ဆိုရင် ကိုဖြိုးဝေယံနဲ့ ကျွန်တော် တွေ့ချင်လို့ပါ"

ပထမတော့ သူ ငြင်းလိုက်တော့မလားဟု စိတ်ကူးသည်။ နောက်ကျမှ ဆုံးဖြတ်ပြီး. . .

"ကောင်းပြီလေ. . . ကိုကျော်စိုးမိုး ဘယ်မှာ ဆုံချင်လဲ"

"ဆရာစံလမ်းနားက Mr Guitar မှာ နေ့လည်(၁)နာရီ



www.burmeseclassic.com

www.burmeseclassic.com

ဆုံကြမယ်"

"ကောင်းပြီလေ. . . ကျွန်တော် ဆက်ဆက်လာခဲ့ပါမယ်"

ဖုန်းချသွားတော့ ကျော်စိုးမိုးဘက်မှ ဘာတွေများ ပြောချင်နေလဲဆိုတာ သူ စဉ်းစားသည်။ တကယ်ဆို သူ့ကို စော်ကားသွားသည့်လူကို သူတွေ့စရာမလို၊ သို့သော် သူ့ဘက်က အခွင့်အရေးတစ်ခုကိုဖြင့် သူပေးမှရမည်။ မေမြတ်စိုးနှင့် ကျော်စိုးမိုးတို့ ခရီးလမ်းအတွက် သူဟာ ကျောက်တုံးတစ်တုံး မဖြစ်ချင်။ ထို့အတွက်. . .

ကျော်စိုးမိုး ချိန်းဆိုထားသည့်အတိုင်း မစ္စတာဂစ်တာဆီသို့ သူ ထွက်ဖို့ ပြင်ဆင်လိုက်သည်။

"ဆရာ. . . ကျွန်မ ဘာတွေ ပြင်ဆင်ထားရမလဲ"

"နေ. . နေ. . ရုံးမှာပဲ ကျွန်တော့်အလုပ်တွေ မှတ်ထားပေးပါ၊ ဒရိုင်ဘာ ဦးမောင်နဲ့ပဲ ကျွန်တော်သွားလိုက်မယ်"

ကောင်မလေးက ပြုံး၍ ခေါင်းညိတ်သွားသည်။

သူ တကယ်တမ်းကျတော့ အတွင်းရေးမှူးဆိုတာ မထားချင်။ ဒါရိုက်တာ အဖွဲ့ဝင်များ တိုက်တွန်း၍သာ ထားလိုက်ရသည်။ ကောင်မလေးက သူ့ထက် (၁၀)နှစ်လောက် ငယ်သည်။ နာမည်က မြသီရိတဲ့။ ဘွဲ့တွေ ဒီပလိုမာတွေက အများကြီး ရထားပြီး လုပ်ရည်ကိုင်ရည်လည်း ရှိသည်။ သူ့အတွက် အလုပ်နှင့် ပတ်သက်လာလျှင် အားကိုးရတာတော့ အမှန်။

ကုမ္ပဏီရုံးအောက် ရောက်တော့ ဒရိုင်ဘာဦးမောင်က တံခါးဖွင့်ပေးသည်။ ဒီလင်ခရူဇာကားကို သူဝယ်လိုက်တာ မကြာသေး။ သမီးလေး ဘုတ်က ကျောင်းကြိုကျောင်းပို့ကို သူ ပထမ





စီးနေသည့်ကားကို စီးချင်သည်ဆို၍ သူ ထပ်ဝယ်လိုက်ခြင်း ဖြစ်သည်။

"ဦးမောင်. . . ကျွန်တော်တို့ မစ္စတာဂစ်တာဆီ သွားကြမယ်"

ဦးမောင်က ကားပေါ် ရောက်တော့ သူ့ဆရာအကြိုက် စန္ဒရားလှုထွင့်သီချင်း C.D ကို ဖွင့်လိုက်သည်။ ကားထဲမှာ သီချင်းသံက ငြိမ့်ငြိမ့်ညောင်းညောင်း ထွက်ပေါ်လာသည်။

"မျက်စိမှိတ်ထားသော်ငြား. . . သူ့အရိပ် မြင်နေတာ××"

"အလှသစ္စာတရား" သီချင်းက သူ့ရင်ကို ထိရှလှသည်။ သီချင်းဆုံးတော့ မစ္စတာဂစ်တာဆိုင်ကို ရောက်လာသည်။

အောက်ကို သူဖြေးညင်းစွာ ဆင်းလာခဲ့သည်။

နေ့ခင်းဘက် ဖြစ်၍ လူသူရှင်းနေသည်။ ဆိုင်ထောင့်စွန်းစားပွဲတွင် ကိုကျော်စိုးမိုးတစ်ယောက်ထဲ ဘီယာသောက်နေတာကို တွေ့ရသည်။ သူ့ကို မြင်တော့. . .

"ထိုင်ပါ ကိုဖြိုးဝေယံ၊ ဘာသောက်မလဲ. . . မှာလေ"

"ကျွန်တော် ကိုလာပဲ သောက်ပါမယ်"

"ဘီယာသောက်ပါလား. . စကားပြောကောင်းအောင်ပေါ့. . . အဟက်"

ကျော်စိုးမိုးက ရယ်လိုက်သည်။ သူ့ရယ်သံက ခြောက်ကပ်အက်ကွဲနေသလို အသက်မပါလှ။

"ကျွန်တော်တကယ် မသောက်တတ်လို့ပါ ကိုကျော်စိုးမိုး၊ ပြီးတော့ ဒီကပြီးရင် ရုံးက အလုပ်တွေ ရှိသေးလို့ပါ"

ကျော်စိုးမိုးက ဘီယာတစ်ခွက်ကို မော့ချလိုက်ပြီးနောက်


www.burmeseclassic.com

www.burmeseclassic.com

"ပထမဆုံး ကျွန်တော် ပြောချင်တာက ချောင်းသာက ကိစ္စကို အရင်တောင်းပန်ချင်ပါတယ်"

ရင်မှ ဝေဒနာကို အဖြေရှာတဲ့အနေနဲ့ နိဒါန်းပျိုးလိုက်ပြီ ဆိုတာ ဖြိုးဝေယံ သိလိုက်သည်။ သို့ပေမယ့် အပြုံးမပျက်ဘဲ. . .

"ရပါတယ်ဗျာ. . . ကျွန်တော် ဒီလောက် သဘောထား မသေးသိမ်တတ်ပါဘူး"

မစ္စတာဂစ်တာဝယ် ဖွင့်ထားသော ဂစ်တာသံလေးက ငြိမ့်ငြိမ့်ညောင်းညောင်းနှင့် ထွက်ပေါ်လာသည်။

ဂီတာသံစဉ်နှင့်အတူ ကိုကျော်စိုးမိုးက. . .

"ကိုဖြိုးဝေယံ. . . ယောကျာ်းချင်းပဲဗျာ၊ ခင်ဗျားရင်ထဲမှာ ဘာတွေရှိနေလဲဆိုတာ ကျွန်တော့်ကို ပြောပြလို့ရရင် ပြောပြစေချင်တယ်ဗျာ"

ပြောပြရုံတင်မက ရင်ကို ခွဲလို့သာ ပြလိုက်ချင်သည်။ ဒါပေမယ့် လက်ထပ်ကြတော့မယ့် အိမ်ထောင်ဘက်တွေအတွက် သူဟာ ဗီလိန်မဖြစ်စေချင်တော့။

"ကိုကျော်စိုးမိုး. . . ဘာသဘောနဲ့ ကျွန်တော့်ကို အဲဒီလို မေးတာလဲ"

"ဘုတ်ရင်ထဲမှာ ကိုဖြိုးဝေယံက ခုချိန်ထိ ရှိနေတုန်းပဲဗျာ"

ဖြိုးဝေယံ ပြုံးလိုက်သည်။ ငယ်ကအချစ် အနှစ်တစ်ရာ ရင်မှာ ဖျောက်ဖျက်မရတာကို ဒီပုဂ္ဂိုလ် မသိလေရော့သလား။ သိအောင်လည်း ပြောရမှာ မဟုတ်တော့။

"ကိုကျော်စိုးမိုးတို့က လက်ထပ်ကြတော့မယ့်သူတွေပဲဗျာ၊ ခုချိန်ကျမှ ဒါတွေ ဘာလို့ ပြောနေတာလဲဆိုတာ ကျွန်တော်စဉ်းစား





လို့ မရတော့ဘူး"

"ကျွန်တော် မှားနေပြီလို့ ဆိုလိုတာလား ကိုဖြိုးဝေယံ"

ဖြိုးဝေယံ ကိုလာကို မျှော်ကာ ခေါင်းညိတ်ပြလိုက်တော့. .

"ကျွန်တော်မမှားဘူး ကိုဖြိုးဝေယံ၊ နှလုံးသားတွေက မိုက်နေတာ"

ကိုကျော်စိုးမိုးက နောက်ထပ် ဘီယာတစ်လုံး ထပ်မှာပြီး ဖွင့်၍သောက်လေသည်။

လူက အရာရှိ ဖြစ်ပေမယ့် နှလုံးသားက နုနယ်လှသည်။ ဝေဒနာကို ဂုဏ်သိက္ခာနှင့် ထိန်း၍မရတော့၊ ဘီယာနှင့် ဖြေနေပေမည်။

ရင်ထဲမှာ မွန်းကြပ်နေသော ဝေဒနာဆိုးအတွက် သူ့ကို ခေါ်ပြီး အဖြေရှာကာ ဖွင့်ဟနေရှာသည်။

ဝေဒနာသည်ချင်းမို့ ကိုယ်ချင်းစာနာနေမိသည်။ ရင်ထဲ ဘီယာထပ်ဝင်သွားတော့ ကိုကျော်စိုးမိုး စကားဆက်လာသည်။

"ဟုတ်တယ်. . . ကျွန်တော့်နှလုံးသား မိုက်နေတယ်၊ ကိုယ့်ကို မချစ်တဲ့သူကို ချစ်နေတယ်၊ သိတယ်. . . ဒါပေမယ့် ဘုတ်ကို ချစ်တဲ့စိတ်တွေ ဘယ်လိုမှ ဖျောက်လို့မရဘူး"

ကျော်စိုးမိုးအသံက ကြေကွဲရိပ် လွှမ်းလာပြီး. . .

"ကျွန်တော့်ကို အခွင့်အရေးတစ်ခု ပေးဖို့ ကိုဖြိုးဝေယံကို တောင်းဆိုချင်ပါတယ်"

"ဘာအခွင့်အရေးလဲ ကိုကျော်စိုးမိုး"

"ခင်ဗျား ရင်ထဲမှာ ဘုတ်ကို နောက်ဆုတ်ပေးမယ်ဆိုရင် ကျွန်တော် ဒုတိယအကြိမ် ကြိုးစားကြည့်ချင်သေးတယ်ဗျာ၊ အဲဒီလို


www.burmeseclassic.com

www.burmeseclassic.com

မှ ဘုတ်က ကျွန်တော့်ကို အခွင့်အရေး မပေးတော့ဘူးဆိုရင် ကျွန်တော် နောက်ဆုတ်လိုက်ပါတော့မယ်"

တောင်းတောင်းပန်ပန်နှင့် ပြောလာသော ကိုကျော်စိုးမိုးကို သူဘယ်လိုရှင်းပြရမည် မသိ။

တကယ်တော့ အချစ်ကို ပြိုင်ပွဲတစ်ခုအနေနှင့် သူ မယှဉ်ပြိုင်လို။ ဘုတ်ကိုယ်တိုင်ကလည်း ဒီပြိုင်ပွဲအတွက် ကစားစရာ အရုပ်လေးတစ်ရုပ် မဟုတ်။

သူငြင်းရန် စဉ်းစားမိသေးသည်။

ဘုတ်ရင်ထဲကို သူလှမ်းမြင်ပြီးသားသူမို့ တောင်းဆိုသော အခွင့်အရေးက သူ့အတွက် အပန်းကြီးလှသည် မဟုတ်တော့. . .

"ကိုကျော်စိုးမိုး ဖြစ်ချင်သလို ဖြစ်စေရပါမယ်"

"ကျေးဇူးတင်လိုက်တာ ကိုဖြိုးဝေယံရယ်"

ကိုကျော်စိုးမိုး ခုမှ ပီတိဖြစ်သွားပုံရသည်။ အပြုံးတွေဝေလျက်။

၀ ၀ ၀ ၀

ဒေါ်မေသက်ပိုင်တစ်ယောက် ကျန်းမာရေးကောင်းပြီး ထူထူထောင်ထောင် ပြန်ဖြစ်လာသည်။ သို့ပေမယ့် ဆေးခန်းကနေ ဆင်းခွင့်မရသေး။





"မေမေ. . . နေကောင်းတယ်နော်"

"ကောင်းပါတယ်. . . ဒါနဲ့ ကျော်စိုးမိုးကော"

"တော်ကြာ လာပါလိမ့်မယ် မေမေ"

ဒေါ်မေသက်ပိုင်က သမီးကို သေချာစိုက်ကြည့်ရင်း. . .

"သမီး. ."

"ရှင်. ."

"မေမေ့ကို ကျော်စိုးမိုးနဲ့ မယူနိုင်ဘူးလို့ ပြောခဲ့တာတွေ တကယ်မဟုတ်ပါဘူးနော်"

မေမြတ်စိုး ခေါင်းလေးသာ ညိတ်ပြလိုက်သည်။ မေမေက ကျေနပ်သွားပြီး. . .

"မေမေ့သမီးက ငယ်ငယ်လေးကတည်းက လိမ္မာပြီးသားပါ"

မေမြတ်စိုးက ကျော်စိုးမိုးနှင့် တိုင်ပင်ထားသည်မို့ မိခင်ကြီး ကျန်းမာရေးအတွက် စိတ်ချမ်းသာအောင် လုပ်ပေးနေရသည်။

"ဟော့. . . အန်တီနဲ့ဘုတ် စကားကောင်းနေကြပါလား"

"ပြောရင်း အသက်ရှည်ဦးမယ်၊ အန်တီတောင် ခုလေးတင် သမီးကို မောင်ကျော်စိုးမိုးအကြောင်း မေးနေသေးတာ"

"ဟုတ်လား. . . ဒီမှာ အန်တီစားဖို့ ပန်းသီး"

"အားနာစရာကွယ်. . . ခဏခဏ ဝယ်မလာပါနဲ့၊ ဒါနဲ့ မင်းကော ရန်ကုန်မှာ လေးလပတ် အစည်းအဝေး ပြီးတော့မလား"

"ပြီးခါနီးပါပြီ အန်တီ"

"ဒါဆိုရင်. . ."

လက်ထပ်ဖို့ အရေးဆိုလာမည်ကို ကျော်စိုးမိုး သိလိုက်


www.burmeseclassic.com

www.burmeseclassic.com



သည်။ 'အသီးလိုချင်ရင် အပင်ကိုချိုင်' နှယ် ဘုတ်မိခင်ရဲ့ဆန္ဒကို သူပိုင်ပေသည်။ ထိုကတစ်ဆင့် ဘုတ်ကိုပါ သူပိုင်ရပေမည်။

သို့ပေမယ့် ဘုတ်မျက်နှာ ကြည့်လိုက်တော့ မကောင်း။ သူရှေ့တိုးလို့မဖြစ်။ ဘုတ်ရင်မှာ နာကျင်မှုအစိုင်အခဲ ဖြစ်သွားပေမည်။ ဤသည်ကို သူမလိုလား။ အချစ်မပါသော အိမ်ထောင်ရေး၊ တနည်းအားဖြင့် ဆားမပါသောဟင်းကို သူမစားလို။ ချစ်ရတဲ့ဘုတ် မျက်နှာညှိုးသွားသည်ကို လက်မခံနိုင်တော့။ ဒေါ်မေသက်ပိုင်ကို စကားလွှဲပြောင်းရတော့သည်။

"ဩော်. . . ဒါနဲ့ ကျွန်တော် အစ္စရေးနိုင်ငံ လေ့လာရေးခရီးမှာ ပါတယ်ဆိုတာတောင် ဘုတ်နဲ့ အန်တီကို မပြောရသေးဘူး"

ဒေါ်မေသက်ပိုင် မျက်လုံးပြူးသွားပြီး. . .

"မင်းဟာကလည်းကွယ်. . . ပြုန်းစားကြီး"


"ဟုတ်တယ် အန်တီ၊ ကျွန်တော်က အဖွဲ့ခေါင်းဆောင်အနေနဲ့ သွားရမှာမို့ မလိုက်လို့ မဖြစ်ဘူး"

"အင်း. . . ဘယ်တတ်နိုင်မလဲကွယ်. . . အစိုးရကိစ္စပဲ၊ ဒါနဲ့ ဘယ်လောက်တောင် ကြာမှာလဲ"

"(၆)လထဲပါ အန်တီ"

မေမြတ်စိုး ကျော်စိုးမိုး လက်ဝါးရိုက်ထားသည့် အကွက်ထဲမှာ ဝင်သွားလို့ တော်ပါသေးရဲ့လို့ သက်ပြင်းချလိုက်ရတော့သည်။







www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၃၀)

"ဖေကြီး. . . ဖေကြီးဘေးမှာ အရင်တုန်းက အဲဒီအမျိုးသမီးကို မတွေ့ပါဘူး၊ ဘာလို့ ခေါ်ထားရတာလဲ"

သမီးလေးဘုတ်စကားကို ဖြိုးဝေယံ ပြုံးလိုက်သည်။

အတွင်းရေးမှူးမလေး မြသီရိက. . .

"ဒီလို သမီးရဲ့၊ မမက သမီးဖေဖေ ဘေးနားကနေ လိုအပ်တာ မှန်သမျှ ဝိုင်းကူပေးတဲ့အကူပါ"

"မလိုချင်ဘူး. . . မလိုချင်ဘူး၊ ဖေကြီးနားမှာ ဒေါ်လေးကလွဲရင် ဘယ်အမျိုးသမီးမှ ရှိတာ သမီးမကြိုက်ဘူး"

ဖြိုးဝေယံ မြသီရိကို အားနာသွားပြီး. . .

"အေးပါ. . . အေးပါ၊ နောက် ခေါ်မလာတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်မှု မရှိ၊ နှုတ်ခမ်းစူနေသော သမီးလေးဘုတ်ကို ဖြိုးဝေယံက အလုပ်သွားခါနီး နမ်းပြီးနှုတ်ဆက်နေကျအတိုင်း နမ်းလိုက်ပြီးနောက်. . .

"ကဲ. . . သမီးလေး၊ ဖေဖေ သွားမယ်နော်. . . တာ့တာ"

သမီးလေးဘုတ်က သူ့အဖေကို မကျေနပ်၍ စိတ်ကောက်သောပုံစံနှင့် လက်မပြချင် ပြပြီး ကားထွက်သွားသည်ကို အစအဆုံး လိုက်ကြည့်နေသည်။

"ဆရာ. . . သမီးက အရမ်းချစ်ဖို့ကောင်းပြီး အရမ်း စကားတတ်တယ်နော်၊ ဒါနဲ့ သူပြောတဲ့ ဒေါ်လေးဆိုတာ ဘယ်သူလဲ ဟင်"

မိန်းမပီပီ စပ်စုကာ မေးလိုက်သည်ကို ဖြိုးဝေယံ မကြိုက်သော်လည်း တည်ကြည်စွာ ပြုံးလိုက်ပြီး. . .

"ဒါတော့ ကျွန်တော်ပြောခွင့်မရှိလို့ မပြောပါရစေနဲ့"

"ဆောရီးနော် ဆရာ၊ ကျွန်မမှားသွားတယ်"

မြသီရိက ငယ်ဂုဏ်ရှိသလို လှလည်း လှသည်။ လိမ်းခြယ်ထားသော ပြင်ဆင်မှုနှင့် ခန္ဓာကိုယ်အချိုးအဆက်ကအစ ဘာမှပြောစရာမရှိ။ ဒါပေမယ့် ဖြိုးဝေယံက ရှင်းသည်။ သူဌေးနှင့် အတွင်းရေးမှူးမလေး ဇာတ်လမ်းမျိုး နဂိုကတည်းက စိတ်မဝင်စား။ သို့ပေမယ့် သူလည်းလေ လောကီသား ဖြစ်သည့်အတွက် အချော အလှကို နှစ်သက်ပေသည်။ ထို့အပြင် ဘဝကို ဖြတ်သန်းလာတာ ကြာပြီမို့ မိန်းကလေးတစ်ယောက်၏အကြည့်ကို ဖြိုးဝေယံ နားလည်သည်။

"မြသီရိ. . . ဒီနေ့ အစည်းအဝေးအတွက် ဘာတွေ ပြင်ဆင်ထားတာလဲ"





သူ့အတွေးနှင့်သူမို့ မြသီရိ မကြား။

"မြသီရိ. ."

"ရှင်. . ဟုတ်ကဲ့. . ဆရာ၊ ပြောပါ"

လန့်ပြော ပြောလိုက်သော မြသီရိကြောင့် ဖြိုးဝေယံကော ဒရိုင်ဘာ ဦးမောင်ပါ ရယ်လိုက်ကြသည်။

"ငါ့ညီမက ရည်းစားအကြောင်း စဉ်းစားနေတယ် တူတယ်၊ ခေါ်မကြား အော်မကြားနဲ့"

"ဆရာကလည်း. . ဟုတ်ပါဘူး"

မြသီရိ ရှက်သွေးဖြာသွားသည်။

"ကျွန်တော်ပြောတာက မြသီရိ ဒီနေ့အစည်းအဝေး အတွက် ဘာတွေ ပြင်ဆင်ထားတာလဲ မေးတာပါ"

ဒီတော့မှ မြသီရိက ဖိုင်တွဲကို ထုတ်ပြီး. . .

"ဒါရိုက်တာအဖွဲ့ အစည်းအဝေးမှာ ဆရာ့ဘက်က ဆွေးနွေးရမယ့်အကြောင်းတွေပါ၊ ဆရာမှတ်ခိုင်းထားတာတွေအားလုံး ကွန်ပျူတာနဲ့ စီပြီးထားပါတယ်"

လုပ်ငန်းနှင့် ပတ်သက်လာလျှင်တော့ တိကျတာ သူကြိုက်သည်။

"အင်းလျားဘက် ကားကို ကွေ့လိုက်တော့၊ အချိန်တစ်နာရီလောက် ရပါသေးတယ်၊ အင်းလျားနားက လက်ဖက်ရည်ဆိုင် တစ်ဆိုင် တွေ့ရင် ရပ်လိုက်ဗျာ. . . ကော်ဖီသောက်ချင်လို့"

ဒရိုင်ဘာဦးမောင်က အင်းလျားရေပြင်ကို လှမ်းမြင်နေရသော လက်ဖက်ရည်ဆိုင်လေးရှေ့ ကားကို ထိုးရပ်လိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com


ဆိုင်ရောက်တော့. . .

"ကော်ဖီတစ်ခွက်ပေးပါ"

"မြသီရိ ဘာသောက်မလဲ"

"ကျွန်မလည်း ကော်ဖီပါပဲ"

သိပ်မကြာလိုက်၊ စားပွဲထိုးလေးက ကော်ဖီလာချသည်။ မြသီရိက ဖြိုးဝေယံ ကော်ဖီခွက်ကိုပါ ဇွန်းလေးနှင့် ဖျော်ပေးလေသည်။

ဖြိုးဝေယံက အင်းလျားရေပြင်ကို ကြည့်လိုက်ပြီး. . .

"အသက်ရှူမဝသလို ခံစားနေရချိန်မှာ ခုလို ရေပြင်ကြီးကို ကြည့်လိုက်ရတာ အမောကို ပြေသွားတာပဲ"

"ဟုတ်တယ်နော် ဆရာ၊ ကျွန်မလည်း ရေပြင်ကို မြင်ရင် ကိုယ့်ရပ် ကိုယ့်ဇာတိကို လွမ်းတယ်"

မြသီရိက မော်ကျွန်းသူ ဖြစ်တာကို ဖြိုးဝေယံ သူမကိုယ်ရေးရာဇဝင် ဖိုင်တွဲကို ကြည့်ကတည်းက သိပြီးဖြစ်သည်။ ရန်ကုန်မှာ အဆောင်နေပြီး ဘဝရည်မှန်းချက် မြင့်မြင့်မားမား ရအောင် ကြိုးစားနေသူလေး။

"ဇာတိကို လွမ်းတာ ဟုတ်ရဲ့လား၊ သိပါဘူး. . . ကျွန်တော်က ရည်းစားကို လွမ်းတယ် ထင်နေတာ"

"ဆရာနော်. . . ကျွန်မ ထိုင်ငိုလိုက်မှာ"

မြသီရိက စိတ်ကောက်ဟန်ပြသည်။

ထိုစဉ်. . .

သစ်ပင်ပေါ်မှ ခါချဉ်ကောင် ပြုတ်ကျပြီး မြသီရိ ပခုံးနား တင်နေ၍ ဖြိုးဝေယံက. . .



"မြသီရိ. . . ခဏနော်"

လက်နှင့် မြသီရိ ပခုံးနားက ခါချဉ်ကောင်ကို ပုတ်ထုတ်ပေးလိုက်သည်။

ဒါက မြသီရိက ရယ်ပြီး. . .

"ဆရာနဲ့ကျွန်မ ဆက်ဆံတာ သူဌေးနဲ့ အတွင်းရေးမှူး ဆက်ဆံတာနဲ့ မတူဘူး. . . သူငယ်ချင်းလိုပဲနော်"

"ကျွန်တော့်ဘက်က ဒီအတိုင်းပဲ နေတတ်လို့ပါ မြသီရိ"

ဖြိုးဝေယံက ကော်ဖီဖိုး ရှင်းဖို့ စားပွဲထိုးကို လှမ်းခေါ်ကာ ရှင်းလိုက်သည်။

ပြီးနောက် ကုမ္ပဏီသို့ ဆက်ထွက်ခဲ့သည်။

အစည်းအဝေးခန်းမထဲ ရောက်တော့ အစုရှယ်ယာ ဒါရိုက်တာ အဖွဲ့ဝင်များ ရောက်နေကြပေပြီ။

Top Star ကုမ္ပဏီအတွက် မြန်မာပြည်အထက်ပိုင်းမှာ လုပ်ငန်းထပ်မံတိုးချဲ့ဖို့ ဆွေးနွေးကြသည်။

ဆွေးနွေးချက်အဖြေက သိပ်မကြာ။

ဒါရိုက်တာ အများစုက ရှယ်ယာအများဆုံး ပါဝင်သော ဖြိုးဝေယံကိုပဲ မြန်မာပြည်အထက်ပိုင်း ဈေးကွက်ရှာဖို့ သဘောတူကြသည်။

ဒီပုံစံအတိုင်းဆိုလျှင် မန္တလေးမှာ သူဈေးကွက်သွားရှာရဦးမည်။ ချက်ချင်းဆိုသလို သူ့အား မနက်ဖြန် လေယာဉ်နှင့် သွားဖို့ စီစဉ်ပေးကြလေသည်။

အစည်းအဝေးခန်းမထဲက ပြန်ထွက်တော့ ဖြိုးဝေယံ စိတ်အိုက်နေသည်။ မြသီရိက ပျော်နေသည်။ ဖြိုးဝေယံနှင့်အတူ ခရီး


www.burmeseclassic.com

www.burmeseclassic.com

ထွက်ရမည်ဆို၍. . .

"ဆရာ့အိမ်ကို သွားပြီး အဝတ်အစားတွေ ပြန်စီစဉ်ပေးရမလား"

မြသီရိ စကားကြောင့် ဖြိုးဝေယံ မျက်လုံးပြူးသွားပြီး. . .

"မ. . မလုပ်လိုက်ပါနဲ့ မယ်မင်းကြီးမရယ်၊ တော်ကြာ သမီးနဲ့ တွေ့နေမှဖြင့်၊ ကျွန်တော့်ဖာသာ စီစဉ်ပါ့မယ်၊ မနက်ကျရင် လေယာဉ်ကွင်းကိုလည်း မြသီရိဖာသာ သွားပြီးတြိုစောင့်နေပေးပါ"

"ဆရာကလည်း. . . ကျွန်မကို ကျွန်တော် ကျွန်တော်ဆိုပြီး ရိုရိုသေသေ မဆက်ဆံပါနဲ့၊ ကျွန်မက ဆရာ့အလုပ်သမားပါ"

ဖြိုးဝေယံက ပြုံးစစနှင့် ခေါင်းခါလိုက်သည်။

"မဟုတ်သေးဘူး မြသီရိ၊ ကျွန်တော်က ကုမ္ပဏီတစ်ခုလုံးက ဝန်ထမ်းတွေအားလုံးကို ကြီးကြီးငယ်ငယ် ကျွန်တော်ပဲ ဆက်ဆံတာပါ၊ နှုတ်ကျိုးနေလို့ ကျွန်တော် ပြောင်းမခေါ်ပါရစေနဲ့တော့"

"ဟုတ်ကဲ့ပါ ဆရာ"

မြသီရိက ကလေးလေးတစ်ယောက်လို လက်ပိုက်ပြီး ခေါင်းငုံ့ အရိုအသေပြုလိုက်သည်။ ရှည်လျားနက်မှောင်ပြီး ပျော့ပြောင်းနူးညံ့သော ဆံပင်လေးများ လေထဲ ဝဲပျံ့ပြီး ခေါင်းလျှော်ရည်ရှန်ပူရနံ့လေးများ သင်းပျံ့သွားသည်။

"မြသီရိ လက်ကိုင်ဖုန်းကိုပါ ယူလာခဲ့ပါ၊ ဟိုကျရင် ဆက်သွယ်ရ လွယ်ကူအောင်လို့"

"ဟုတ်ကဲ့"

ဖြိုးဝေယံ စိတ်အာရုံတွေ သူမအပေါ် ထွေသွားမှာစိုး၍ တခြားပြောင်းပြီး စကားတွေပါ လွှဲပြောရသည်။





မန္တလေး သွားရမည်ဆိုတော့ မေမြတ်နိုးတို့မိခင် ဆေးရုံတက်နေရတာတောင် လူမှုရေး ပျက်ကွက်ခဲ့ရလေပြီ။

သူ့ ရင်ထဲမှာ ဘုတ်ကို သတိရနေတာတော့ အမှန်။ သို့ပေမယ့် ကိုကျော်စိုးမိုး၏ကြိုးစားခွင့်ကိုတော့ ကတိပေးထားပြီး ဖြစ်သောကြောင့် ခပ်ခွာခွာ နေရပေသည်။

လိုအပ်တဲ့ ကုမ္ပဏီ စာရွက်စာတမ်းများ စီစစ်ပြီး ကားပေါ်သို့ ပစ္စည်းများ တင်နေသော ဖြိုးဝေယံအား သမီးလေးဘုတ်က. .

"ဖေကြီး တာဝန်မကျေဘူးနော်"

"ဘာဖြစ်လို့လဲ သမီးရဲ့"

"ဒေါ်လေးတို့ မိသားစုလည်း ဒီနေ့ ဆေးရုံက ဆင်းပြီးပြန်တော့မယ်တဲ့"

"သမီးကို ဘယ်သူပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဒေါ်လေးနဲ့ သမီး နေ့တိုင်းဖုန်းရပါတယ်၊ ဖေကြီးကို တောင် ဒေါ်လေးက ပြောသေးတယ်"

"ဘာတဲ့လဲ သမီး"

"ဒေါ်လေးကို သမီးဖေဖေကြီးက စိမ်းကားနေတာတဲ့၊ ဒေါ်လေး သနားပါတယ် ဖေကြီးရယ်"

ဖြိုးဝေယံ တွေသွားသည်။ ကျော်စိုးမိုးနှင့်သူ ကတိတည်ထားမှုကို သူသာ သိသည်။ 'စည်း' ဆိုတာ လွယ်လွယ်ဖောက်လျှင် တန်ဖိုးမရှိသော လူတစ်ယောက်အဖြစ် တစ်ဘဝလုံး ရောက်ရှိသွားနိုင်သည်။

"ဒါပဲနော် ဖေကြီး၊ ဟိုအမျိုးသမီး မပါဘူးနော်"

"မပါပါဘူးကွယ်"

ဖြိုးဝေယံ သမီးလေးဘုတ်ကို လိမ်ပြောလိုက်ရသည်။

လက်ကိုင်ဖုန်း အသံမြည်လာသည်။ ဖုန်းနံပါတ်ကို ကြည့်လိုက်တော့ မြသီရိ လှမ်းဆက်နေပေပြီ။

"ဘယ်က ဖုန်းလဲ ဖေကြီး"

"လေယာဉ်ရုံးကပါကွယ်. . . ဖေကြီးနောက်ကျမှာစိုးလို့ လှမ်းခေါ်နေတာ၊ ကဲ. . . သမီး၊ ဖေကြီးသွားတော့မယ်နော်. . . တာ့တာ"

ဖြိုးဝေယံ သမီးလေးကို နှုတ်ဆက်ပြီး ကားပေါ်ကို အလျင်အမြန် တက်လိုက်ပြီး. . .

"ကဲ. . . ဦးမောင်ရေ၊ အချိန်သိပ်မကျန်ဘူး. . . မောင်းဗျာ"

ကားပေါ် ရောက်မှ မြသီရိဆီ ဖုန်းပြန်ခေါ်လိုက်သည်။





"ဆရာလား. . . ဘယ်ရောက်နေပြီလဲ"

"ရောက်တော့မယ် မြသီရိ၊ လိုအပ်တဲ့ဟာတွေသာ လေယာဉ်ကွင်းမှာ လုပ်ထားပါ"

"စိတ်ချပါ ဆရာ"

မေမြတ်စိုးတို့ ပြန်သွားပြီဆိုတော့ မန္တလေးရောက်လျှင် သူမ အိမ်ကို ဝင်ရမှ။

သူ့ဘက်က လူမှုရေး ပျက်ကွက်ခဲ့ရသည် မဟုတ်ပါလား။

သူ တစ်ခါတစ်ရံတော့ အလုပ်ကိစ္စတွေကို ငြီးငွေ့လာမိတာ အမှန်။


www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၁)

ကျော်စိုးမိုး မေမြတ်စိုးနှင့်အတူ ဦးပိန်တံတားပေါ်ဝယ် လမ်းလျှောက်လာရင်းမှ. . .

"အန်တီကို အစ္စရေး သွားမယ်လို့ လိမ်လိုက်ရတာ ကိုယ် လိပ်ပြာမသန့်ဘူး ဘုတ်"

"ကျွန်မလည်း ရှင့်ကို ဘယ်လိုပြောရမှန်းတောင် မသိ တော့ဘူး၊ အရမ်းကျေးဇူးတင်ပါတယ်လို့ပဲ ပြောချင်တယ် ကိုကျော် စိုးမိုး"

ကျော်စိုးမိုး ပြုံးလိုက်မိသည်။ ကျေးဇူးဆိုတာက အချစ် မဟုတ်၊ သူလိုချင်တာက အချစ်၊ သူ့အပေါ် သနားစိတ်ဖြင့် ဘုတ် တစ်ယောက် စာနာမိလေမလားလို့ မျှော်လင့်ချက်ဖြင့် ဘုတ်ကြီးဆွဲ





ရာ ကခဲ့သည်။ စိတ်ထဲမှာတော့ မလုံ။ ဆက်ပြီး. . .

"ကိုယ့်ဘက်က စိုးရိမ်တာ တစ်ခုရှိတယ် ဘုတ်၊ အဲဒါက တော့ ကိုယ့်မေမေနဲ့ အန်တီ ဆက်သွယ်မိကြရင် အလိမ်ပေါ်သွား မှာကို"

"ဒါတော့လည်း ဘယ်တတ်နိုင်မလဲ ကိုကျော်စိုးမိုးရယ်၊ လောလောဆယ်တော့ မေမေက ရိပ်သာ (၄၅)ရက် ဝင်မယ်လို့ ပြောတယ်"

ကျော်စိုးမိုး မေမြတ်နိုး မျက်နှာကို မသိမသာ ခိုးကြည့်ရင်း ရင်ထဲမှ ကြေကွဲသွားသည်။

ဘုတ်အသည်းက သံမဏိဖြင့် ဖွဲ့စည်းထားလားမသိ။ သူ့အတွက် ခံစားမှု မရှိ၊ ပကတိ တည်ကြည်နေသည်။ သူတော့ သစ်ခြောက်ပင်အောက် ပန်းကောက်မိနေသလား။ ဒီအတိုင်းဆိုရင် တော့. . .

ဖြိုးဝေယံကို သူပြောခဲ့ဖူးသော နောက်ထပ် တစ်ကြိမ် ဆပ်မံကြိုးစားခွင့်ဆိုတာ သူ့အတွက် အရှုံးတွေပဲ ဖြစ်နေမလား မသိ။


www.burmeseclassic.com

www.burmeseclassic.com



မြသီရိကို ဒေါက်မြင့်ဖိနပ် ရွှေရောင်လေး စီးထားတာ တွေ့ရတော့ ဖြိုးဝေယံ အံ့အားသင့်နေသည်။ ဒီကောင်မလေး တစ်ခါမှ အဲဒီလောက် အရပ်ဝတ်ကို လှပနေအောင် ဝတ်ဆင်ထားသည်ကို သူမမြင်ဖူးခဲ့။

မျက်နှာလိမ်းခြယ်ထားတာကအစ ပြောင်းလဲနေသည်။ ကုမ္ပဏီမှာတုန်းက လုပ်ငန်းခွင်စည်းကမ်းအရ ကုမ္ပဏီဝတ်စုံကိုသာ အမြဲဝတ်လေ့ရှိသော မြသီရိတစ်ယောက် မန္တလေး ရောက်တော့ အစွမ်းကုန် ပြင်ဆင်လာသည်။

"ဆရာ အဲဒီလောက် စိုက်ကြည့်တော့ ကျွန်မ ရှက်တယ် ဆရာရဲ့"

ရှက်သွေးဖြာကာ ဟန်မူပိုနေသော မြသီရိကို ဖြိုးဝေယံ ပြုံးလိုက်ပြီးမှ. . .

"မြသီရိ ဒီလောက်ပြောင်းလဲသွားတော့ ကျွန်တော် အံ့သြလို့ပါ"





"ဆရာ. . နော်"

မြသီရိက ဖြိုးဝေယံကို မျက်စောင်းလှလှလေးကို ထိုးလိုက်သည်။

တစ်ခါမှ ဒေါက်မြင့်ဖိနပ် စီးနေကျ မဟုတ်သော မြသီရိမျ တိုင်ထုတ်ကာ လမ်းလျှောက်ရင်း ဟန်ချက်ပျက်ပြီး ချော်လဲသွားသည်။

အနားတွင် ရှိသော ဖြိုးဝေယံက အလိုက်သင့် မြသီရိကို ထိန်းပွေ့လိုက်တော့ နှစ်ဦးသား ဖက်မိလျက်သား ဖြစ်သွားကြသည်။

ကားလမ်းဘေး ဖြစ်သဖြင့် သူတို့နှစ်ဦး အခြေအနေကို ဗီဒီယို ရိုက်နေသည့်အလား ဝိုင်းကြည့်နေကြသည်။ မြသီရိက ဖြိုးဝေယံ ရင်ခွင်ထဲမှ ထွက်လိုက်ပြီး ရှက်ကိုးရှက်ကန်း ဖြစ်သွားကာ

"အားနာလိုက်တာ ဆရာရယ်၊ ကျွန်မ ဒီဒေါက်မြင့်ဖိနပ်ကို စီးလာဖို့ မကောင်းဘူး"

ထိုအခိုက်. . .

ဖြိုးဝေယံနှင့်မြသီရိတို့ ဖြစ်ပုံကို ကားပေါ်မှ ရုတ်တရက် မြင်လိုက်ရသူက မေမြတ်စိုးပင်။ ကျော်စိုးမိုးကတော့ ကားမောင်းနေရင်းမို့ သတိမထားမိတာလည်း ဖြစ်မည်။ အံ့အားသင့်ကာ မေမြတ်စိုး ရင်တွေ ပူလောင်လာသည်။

ဖြိုးဝေယံနှင့် ကောင်မလေးက ဘယ်သူလဲ။ သူတို့နှစ်ဦး ကြည့်ရတာ တကယ့်ချစ်သူနှစ်ဦး၏မြင်ကွင်းပုံစံပင်။ ဒါဆိုရင် မေမြတ်စိုးအပေါ် ဖြိုးဝေယံ ရင်ထဲက ထားရှိသောအချစ်သည် အစစ်အမှန် ဖြစ်ပါ့မလား။

ဖြိုးဝေယံကို သူ့ဘက်က ဖွင့်မေးရအောင်လဲ တကယ်တမ်း



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘူးလို့ ငြင်းလျှင် သူ မိန်းကလေးတန်မဲ့ သိက္ခာကျရမှာ အမှန်။ တွေးရခက်နေစဉ်. . .

"ဘုတ်. . . အချိန်ရတယ်နော်"

"ရပါတယ် ကိုကျော်စိုးမိုး"

"ဒါဆိုရင် မဟာမြတ်မုနိ ဘုရား ဝင်ဖူးကြရအောင်"

"ကောင်းသားပဲ"

မေမြတ်စိုးရင်မှာ မောဟိုက်နေသည်။ 'ရည်းစားလူလု အူနုကျွဲခတ်' တာပဲလား။ ဒီလိုဝေဒနာမျိုးကို နန်းနှင့်ဖြိုးဝေယံ စုံတွဲကို တွေ့စဉ်က ခံစားဖူးခဲ့သည်။

မဟုတ်ပါစေနဲ့လို့ ဘုရားမှာ ဆုတောင်းရတော့မည်။

ကိုကျော်စိုးမိုးက ပန်းတွေ ဝယ်လာသည်။ ပြီးတော့ လှမ်းပေးပြီး. . .

"ဘုတ်. . . ပန်းကပ်ရအောင်လေ"

မေမြတ်စိုး ပန်းကို ယူလိုက်ပြီး ဘုရားဝတ်ပြုလိုက်သည်။ စိတ်ထဲကနေ ဖြိုးဝေယံနှင့်ကောင်မလေး ချစ်သူစုံတွဲ မဟုတ်ပါစေနဲ့လို့ ဆုတောင်းလိုက်မိသည်။

ဘုရားဝတ်ပြုပြီး ပန်းကို ပန်းအိုးထဲ ထည့်မည်အပြုဝယ်

"ပေး. . ပေး. . ဘုတ်၊ ကျွန်တော်ကပ်ပေးမယ်"

မေမြတ်စိုးလက်ထဲမှ ဘုရားပန်းများကို ကိုကျော်စိုးမိုးက ယူပြီး သူ့ပန်းများနှင့်အတူ ဘုရားပန်းအိုးတစ်အိုးထဲ ကပ်လှူလိုက်သည်။

ဘုရားမှာ ဘာတွေ ဆုတောင်းပြီး ပန်းများကို တစုစည်းထဲ တစ်အိုးထဲ ကပ်လိုက်သည်မသိ။ အင်း. . . သူ့ဆုတောင်းပြည့်ရင်





တော့ မေမြတ်စိုးကုသိုလ်ပေါ့။

မေမြတ်စိုး သူနှင့်အတူ ဘုရားကို တစ်ပတ်ပတ်ရင်း သူက

"ဘုတ်. . . ကျွန်တော့်အပေါ်ကို ဘယ်လိုမြင်လဲဟင်"

"ဘာကို မြင်ရမှာလဲ ကိုကျော်စိုးမိုး"

"ကျွန်တော် ဘုတ်ကို စိတ်ရှည်ရှည်နဲ့ ဘုတ်ဆီက မေတ္တာကို မျှော်လင့်နေတာကိုပါ"

"ဪ. . . ကိုကျော်စိုးမိုးရယ်၊ ကျွန်မ ရှင့်ကို ဘယ်လို ရှင်းပြရမှန်းတောင် မသိတော့ဘူး"

အရေးထဲ သခွတ်ပင်က မီးတကျိုကျိုနှင့်။ အပြတ်ပြောရမှာလည်း ပြောမထွက်၊ ဘယ်လိုပြောရပါ့မလဲလို့ စဉ်းစားတာ မရ။ သို့ပေမယ့် မေမြတ်စိုး ဘုရားရင်ပြင်တော်ပေါ်ဝယ် ပျံသန်းနေသော ခိုလေးများကို ကြည့်ရင်းမှ ပန်းပုရုပ်တွေကို တွေ့လိုက်ပြီး အကြံရကာ. . .

"ကိုကျော်စိုးမိုး. . . ပန်းပုရုပ်ကလေးတွေ ထုရင် အဲဒီ ပန်းပုထုသူရဲ့ရင်ထဲကို ခေတ္တဝင်ကြည့်ဖူးလား"

ကျော်စိုးမိုး ခေါင်းခါပြလေသည်။

"ကျွန်မ ဝင်ကြည့်ဖူးတယ် ကိုကျော်စိုးမိုး"

ကိုကျော်စိုးမိုးက စိတ်ဝင်စားကာ နားထောင်နေတော့ မေမြတ်စိုးက. . .

"အချစ်ဆိုတာလည်း အဲဒီပန်းပုရုပ်ထုသူလိုပဲ ကိုကျော်စိုးမိုး၊ အရုပ်ကလေး ပေါ်လာဖို့ကို ထုဆစ်နေချိန်မှာ ထုဆစ်သူ မျက်လုံးထဲ နှလုံးသားအာရုံထဲမှာ အရုပ်ကလေးက မပြီးသေးပေမယ့် ပေါ်နေသလို ကျွန်မမျှော်လင့်ထားတာ ဘယ်သူ့လိုဆိုတာ


www.burmeseclassic.com

www.burmeseclassic.com

ကိုကျော်စိုးမိုး သိမှာပါ"

မေမြတ်စိုးစကားကြောင့် ကျော်စိုးမိုးရင်ထဲ ခံစားလိုက်ရသည်။ တကယ်ဆိုလျှင် သူ့ရင်ထဲက ခံစားမှုများကို ဘုတ်က ဘာလို့ စာနာမှု မပေးရတာလဲ၊ ထပ်တူမကျတာလဲဆိုတာ တွေးနေမိသည်။

ဖြိုးဝေယံကို သူရှုံးသွားတာတော့ သေချာပါသည်။

ကျော်စိုးမိုး ကားပေါ် ရောက်တော့. . .

"ကိုယ် သဘောပေါက်သွားပါပြီ ဘုတ်၊ တကယ်တော့ ကိုယ်ဟာ ဘုတ်ရင်ထဲက ထုဆစ်နေတဲ့အရုပ် မဟုတ်တော့ ဘုတ်အတွက် ထုဆစ်မယ်ဆိုရင်တောင် ခံစားမှု ကင်းမဲ့နေပါလိမ့်မယ်၊ ကိုယ်ခွင့်လွှတ်ပါတယ်၊ ဒီနေ့ ဒီအချိန်ကစပြီး ဘုတ်ကို ကိုယ်နောက်ဆုတ်လိုက်ပါပြီ"

ကျော်စိုးမိုး စကားသံတွေက ရင်ထဲက လာတာဖြစ်၍ အက်ကွဲရှတနေသည်။

မေမြတ်စိုး ဘာများ တတ်နိုင်ပါမည်နည်း။





## အခန်း(၃၂)

ရိပ်သာက ထွက်လာသော ဒေါ်မေသက်ပိုင်အဖို့ ကျော်စိုးမိုး၏မင်္ဂလာဖိတ်စာကို တွေ့တော့ အံ့သြသွားသည်။

"အော်. . . သူက ဒါကြောင့် နိုင်ငံခြားသွားမယ်ဆိုပြီး ရှောင်ထွက်သွားတာကိုး၊ ဘယ်တတ်နိုင်မလဲ သမီးရယ်၊ ဒါကတော့ သမီးကံပဲပေါ့"

မေမြတ်စိုးက ကောင်းသည်လည်း မဆို၊ ဆိုးသည်လည်း မပြော၊ ကိုကျော်စိုးမိုးတစ်ယောက် အချစ်ကို အစားထိုး ဖြေသိမ့်သွားနိုင်တာကို သူဝမ်းသာနေမိသည်။ အစားမထိုးနိုင်တဲ့သူ့ကို ကူညီခဲ့တဲ့အတွက် လှိုက်လှဲစွာ ကျေးဇူးတင်နေမိတာ အမှန်။

ကိုကျော်စိုးမိုးသာ မကူညီခဲ့လျှင် ဒီလိုအခြေအနေမျိုး


www.burmeseclassic.com

www.burmeseclassic.com



ရောက်လာမှာ မဟုတ်။ သူ့မင်္ဂလာဆောင်ကိုတော့ သွားဖြစ်အောင် သွားပြီး အားပေးရဦးမည်။

"သမီးလည်း မေမေ့ကြောင့် စိတ်ပင်ပန်းရတယ်နော်၊ မေမေလည်း ရိပ်သာဝင်မှ တရားအစစ်အမှန်နဲ့ နှလုံးအေးပြီး ရောဂါတွေတောင် သက်သာသွားတယ်၊ ဒါကြောင့် နောက်တစ်ခေါက် ပြန်ဝင်ဦးမယ် စိတ်ကူးထားသေးတယ်၊ ဒါ သမီးကျေးဇူးကြောင့်ပဲ. . . သိလား"

ဒေါ်မေသက်ပိုင် အများကြီးပြောင်းလဲသွားပေပြီ။

ထိုအခိုက်. . .

အိမ်ရှေ့မှ ဘဲလ်သံကြောင့် မေမြတ်စိုး တံခါးထဖွင့်ပေးလိုက်သောအခါ. . .

"ဒေါ်လေး"

သမီးလေးဘုတ်တို့ မြေးအဖွားပင်။

သမီးလေးဘုတ်က မေမြတ်စိုးကို ပြေးဖက်လိုက်သည်။

"ဒေါ်လေးရယ်. . . နေနိုင်လိုက်တာ၊ သမီးဆီ ဖုန်းမဆက်ဘူး"

ဖြိုးဝေယံတို့ မိသားစုလိုက် ရန်ကုန်မှ မန္တလေးသို့ ပြောင်းလာကြသည်။ အထက်မြန်မာပြည် (Top Star)ကုမ္ပဏီအတွက် လုပ်ဆောင်ရန်ဖြစ်သည်။

ဒေါ်ခင်သူဇာနှင့် ဒေါ်မေသက်ပိုင်တို့ အရင်တုန်းက ရုပ်ဆွေရုပ်မျိုးဖြစ်ပြီး မတွေ့တာကြာတော့ ပြောမကုန်အောင် စကားဆုံနေကြသည်။

"နေပါဦး သူဇာရဲ့ ညည်းမြေးနာမည်က 'ဘုတ်' ဟုတ်လား၊





ငါ့သမီးနာမည်နဲ့ တူနေမလားလို့"

ဒေါ်ခင်သူဇာက ရယ်လိုက်ပြီး. . .

"မမေရယ်. . . ဒါများ အထူးအဆန်းလုပ်လို့၊ ငါ့သားနဲ့ ညားတဲ့ ငါ့ချွေးမ 'နန်း' ဆိုတာ ညည်းသမီး ဘုတ်နဲ့လည်း သူငယ်ချင်းလေ"

ဒေါ်ခင်သူဇာက အဖြစ်အပျက်အလုံးစုံကို ရှင်းပြလိုက်တော့ ဒေါ်မေသက်ပိုင်မှာ. . .

"အင်း. . . ကြားရတာတွေက ရင်မောစရာတွေပါလား ကွယ်၊ ငါ့သမီးနဲ့ညည်းသား ပြန်ဆက်သွယ်တော့ ငါ ဒေါသတောင် ဖြစ်မိသေးတယ်"

"မမေရယ်. . . ဘာဒေါသဖြစ်စရာရှိလဲ၊ သူတို့က ငယ်သူငယ်ချင်းတွေပဲဟာ"

"သူငယ်ချင်းထက် မကလို့ပေါ့"

"ဒါဆိုလည်း သူတို့အလိုအရ မကလိုက်တာပေါ့"

ဒေါ်မေသက်ပိုင် မဲ့လိုက်ပြီး. . .

"ငါကတော့ မကနိုင်ပေါင်"

"ဘာဖြစ်လို့"

"ငါ့သမီးက အပျိုလေ"

ဒေါ်ခင်သူဇာက ပြုံးလိုက်သည်။ ပြီးနောက်. . .

"မမေကလည်း. . . ပျိုတာအိုတာ အဓိက မဟုတ်ပါဘူး၊ အရေးကြီးတာက ရာသက်ပန် တစ်ဦးနဲ့တစ်ဦး ချစ်ကြဖို့နဲ့ သစ္စာရှိရှိ ပေါင်းသင်းဖို့ပဲ လိုတယ်လေ"

ဒေါ်မေသက်ပိုင် ခေါင်းပေါ် လက်တင်ကာ စဉ်းစားလိုက်



www.burmeseclassic.com

ပြီး. . .

"အင်း. . . သူတို့နှစ်ဦးကတော့ ဟုတ်ပါပြီ၊ ဒါပေမယ့်. ."

ဒေါ်မေသက်ပိုင် စကားမဆက်ပေမယ့် ဒေါ်ခင်သူဇာက သဘောပေါက်လိုက်ပြီး. . .

"ဒါပေမယ့် ဘာလဲ၊ မြေးလေးအတွက် ခက်နေသလား"

"အင်း. ."

"ဒါကလည်း မခက်ပါဘူး၊ မြေးလေးဘုတ်နဲ့ သမီးလေးဘုတ်တို့က အဆင်ပြေနေတာပဲဟာ"

"ဟွန်း"

ဒေါ်မေသက်ပိုင် သက်ပြင်းချလိုက်ပြီး. . .

"အဆင်ပြေတယ်ဆိုတာက တစ်ခဏ ကြည့်မရဘူး သူဇာ၊ တစ်ဘဝတာအတွက် ရေရှည်ကို ကြည့်ရတယ်၊ နောက်နောင် သားသမီးလေးတွေ ရလာတော့ ကိုယ့်သားသမီး သူ့သားသမီး ပဋိပက္ခပေါင်းစုံ ကြုံလာကြမှာ၊ အဲဒီအခါကျမှ ချစ်နေကြတာတွေက အမုန်းတွေ ဖြစ်လာကြမယ်"

ဒေါ်ခင်သူဇာ တွေသွားသည်။ ကိုရီးယား ဇာတ်လမ်းတွဲတွေထဲမှာ ဖအေတူ မအေကွဲ သားသမီးတွေ၏ပြဿနာပေါင်းစုံကို ကြည့်နေရတော့ သူတို့လည်း မဖြစ်ဘူးလို့ မပြောနိုင်။ စဉ်းစားရကျပ်လှသည်။

ဒေါ်ခင်သူဇာနှင့် ဒေါ်မေသက်ပိုင် သားရေးသမီးရေး အဖြေရှာဆဲ။

မေမြတ်စိုးနှင့် သမီးလေးဘုတ်က ခြံဝန်းထဲရှိ ခုံတန်းပေါ်မှာ တိုင်ရင်း . .



"ဒေါ်လေး. ."

"ပြော. . သမီး"

"ဒေါ်လေးဆီ ဟိုလူကြီး လာနေသေးလား"

ကျော်စိုးမိုးကို သမီးလေး ရည်ညွှန်းမှန်း မေမြတ်စိုး သဘောပေါက်လိုက်သည်။

"မလာတော့ဘူး. . . သူ မင်္ဂလာဆောင်တော့မယ်"

"ဟင်. . . ဟုတ်လား. . ဝမ်းသာလိုက်တာ"

သမီးလေး ဘုတ်မျက်နှာ ပြုံးရွှင်သွားပြီး. .

"ဒါဆို ဖေကြီးအတွက် အိုကေပဲ"

"သမီးက အိုကေနေတာ၊ သမီးဖေကြီးက. . ."

မေမြတ်စိုး စကားမဆက်၊ ဖခင်အကြောင်း သမီးဖြစ်သူကို ပြောလို့ သင့်မသင့် စဉ်းစားလိုက်နေဆဲ. . .

"ဘာလဲ. . . ဒေါ်လေးဆီ ဖေကြီး မလာလို့လား"

"မလာဘူး. . . သမီးလေးအတွက် အမေရှာတွေ့နေလို့ ဖြစ်မှာပေါ့"

ဟင်. . . ထိန်းချုပ်ထားရမှ ထွက်သွားပြီ။ အောက်တန်းကျတယ်လို့ ထင်ရင်အခက်။ သမီးလေးကတော့. . .

"မရဘူး. . . မရဘူး၊ ဒေါ်လေးကလွဲရင် သမီး ဘယ်သူ့ကိုမှ အမေအဖြစ် လက်မခံဘူး၊ ဟိုတစ်ခါ အိမ်ကို လာတဲ့မမဆိုသမီးပြောလိုက်တာနဲ့ မလာရဲတော့ဘူး"

ဟုတ်ပြီ. . . လမ်းစတော့ တွေ့ပြီ။ သမီးလေး ပြောတဲ့ မမဆိုတာ ဖြိုးဝေယံ တွဲနေတဲ့ မိန်းကလေးဖြစ်ရမယ်။ ဒေါ်ချောအောင်. . .



www.burmeseclassic.com

www.burmeseclassic.com

"သမီး. . . အဲဒီမမကို မှတ်မိလား"

"အင်း. . . ဖေကြီးထက် ငယ်တယ်၊ အသားဖြူတယ်၊ ချောတယ်"

"သူက ဘယ်ကလဲ သမီး"

"ဖေကြီးတို့ကုမ္ပဏီက ဖေကြီး Secretary(အတွင်းရေးမှူး)ဆိုလားပဲ"

"ဟုတ်လား"

မေမြတ်စိုး မျက်စိထဲမှာ ဖြိုးဝေယံ ရင်ခွင်ထဲ ချော်လဲသွားသော မိန်းကလေး၏ရုပ်ပုံလွှာ မြင်ကွင်းက မမေ့။ ဒါပဲဖြစ်မှာ သေချာသည်။

သူဌေးနှင့် အတွင်းရေးမှူးက လုပ်ငန်းခွင်မှာ ဝတ်စုံနှင့် တွေ့ကြဆုံကြ ပြောကြဆိုကြမည်။ သူတွေ့ချိန်က လုပ်ငန်းခွင် မဖြစ်နိုင်။ မိန်းကလေးက အရပ်ဝတ်နှင့် ပြင်ဆင်ခြယ်သထားလိုက်သည် ကလည်း မင်းသမီး ရှုံးလောက်သည်။

တစ်ဦးနှင့်တစ်ဦး ဆက်ဆံပုံကလည်း ဆရာတပည့်ပုံစံ မဟုတ်။ သူဌေးနှင့်အတွင်းရေးမှူးမလေး ဇာတ်လမ်းကြားဖူးသည်။

ဖြိုးဝေယံကလည်း လူလွတ်ဆိုတော့. . . ။





## အခန်း(၃၃)

ကိုကျော်စိုးမိုးတို့ မင်္ဂလာဆောင်က သူရောက်ဖူးသမျှ မန္တလေးမြို့တွင် အကြီးအကျယ်ဆုံး မင်္ဂလာပွဲလို့ ဆိုရမည် ထင်သည်။

မင်္ဂလာစင်မြင့်ရှိ ကိုကျော်စိုးမိုး မင်္ဂလာစုံတွဲကို ကြည့်လိုက်မိသည်။ တည်ကြည်ပြီး ခန့်ချောသော ကိုကျော်စိုးမိုးဘေးဝယ် သတို့သမီးက ပြင်ဆင်ထားသည်မှာ မိန်းမသားချင်းပင် ငေးလောက်အောင် လှရက်နိုင်ပေတယ်။ နေနဲ့လ ရွှေနဲ့မြပမာ တင်စားခေါ်ဝေါ်ထိုက်လောက်အောင်ပင် ဖြစ်သည်။

တဒင်္ဂ သူစိတ်ကူးမိလိုက်သည်။

သူသာ ကိုကျော်စိုးမိုး အချစ်ကို လက်ခံလိုက်ရင်ဖြင့် အလှ


www.burmeseclassic.com

www.burmeseclassic.com



မယ်လေး သတို့သမီးနေရာကို သူရပေမည်ဟု၊ မည်သို့ဆိုစေ တခဏတော့ သဝန်တိုလိုက်မိသည်။ နောက်မှ သတိရလိုက်ပြီး 'လွတ်တဲ့ငါးကြီး' နှယ် ငါ ဘာတွေ တွေးလိုက်မိပါလိမ့်လို့ ဆင်ခြင်လိုက်သည်။

ကိုကျော်စိုးမိုးက သူ့ကို မြင်ပြီး လှမ်းပြုံးပြတော့ သူကလည်း ဂုဏ်ပြုသည့်အပြုံးကို တုန့်ပြန်သည်။

မထင်မှတ်ဘဲ သူ့စားပွဲဝိုင်းဆီသို့ ရောက်လာကြသောသူတွေကြောင့် သူ အံ့အားသင့်သွားသည်။

သမီးလေးဘုတ်နှင့် ဖြိုးဝေယံတို့စုံတွဲပင်။

မိန်းကလေးက ဖြိုးဝေယံအပေါ် အတော်ကြင်နာမည့်ပုံပေါက်သလို နုနယ်သည့် မျက်နှာထားပိုင်ရှင်မလေးပင်။

ဟင်း. . . သမီးလေး ဘုတ်ကလည်း ပြုံးလို့ပျော်လို့၊ သူ ကြည့်မရသော မမကို ခုတော့ ကြည်ဖြူသွားလေသလား။ အပြစ်မယူလို၊ ကလေးဆိုတာ လက်သာရာမှာ ပျော်သည်။ အကြိုက်ပေးကာ ချော့တော့လည်း ပျော့သွားပေမည်။

မေမြတ်စိုး လာမိတာ မှားသွားပြီ။ ထပြန်သွားလို့လဲ မဖြစ်၊ ရုပ်ပျက်မည်။

ရက်စက်ပ့ါ ဖြိုးဝေယံရယ်၊ ဘယ်ဘဝ ချစ်ပြီးတွေကို ဒီဘဝမှာ နင် ငါ့ကို ရက်စက်ပြီး ရက်စက်ကာ ပေးဆပ်နေရှာသလားဟင်။ အေးလေ. . . ငါလည်း နင့်ကို ချစ်မိတာ ဝဋ်ကြွေးတစ်ခုပဲ၊ ကြေပါစေတော့ဟာ။

မေမြတ်စိုး ရီဝေနေသောမျက်ရည်များ မကျလာအောင် ထိန်းနေလိုက်သည်။ ဖြိုးဝေယံကို နာကျင်မှုနှင့် ကြည့်ကာ ရင်မှာ





ဆို့တက်လာသည်။

"မြသီရိ. . . ဒါ ကျွန်တော်နဲ့ ငယ်ငယ်ကတည်းက ပေါင်းလာတဲ့ 'ဘုတ်' တဲ့"

မိန်းကလေးက သွက်သည်။ ချက်ချင်းဆိုသလို ထလိုက်ပြီး မေမြတ်စိုးလက်ကို ဆွဲကာ နှုတ်ဆက်သည်ကို မတတ်သာတော့လည်း ဟန်ဆောင်ပြုံးနှင့် တုန့်ပြန်နှုတ်ဆက်လိုက်ရသည်။ ရင်ထဲမှာတော့ မချိ။

"ဒေါ်လေး နေမကောင်းဘူးလား. . . ဘာဖြစ်နေတာလဲ"

ငိုမရ ရီမရ၊ အပြုံးမဲ့နေတဲ့သူမှာ အမေးရှိလာတော့ ခက်လေပြီ။

"နေကောင်းပါတယ် သမီးရယ်၊ ညက အိပ်ရေးပျက်သွားလို့ပါ"

မင်္ဂလာစင်မြင့်ပေါ်ဝယ် ဩဘာရတု ဖတ်ပြီးသည်နှင့် ကျော်စိုးမိုးနှင့် မင်္ဂလာသတို့သမီးတို့ သူတို့နား ရောက်လာပြီး. . .

"ကွန်ဂရက်ကျူလေးရှင်း ကိုဖြိုးဝေယံ၊ ဒီပွဲမှာ ခင်ဗျားအပြတ်အသတ် နိုင်ပါတယ်"

ကျော်စိုးမိုးက ဖြိုးဝေယံကို နှုတ်ဆက်ပြီး မေမြတ်နိုးကို ပြုံးပြလေသည်။

"ခင်ဗျားတို့ ချစ်ခရီးလမ်းလည်း ဖြောင့်ဖြူးပါစေဗျာ"

ဖြိုးဝေယံက ကျော်စိုးမိုး ပေးသောဆုကို ပြုံး၍ သာနားထောင်နေသည်။

မေမြတ်စိုးအတွက် နာကျင်ခံရခက်သော ဝေဒနာကို ခံစားလိုက်ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



မနေတော့ဘူး၊ မေမေ ရိပ်သာဝင်ပြီးလျှင် သူ မန္တလေးက နေ သူတို့နဲ့ ဝေးရာကို ပြောင်းဖို့ စာတင်တော့မယ်။

အသည်းနှစ်ခါကွဲလေမှ နာကျင်လေမိတော့သည်။

"ဒေါ်လေး. . . အားရင် သမီးနဲ့ ခဏလိုက်ခဲ့မလား"

သမီးလေးဘုတ်ကို ကျေးဇူးတင်ရပေမည်။ နာကျင်နေသော အသည်းမှ ဝေဒနာဆိုးများအတွက် သူတို့နှင့် ဝေးရာသို့ ပြေးထွက်လိုသောဆန္ဒ ပြည့်ဝသွားသည်။

"ဖေကြီး. . . သမီးဒေါ်လေးကို ခဏခေါ်သွားမယ်နော်၊ ပြီးတော့ ဟိုဟာတွေ ပြလိုက်မယ်"

ဖြိုးဝေယံက ပြုံးလို့သာနေသည်။ သူ့ဘေးက မိန်းကလေးက ဖြိုးဝေယံ သောက်မည့်ကော်ဖီကိုတောင် ဖျော်ပေးနေသည်။

မင်္ဂလာခန်းမအောက် ရောက်တော့. . .

"အဘ. . . သမီးတို့ တိုက်သစ်ကို မောင်းပါ၊ ဖေကြီးက တခြားကားနဲ့ လိုက်လာမယ်တဲ့"

သမီးလေးဘုတ်က အမေသစ် ရတော့မှာကို အတော်ပျော်နေပုံရသည်။

ကားပေါ် ရောက်တော့. . .

"ဒေါ်လေး. . . ဖေကြီး မိန်းမယူတော့မယ် သိလား"

". . . . . . . . . ."

"ဖေကြီးယူမယ့် မိန်းကလေးက အရမ်းချောတယ်၊ ဖေကြီးကိုလည်း အရမ်းချစ်တယ် ဒေါ်လေးရဲ့"

သမီးလေး ပြောမှ ဖြိုးဝေယံတို့စုံတွဲ၏ကြည်နူးရိပ် လှုပ်ရှားမှုများက မေမြတ်စိုးအာရုံထဲ ရုပ်ရှင်ပြနေပေသည်။





"ဒေါ်လေး ဝမ်းမသာဘူးလားဟင်"

ဖြိုးဝေရယ်. . . နင်တင်မက နင့်သမီးလေးကပါ ငါ့အသည်းကို တစ်စစီ ဖွဲ့ချွေရက်နေပြီဟာ။ ခု ငါမျက်ရည်ကျရင်း ရယ်ပြနေရတယ်လေ။

မေမြတ်စိုး မျက်ဝန်းမှ မျက်ရည်များကို ထိန်းရင်း သမီးလေး ဘုတ်ကို ပြုံးပြလိုက်သည်။

"ဒေါ်လေးကို ခုပြမှာက ဖေကြီးနဲ့ ဖေကြီးမိန်းမ နေဖို့ တိုက်သစ်ရယ်၊ မင်္ဂလာအိပ်ယာဝင် အခမ်းအနားကို ဖွားဖွားကြီး ဘယ်လိုပြင်ဆင်ပေးထားတာကအစ နောက်ထပ် ထူးခြားတာလေးတွေ ရှိသေးတယ်"

"ဒေါ်လေး မလိုက်ချင်တော့ဘူးကွယ်၊ အိမ်သာ ပြန်ပို့ပေးပါနော် သမီးလေး"

မေမြတ်စိုးစကားက နွမ်းဖျော့နေသည်။ ရင်ထဲက ခံစားမှုတွေ အရိုးအဆစ်များသာ ဖွဲ့စည်းထားလျှင် ပြုတ်ထွက်သွားတာ ကြာပေပြီ။

"မရဘူး. . . မရဘူး၊ ဒေါ်လေးမလိုက်လို့ ဘယ်ရမလဲ၊ အဘ ကားရပ်မပေးနဲ့နော်"

သမီးလေးဘုတ်က ဇွတ်တရွတ်၊ မေမြတ်စိုး ကားတံခါးဖွင့်ကာ ခုန်ဆင်းလိုလှသည်။ မဖြစ်၊ ဝဋ်ကြွေးက ကြီးမားလှသည်။

နာရီဝက်လောက်ကြာတော့ မန္တလေးတောင်ခြေနှင့် မနီးမဝေးရှိ ခြံကြီးထဲသို့ ကားချိုးဝင်သွားသည်။ ခြံထဲမှာ ပန်းမျိုးစုံအောင် စိုက်ထားသလို မြက်ခင်းစိမ်းစိမ်းလေးနှင့် နေချင်စဖွယ် ဖန်တီးထားသည်။ ဆောက်လုပ်ပြီးစ တိုက်သစ်လေးကလည်း



www.burmeseclassic.com

www.burmeseclassic.com

ချစ်စရာလေးပင်။

"လာ. . . သမီး၊ ဒေါ်ဒေါ်စောင့်နေတာ ကြာပြီ"

ဒေါ်ခင်သူဇာက တိုက်ထဲ ဆွဲခေါ်သွားတော့ သူမဝင်ချင် ဝင်ချင်နှင့် ဝင်လိုက်ရသည်။

"ဖွားဖွားကြီး ပြချင်တာ နေဦး၊ ဒီမှာ သမီးပြချင်တာ ဒေါ်လေးကို ပြလိုက်ဦးမယ်"

သမီးလေးဘုတ်က သူ့စာကြည့်စားပွဲမှ ဒိုင်ယာရီစာအုပ် အပြာလေးကို ယူလာပြီး. . .

"ဒေါ်လေး. . . ဒါ သမီးမေမေကြီး မသေခင် ရေးထားခဲ့တာလေ၊ သမီးဆို ဖတ်ပြီး နောက်ဆုံးစာမျက်နှာကို မလှန်ရဲဘူး၊ တကယ်လှန်ဖတ်ကြည့်လိုက်တော့ ပျော်သွားတယ်၊ ဒေါ်လေးလည်း သမီးလို ပျော်မှာပါ"

သမီးလေးဘုတ်စကားကို မေမြတ်စိုး နားမလည်သော် လည်း သွားလေသူ သူငယ်ချင်း နန်းကျော့နွယ်ကို သတိရလိုက် သည်။ ပြီးနောက် သူရေးထားခဲ့တာဆိုတော့ စိတ်ဝင်စားသွားပြီး ဒိုင်ယာရီ စာအုပ်လေးကို ဖွင့်ကာ နောက်ဆုံးစာမျက်နှာကို ကောက် ဖတ်မိလိုက်သည်။





## အခန်း(၃၄)

သမီးလေး. . . ဘုတ်

မေမေ မျှော်လင့်ထားခဲ့တဲ့ အကြီးမားဆုံး ဆန္ဒရှိတယ်၊ မေမေ့ဆန္ဒကို မေမေဆုံးပါးသွားပြီး နောက် သမီးလေး အသက် ဆယ်နှစ်ပြည့်မွေးနေ့ မှာ ဖြည့်ပေးဖို့ လိုအပ်လာပြီ။

မေမေ့ဆန္ဒကတော့. . .

မေမေနှင့် သမီးဖေဖေတို့ရဲ့ အချစ်ဆုံး ချစ်သူငယ်ချင်း သမီးဒေါ်လေးဘုတ်ကို တွေ့ အောင်ရှာပါ။ သမီးဒေါ်လေးဘုတ်ဟာ အပျိုကြီး ဘဝဲ ရှိနေဦးမယ်၊ ဘာကြောင့် မေမေပြော


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

သူ့လဲဆိုတော့ သမီးဒေါ်လေးဘာ့တ်ဟာ သူ့ဘဝ တစ်သက်မှာ တစ်ခါပွင့်လာတဲ့ အချစ်ပန်းကို သမီးဖေဖေအတွက် ဖြစ်ခဲ့လို့ပဲ။

စာကိုဖတ်ရင်း မေမြတ်စိုး အံ့သြသွားသည်။ သူ့အချစ်ကို မပြောဘဲ နန်းသိသွားပါလား။

နန်းက သိပြီး ဖြူးဝေယံ မသိတဲ့အဖြစ်ကို တွေးမိကာ ရင်မှာ ရှိုက်ပြီး မျက်ရည်များ တလိမ့်လိမ့်ချင်း စီးကျလာသည်။ မျက်ရည်သုတ်ကာ စာကို ဆက်ဖတ်လိုက်သည်။

ဒါတွေကို မေမေသိတဲ့အချိန်ဟာ နောက်ကျသွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန်ဟာ မေမေဟာ သမီးဖေဖေ အချစ်ကို လက်ခံပြီး ဖြစ်နေလို့ သမီး။ ဒါကြောင့် မေမေ မသိလို့ ယူခဲ့ရတဲ့ သမီးဒေါ်လေးရဲ့ရင်ထဲက ချစ်သူ သမီးဖေဖေကို မေမေ့ကိုယ်စား သမီး ကြည်ဖြူစွာနဲ့ သမီးဒေါ်လေးအား ပြန်ပေးလိုက်ပါ သမီး။

သူတို့နှစ်ဦး ကြည်ဖြူလို့ လက်တွဲကြရင် သမီး လိုလိုလားလား လက်ခံလိုက်ပါနော်။

ဘာလို့ မေမေပြောရလဲဆို သမီးဖေဖေရဲ့နှလုံးသားကို အစစ်အမှန် နားလည်ပြီး ပိုင်ဆိုင်သင့်တဲ့သူဟာ သမီးဒေါ်လေးဘာ့တ်ကလွဲပြီး ဘယ်သူမှ မဖြစ်နိုင်ဘူး သမီး။ သူ့အချစ်တွေဟာ မေမေ သမီးအဖေပေါ်မှာ ချစ်တဲ့





အချစ်တွေထက်တောင် ပိုပါတယ်။

သမီးလေးကို အမေတစ်ယောက်လို ချစ်ခင်ယုယကြင်နာနိုင်တဲ့ သမီးဒေါ်လေးဘာ့တ်ဟာ မေမေ့သမီးလေးကို မေမေ့လိုမျိုးပဲ အချစ်တွေ ပေးမယ်ဆိုတာ မေမေယုံကြည်တယ်လေ။

သမီးလေး မေမေ့ဆန္ဒ ဖြည့်ဆည်းပေးရမယ်နော်။

သမီးလေးကို
ချစ်တဲ့မေမေ
နန်း

စာအောက်က ချစ်သူငယ်ချင်း နန်း လက်မှတ်လေးကို တွေ့ပြီး မေမြတ်စိုးရင်ထဲ ဟန်မဆောင်နိုင်တော့ဘဲ သမီးလေးကို ဖက်ပြီး ငိုကြွေးမိလိုက်သည်။

ရှိုက်သံနှင့်အတူ. . .

"သမီးလေးရယ်. . . ဒေါ်လေး သမီးလေးဆန္ဒကို မဖြည့်ဆည်းပေးနိုင်တာကို ခွင့်လွှတ်ပါကွယ်"

ဆိုနှင့်ကြေကွဲစွာ 'ရင်ထဲကပဲ ပြောနေသော မေမြတ်နိုး စကားသံတို့က အပြင်သို့ ထွက်မလာ။

"သမီး. . . ဒေါ်လေးကို စာပေးဖတ်ပြီးပြီဆိုရင် ဒေါ်လေး လို့ မခေါ်ရတော့ဘူး. . . ပြောင်းခေါ်တော့လေ"

"မေမေ"

"ဟင်. ."



www.burmeseclassic.com

www.burmeseclassic.com

မေမြတ်စိုးကို ပြေးဖက်ပြီး ရင်ခွင်ကြားထဲ ပြေးဝင်လာသော သမီးလေးဘုတ်က သူ့ကို မေမေတဲ့။

အံ့အားသင့်သွားသည်။ နောက်လှည့်ကြည့်လိုက်တော့ ဖြိုးဝေယံတို့ ဘယ်တုန်းက ရောက်နေမှန်းမသိ။

"ဖြိုးဝေယံ. . နင်. . နင် ဘာတွေလျှောက်လုပ်နေတာလဲ"

"ငါ ဘာမှမလုပ်ပါဘူး၊ အရင်အတိုင်းပါပဲ"

"နင်. . နင်. . မိန်းမယူတော့မယ်ဆိုပြီး"

မြသီရိ မျက်နှာပြင်ဝယ် ပန်းနုရောင်သန်းသွားကာ. . .

"ထင်တော့ ထင်သားပဲ ဆရာရယ်၊ ဆရာကတော့ မြသီရိကို ခေါင်းရောင်းပြီဆိုတာ"

မြသီရိက သွက်လက်စွာနှင့်ပင်. . .

"ဒီလို မမဘုတ်ရဲ့၊ ကျွန်မက မမဘုတ် ခင်ပွန်းဖြစ်တော့မယ့် ကိုဖြိုးဝေယံရဲ့အတွင်းရေးမှူးပါ၊ ဒါကြောင့် ကျွန်မနဲ့ဆရာ တပူးတတွဲတွဲ ရှိနေတော့ တမျိုးမြင်မှာပေါ့"

ခုမှပဲ မေမြတ်စိုးရင်ထဲ သက်ပြင်းလေး ချလိုက်ရသည်။ ကိုယ့်အတွေးနှင့်ကိုယ် ဆွေးမိသည်ကို တွေးမိလိုက်ကာ ရှက်သွားသည်။

ပြီးနောက် ကြိုမပြောဘဲ မေမြတ်စိုးကို ဖြိုးဝေယံ တစ်ယောက် ငယ်မူမပျောက် ငယ်စဉ်ကလို ကျီစားသည်ကို သိလိုက်ပြီး

"နေပါဦး ဖြိုးဝေယံ၊ နင့်ကို အဖြေပေးပြီးပြီမို့ ဒီလို အပိုင်လုပ်တာလား"

"ပေးပြီးပြီလေ"

"ဘယ်မှာ ပေးလို့လဲ"

☺ အောင်မြင်စာပေ ☺



မေမြတ်စိုးက မျက်စောင်းလှလှလေး ထိုးရင်း မေးလိုက်သည်။

"တစ်ခါတုန်းက ချောင်းသာမှာလေ"

ဖြိုးဝေယံက ပြုံးစိစိနှင့် ဖြေလိုက်တော့. . .

ချောင်းသာဝယ် သူ့ရင်ခွင်မှာ နွေးစေခဲ့တာ သတိရလိုက်ပြီး မေမြတ်စိုးမျက်နှာ ထူအမ်းကာ ရှက်သွားပြီး. . .

"အိုး. . . ကလေးတွေရှေ့ ဘာတွေလျှောက်ပြောနေတာလဲ"

သမီးလေးဘုတ်က. . .

"ဒေါ်လေး. . အဲ. . မေမေကလည်း တော်တော်ဝေးတာပဲ၊ ဟိုတစ်ခါကတည်းက သမီးပြောလို့ သိမယ်ထင်တာ၊ ခုကျမှပဲ သဘောပေါက်တော့လား"

"သမီးကလဲ. ."

လူကြီးရှက်တော့ မနေတတ်၊ မေမြတ်စိုးမှာ သမီးလေးဘုတ်ကို ပွေ့ဖက်ရင်း အရှက်ကို ဖြေလိုက်သည်။ ရင်ထဲမှာတော့ အပြုံးပီတိဝေနေသည်။

ဖြိုးဝေယံက မေမြတ်စိုးကို ကြည့်ရင်း ငယ်ငယ်က အဖြစ်အပျက်ကလေး တွေးမိသွားကာ. . .

"ဟဲ့. . . ဘုတ်"

"ဘာတုန်း. ."

"နင်နဲ့ငါ ကျောင်းတုန်းကလို နင်ယောကျ်ားလေး ဖြစ်ချင်တဲ့ဆေး ငါဆီက မတောင်းတော့ဘူးလား"

"မညစ်ပတ်နဲ့နော် ကောင်စုတ်"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

ဖြိုးဝေယံက ဗိုက်ကို လက်တစ်ဖက်က နှိပ်၊ မျက်နှာက ရှုံ့တွ ကုန်းကွကွ လုပ်ကာ သမီးလေးဘုတ်ကို ဟန်ပန်အမူအယာဖြင့်. . .

"အဲဒီတုန်းက သမီးမေမေလေး ယောကျ်ားလေး ဖြစ်ချင်လို့ ဖေဖေတိုက်တဲ့ဆေး သောက်လိုက်တာ၊ ဟီး. . ဟီး၊ ယောကျ်ားလေးတော့ မဖြစ်ဘူး၊ အိမ်သာထဲမှာ ဖွားကနဲ ဖွားကနဲ နေတာပဲ"

"သေပေတော့ ကောင်စုတ်"

မေမြတ်စိုးက ပြေး၍ လက်သီးဆုပ်လေးဖြင့် ထုလာသော လက်ကလေးကို ဖြိုးဝေယံက ဖမ်းပြီး ရင်ခွင်ထဲ ပွေ့ဖက်ထားလိုက်သည်။

အားလုံး၏ကြည်နူးပျော်ရွှင်သော ရယ်မောသံများက သံစဉ်တေးသွားလေးလို စီးမျောသွားလေသည်။

ပါးလ်ခင်ခင်

၁.၇.၂၀၀၈





www.burmeseclassic.com